လောကပါလဥပဒေရေးရာစာစောင်

အမှတ်စဉ် (၃၃) – ၂၀၀၉ ခုနှစ်၊ ဧပြီလ

မြန်မာနိုင်ငံရှေ့နေများကောင်စီ

ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)

ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**
မူပိုင် – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**
မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပြူတာစာစီ – သူရိန်၊ သန်းနိုင်ထွေး
သတ်ပုံသတ်ညွှန်း – ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့

ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။

ဥပဒေ ပညာဖြင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်အံ့

မြန်မာနိုင်ငံရှေ့နေများကောင်စီ

P.O. Box 144, Mae Sot, Tak- 63110, Thailand
E-mail ; blcsan@ksc.th.com, Website; www.blc-burma.org

လောကပါလဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၃၃)၊ ၂၀၀၉ ခုနှစ်၊ ဧပြီလ

မာတိကာ

စာမျက်နှာ

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ

- တိုင်းရင်းသားအခွင့်အရေးနှင့် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ – အပိုင်း(၅၄) ၄
- တိုင်းရင်းသားအခွင့်အရေးနှင့် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ – အပိုင်း(၅၅) ၉
- တိုင်းရင်းသားအခွင့်အရေးနှင့် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ – အပိုင်း(၅၆) ၁၄
- တိုင်းရင်းသားအခွင့်အရေးနှင့် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ – အပိုင်း(၅၇) ၁၈
- တိုင်းရင်းသားအခွင့်အရေးနှင့် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ – အပိုင်း(၅၈) ၂၂
- တိုင်းရင်းသားအခွင့်အရေးနှင့် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ – အပိုင်း(၅၉) ၂၆
- တိုင်းရင်းသားအခွင့်အရေးနှင့် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ – အပိုင်း(၆၀) ၃၀

တရားစီရင်ရေးဆိုင်ရာ

- ရှေ့နေများကို ဖမ်းဆီးထောင်ချမှုအပေါ် ရှေ့နေတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း ၃၄

ဥပဒေစိုးမိုးရေး

- အင်းစိန်ထောင်တွင်းတရားရုံးမှ ဒေါက်တာတင်မင်းထွတ်နှင့် ဦးညီပုတို့အား ထောင်ဒဏ်ချမှတ် သည့်အပေါ် သုံးသပ်တင်ပြခြင်း ၃၉
- မတရားအသင်းအဖြစ် ကြေငြာခြင်းခံထားရသော အသင်းအဖွဲ့များကို ပြန်လည်ရုပ်သိမ်း ပေးသင့်ကြောင်း ဥပဒေရေးရာ ထုတ်ပြန်ကြေငြာချက် ၄၃
- မြန်မာနိုင်ငံတရားရုံးများနှင့် အာဏာပိုင်များ၏ အဂတိလိုက်စားမှုများအပေါ် သုံးသပ်ချက် ၄၅
- မြန်မာနိုင်ငံရှေ့နေများကောင်စီအား မတရားအသင်းဖြစ်ကြောင်း ကြေငြာချက်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက် ၄၇

မြန်မာရွှေ့ပြောင်းအလုပ်သမားများရေးရာ

- ထိုင်းနိုင်ငံသားမဟုတ်သူများ၏ မွေးဖွားကြောင်း အကြောင်းကြားခြင်းနှင့် မွေးစာရင်းထုတ်ပေးခြင်း ၄၉
- မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေး အပေါ် သဘောထားထုတ်ပြန်ကြေငြာချက် ၅၆

မာတိကာ

စာမျက်နှာ

မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ လုပ်ရှားမှုမှတ်တမ်းများ

- ပြည်ထောင်စုဥပဒေအကယ်ဒမီ အမှတ်စဉ်(၂)ဖွင့်လှစ်ခြင်း ၅၈
- ဥပဒေဆိုင်ရာ ရက်တိုသင်တန်းပြုလုပ်ခြင်း ၆၄

လောကပါလ ဥပဒေရေးရာစာစောင်

အမှတ်စဉ် [၃၃]

၂၀၀၉ ခုနှစ်၊ ဧပြီလ

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ

(အောက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဆောင်းပါးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး ရေးသားပြုစုကာ ဒီမိုကရက်တစ် မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့ပြီးသော အခြေခံဥပဒေရေးရာဆောင်းပါးများကို ခွင့်ပြုချက်ဖြင့် ပြန်လည်တင်ပြခြင်းဖြစ်သည်။)



ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ

အပိုင်း (၅၄)

တိုင်းရင်းသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရှုဒေါင့်ကနေ ချည်းကပ်ပြီး အာမခံချက်ပေးသင့်တယ်ဆိုတဲ့ အချက်ကိုတော့ ယေဘုယျအားဖြင့် အငြင်းမပွားဘဲ လက်ခံကြတာများပါတယ်။ ဒါပေမယ့် အရေးကြီးတာက ဘယ်လောက်အထိအောင် အလေးအနက်ထားပြီး ချည်းကပ်လေ့လာမလဲဆိုတာပါဘဲ။ ဒီနေရာမှာတော့ အစွန်းနှစ်ဘက်ကို ရှောင်ဖို့လိုပါမယ်။ အစွန်းတဘက်ကတော့ လေးနက်မှု လွန်ကဲလွန်းအားကြီးသွားတာကြောင့် စစ်မှန်တဲ့ပြည် ထောင်စုတရပ် ပေါ်ပေါက်လာအောင် မဖြစ်မနေ တည်ဆောက်ဖို့ကြိုးစားသွားမယ်ဆိုတဲ့ အခြေခံမျိုးနဲ့ မချည်းကပ်တော့ဘဲ ကိုယ့်သမိုင်းကြောင်းနဲ့ ကိုယ်လူမျိုးစု

အရေးကိုသာ အဓိကထားပြီး ကိုယ့်လမ်းကို ကိုယ့်ဘာသာကိုယ် လျှောက်တော့မယ်ရယ်လို့ ဆုံးဖြတ်လုပ်ကိုင်လာနိုင်တာတွေဖြစ်တယ်။

အခြား အစွန်းတဘက်ကတော့ တိုင်းရင်းသား လူမျိုးတွေရဲ့ သမိုင်းကြောင်းနဲ့ အရေးကိစ္စတွေကို အလေးအနက် စနစ်တကျ မလေ့လာဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ ချဉ်းကပ်တာဖြစ်တယ်။ ဒါမှမဟုတ် တိုင်းရင်းသားလူမျိုးတွေရဲ့ သမိုင်းကြောင်းနဲ့ အရေးကိစ္စတွေကို သိတန်သရွေ့ သိပါရက်နဲ့ သူတို့ရဲ့ အခွင့်အရေးတွေကို အသိအမှတ်ပြုဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဝိုင်းဝန်းဖော်ဆောင်ပေးဖို့ ကြိုးပမ်းအားထုတ်မှု မပြုကြတာဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ဒီအခြေအနေနှစ်ရပ်စလုံး၊ အစွန်းနှစ်ဘက်စလုံးဟာ တတိုင်းပြည်လုံးအတွက်ရော၊ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးစုအသီးသီးအတွက်ပါ မကောင်းတဲ့ ကိစ္စ၊ ဖြစ်လည်း မဖြစ်သင့်တဲ့ ကိစ္စတွေပါဘဲ။

ပြီးခဲ့တဲ့ ရက်သတ္တပတ်ထဲက သတင်းတခု ထွက်လာပါတယ်။ အဲဒါက ဘာလဲဆိုတော့ မွန်ပြည်နယ်က မွန်ကျောင်းတွေမှာ မွန်စာပေကို သင်ကြားခွင့်မပြုတော့ဘူးဆိုတဲ့ သတင်းပါ။ မွန်ပြည်သစ်ပါတီဟာ နအဖနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ပြီးတဲ့ နောက်မှာ လူထုကို ကောင်းကျိုးပြုဖို့ ကြိုးစားတဲ့ကိစ္စရပ်တွေအနက် တရပ်ကတော့ မွန်ဘာသာနဲ့သင်ကြားတဲ့ ကျောင်းတွေကို တိုးချဲ့တည်ထောင်ခဲ့တာဖြစ်ပါတယ်။ နအဖ ဟာ မွန်ပြည်သစ်ပါတီကို နိုင်ငံရေးကစားချင်တဲ့ အခါတွေမှာ မွန်ဘာသာ သင်ကြားခွင့်ကို ပိတ်လိုက် ဖွင့်လိုက် လုပ်လေ့ရှိပါတယ်။ အခုတခါ ထပ်လုပ်ပြန်ပြီလို့ သတင်းကြားရပြန်ပါပြီ။ နောင်ကို ဒါမျိုး ဘယ်တော့မှ လုပ်လို့မရနိုင်အောင် မွန်စာပေ သင်ကြားခွင့် အပါအဝင် တိုင်းရင်းသားလူမျိုးတွေရဲ့ ဘာသာစာပေ သင်ကြားခွင့်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘယ်လိုချဉ်းကပ်သင့်တယ်ဆိုတာကို သုံးသပ်ဖို့လိုအပ်လာပါတယ်။ ဒီလိုသုံးသပ်နိုင်ဖို့ဆိုရင် မွန်လူမျိုးတွေအတွက် မွန်စာပေသင်ကြားခွင့်ဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတဲ့အချက်ကို သိရှိခံစားနိုင်ဖို့ သမိုင်းကြောင်းအခြေခံကို ပြန်လည်လေ့လာရမှာ မလွဲကေန်ပါဘဲ။ ဒါမှသာ တိုင်းရင်းသားလူမျိုးတွေရဲ့ ရေးရာကိစ္စတွေကို အလေးအနက် ထားရာရောက်မှာဖြစ်ပါတယ်။

သမိုင်းမှာ မွန်လူမျိုးတွေဟာ အခြားတိုင်းရင်းသားလူမျိုးအတော်များများထက်စောပြီး တိုင်းပြည်ထဲကို ဝင်ရောက် အခြေစိုက်နေထိုင်ခဲ့တာ၊ အစောပိုင်းရာစုနှစ်တွေကတည်းက အိန္ဒိယ ယဉ်ကျေးမှုနဲ့ ထိတွေ့ခဲ့တာ၊ ထေရဝါဒ ဗုဒ္ဓဘာသာကို ပထမဆုံး စတင်လက်ခံကျင့်သုံးခဲ့တာ၊ မွန်စာအက္ခရာတွေကို တိုးတက်အောင်လုပ်ဆောင်ခဲ့တာ၊ အိန္ဒိယ ဥပဒေတွေကို မွန်တို့ရဲ့ ဒေသဆိုင်ရာ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင် ပြောင်းလဲကျင့်သုံးခဲ့တာ၊ အေဒီ ၁၀၆၇ ခုနှစ် ခန့်ရောက်မှ အနော်ရထာမင်းစောလက်ထက်မှာ မွန်တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ခံခဲ့ရတာ၊ မွန်လူမျိုးတွေဆီကနေ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုတွေ အတော်များများကို မြန်မာတွေ လေ့လာခံယူကျင့်သုံးခဲ့ရတာတွေဟာ သမိုင်းမှာ ထင်ရှားတဲ့ ငြင်းကွယ်လို့မရတဲ့အချက်တွေဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရင်က မွန်ဘာသာစာပေ အဆင့်အတန်းမြင့်ပုံကို အောက်ပါအတိုင်း သုံးသပ်ရေးသားသွားခဲ့ဖူးပါတယ်။ ကျုန်စစ်သားမင်း လက်ထက် ရေးထိုးသော ပုဂံရွှေစည်းခုံကျောက်စာ၊ ပြည်ရွှေဆံတော်ကျောက်စာတို့ <u>လာ</u>မွန်ဘာသာ အရေးအ

သားသည် အဆင့်အတန်းမြင့်ရကား မွန်ဘာသာ အရေးအသား သက်တမ်းရင့်ကျက် ကြာညောင်းခဲ့ရမည်အမှန်ဖြစ်ရာ အနော်ရထာမင်းလက်ထက်တွင် မွန်ဘာသာဖြင့် စာပေရှိရပေမည်။

ချုပ်ပြောရရင်တော့ မွန်လူမျိုးဟာ သူ့ထီး သူ့နန်းနဲ့၊ သူ့ဘုရင် သူ့အရှင်နဲ့၊ သူ့လူမျိုး သူ့စာ သူ့စကားနဲ့ သူ့နိုင်ငံသူတည်ဆောက်ပြီး ငွားငွားစွင့်စွင့် မြင့်မြင့်မားမား ရပ်တည်လာတဲ့ လူမျိုးဖြစ်တယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရနိုင်ပါဘူး။ သမိုင်းမှာ အင်မတန်ထင်ရှားပြီး စာလေမျိုးနဲ့ ရေးထိုးထားခဲ့တဲ့ မြစေတီကျောက်စာမှာ တမျိုးကတော့ မွန်စာပါဘဲ။ စာပေနဲ့ စကားပျောက်ကွယ်သွားရင် လူမျိုးပါပျောက်မယ်ဆိုတာ လူတိုင်းသိကြတဲ့ ကိစ္စပါ။ ဒါကြောင့် မြန်မာနိုင်ငံသမိုင်းမှာ ရှေ့အကျဆုံး၊ အရင့်ကျက်ဆုံး စာပေတွေထဲက တရပ်အဖြစ် ရပ်တည်လာခဲ့တဲ့ မွန်စာပေကို မွန်လူမျိုးတွေ ဘယ်လောက်အထိ လေးစားမြတ်နိုးကြမယ်ဆိုတာ အလွယ်တကူနားလည်နိုင်တာ ဖြစ်ပါတယ်။

မြန်မာစာကို ကျောင်းတွေမှာ သင်ကြားခွင့်ပေးရင် ဘာကြောင့် မွန်စာကိုတော့ သင်ကြားခွင့် မပေးရတာလဲ။ အခုလို သမိုင်းမှာ အထင်ကရတည်ရှိခဲ့တဲ့ လူမျိုးကြီးတမျိုးရဲ့ စာပေသင်ကြားခွင့်ကိုတောင် ကလေးကစားသလို ပိတ်လိုက် ဖွင့်လိုက် လုပ်နေရင် အခြားလူမျိုးတွေရဲ့ စာပေသင်ကြားခွင့် အာမခံချက် ဘယ်မှာရှိမှာလဲ။ ကိုယ့်တိုင်းရင်းသားဘာသာ စာပေကိုတောင် လွတ်လပ်စွာသင်ကြားခွင့် မရှိတော့ဘူးဆိုရင် ပြည်ထောင်စုတည်ဆောက်တယ်ဆိုတာ ဘာအဓိပ္ပါယ်ရှိတော့မှာလဲ။ မြန်မာစာကိုတော့ သင်ကြားခွင့်ပေးထားပြီး အခြားတိုင်းရင်းသားဘာသာ စာပေသင်ကြားခွင့်၊ ဖြန့်ဖြူးခွင့်တွေကို ချုပ်ချယ်တာ၊ ပိတ်ပင်တာ၊ ကန့်သတ်တာတွေဟာ ခွဲခြားဆက်ဆံတာမဟုတ်ဘူးလား၊ အစရှိသဖြင့် မေးစရာ မေးခွန်းပေါင်း သောင်းခြောက်ထောင် ပေါ်လာပါတော့တယ်။

ဒါတွေနဲ့ ဆက်စပ်ပြီး လေ့လာကြည့်တဲ့အခါ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အောက်ပါအတိုင်း ပြဋ္ဌာန်းပါရှိခဲ့တာ တွေ့ရပါတယ်။ ပုဒ်မ (၂၃) နိုင်ငံတော် ပညာသင်ကျောင်းများသို့ ဝင်ခွင့်ပြုရန်ကိစ္စနှင့် စပ်လျှဉ်း၍ ကိုးကွယ်ရာဘာသာ၊ လူမျိုး၊ ဘာသာစကားတို့ ကို အကြောင်းပြကာ မည်သည့် လူနည်းစုကိုမျှ ခွဲခြားတားမြစ်ခြင်းမပြုရ။

ဒီပြဋ္ဌာန်းချက်နောက်ခံကနေပြီး သမိုင်းကို ပြန်လည်လေ့လာကြည့်တဲ့အခါ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည်ဘက်ခေတ်မှာ မွန်စာပေသင်ကြားခွင့်ကို အထိုက်အလျောက် အားပေးခံခဲ့ရကြောင်း တွေ့ရပါတယ်။ ၁၉၅၃ ခုနှစ်၊ ဇူလိုင်လမှာ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနကနေ ကြေညာချက်တရပ်ထုတ်ခဲ့တယ်။ အဲဒါကတော့ မွန်၊ မြန်မာ ဂန္ထဝင်စာပေတွေကို ရွေးချယ်စီစစ်ပြီး ပုံနှိပ်ထုတ်ဝေသွားမယ်လို့ ယဉ်ကျေးမှုဆိုင်ရာ ပြည်ထောင်စု အကြံပေး ဘုတ်အဖွဲ့က ဆုံးဖြတ်လိုက်တယ်ဆိုတဲ့ အချက်ပါဘဲ။ ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလမှာ ပြည်ထောင်စု ယဉ်ကျေးမှုတရပ်အနေနဲ့ မွန်ယဉ်ကျေးမှုကို တိုးတက်အောင်လုပ်ဖို့ မော်လမြိုင်မှာ ပြည်တော်သာ မွန်ယဉ်ကျေးမှုကွန်ဖရင့်ကို ကျင်းပခဲ့တယ်။ အဲဒီကွန်ဖရင့်မှာ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်ခဲ့တဲ့ ဦးနုက မွန်ယဉ်

ကျေးမှုတွေ ပြန်လည်သက်ဝင်နိုးကြားလာဖို့ဟာ မွန်လူမျိုးတွေရဲ့ အကျိုးစီးပွား တခုထဲ မဟုတ်ဘူး၊ တိုင်းပြည်ရဲ့ အကျိုးစီးပွားလည်းဖြစ်တယ်လို့ မိန့်ခွန်းပြောခဲ့ပါတယ်။ မွန်ယဉ်ကျေးမှုတွေ ပြန်လည်သက်ဝင်နိုးကြားလာဖို့ဆိုတာ ဘာသာစကား၊ စာပေ၊ တေးဂီတနဲ့ အကတွေ ပြန်လည်အားကောင်းလာဖို့ ဖြစ်တယ်လို့လည်း ရှင်းပြခဲ့ပါသေးတယ်။ ဒီလိုဖြစ်ဖို့အတွက် ပြည်ထောင်စုအစိုးရအနေနဲ့ ချမှတ်ထားတဲ့ မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက် သွားမယ်လို့ ကတိပြုခဲ့တယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်အခြေခံပြီး တည်ဆောက်ခဲ့တဲ့ ပြည်ထောင်စုကို စစ်မှန်တဲ့ ပြည်ထောင်စုရယ်လို့ တိုင်းရင်းသားတွေက လက်မခံကြပါဘူး။ တဝက်တပျက် အဆင့်လောက်ဘဲရှိတယ်လို့ သုံးသပ်သူတွေများကြပါတယ်။ ဒါပေမယ့် ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေအောက်မှာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပေးခံခဲ့ရတာတွေ အထိုက်အလျောက်ရှိခဲ့တယ်ဆိုတာ မငြင်းနိုင်ကြပါဘူး။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာခဲ့တဲ့ အခါမှာ တိုင်းရင်းသားတွေရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ကျင့်သုံးဖော်ဆောင်ခွင့်တွေ အခြေအနေပိုပြီး ဆိုးသွားခဲ့ပါတယ်။ အောက်ပါပြဋ္ဌာန်းချက်ကို လေ့လာကြည့်ပါ။

ပုဒ်မ (၂၁) (ခ) တိုင်းရင်းသားလူမျိုးများသည် မိမိတို့ကိုးကွယ်သည့် ဘာသာနှင့် ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့ကို ဥပဒေများနှင့်ဖြစ်စေ၊ အများအကျိုးနှင့်ဖြစ်စေ မဆန့်ကျင်လျှင် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပြုစုပျိုးထောင်ခွင့်၊ ပြောဆိုရေးသားကျင့်သုံးခွင့်ရှိသည်။

တိုင်းရင်းသား လူမျိုးအသီးသီးရဲ့စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေဟာ အရေးကြီးတယ်၊ အဲဒါတွေကိုကျင့်သုံးခွင့်ပြုဖို့၊ ကာကွယ်စောင့်ရှောက်ပေးဖို့လိုတယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အဲသည်အတိုင်း ရိုးရိုးရှင်းရှင်း ထည့်သွင်းပြဋ္ဌာန်းလိုက်ရုံသာရှိပါတယ်။ **ဥပဒေများနှင့်ဖြစ်စေ၊ အများအကျိုးနှင့်ဖြစ်စေ မဆန့်ကျင်လျှင်** ဆိုတဲ့ ကန့်သတ်ချက်ကို ထည့်ဖို့မလိုပါဘူး။ အဲသလို ထည့်ထားတဲ့အတွက် အုပ်ချုပ်ရေးအာဏာပိုင်တွေရဲ့ အလိုကျ ချုပ်ချယ်ကန့်သတ်တာတွေ တလျှောက်လုံးခံခဲ့ရပါတယ်။

ဒီအခြေခံတွေကနေ လက်ရှိနအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက်လေ့လာ ကြည့်တဲ့အခါ အောက်ပါပြဋ္ဌာန်းချက်တွေကို တွေ့ရပါတယ်။

ပုဒ်မ (၂၂) နိုင်ငံတော်သည်

(က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။

သာမန်ဖတ်ကြည့်လိုက်ရင်တော့ ကောင်းသလိုလိုပါဘဲ။ ဒါပေမယ့် အသေအချာ သုံးသပ်ကြည့်ပါ။ တိုင်းရင်းသားတွေကို အခွင့်အရေးပေးထားတဲ့ ပြဋ္ဌာန်းချက်မဟုတ်ဘူး။ အစိုးရကို တာဝန်ပေးထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်နေပါတယ်။ ဆိုလိုချင်တာက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်း

ချက်ကိုထောက်ပြပြီး ကျုပ်တို့တိုင်းရင်းသားတွေမှာ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရှိတယ်လို့ တောင်းဆိုလို့မရဘူး။ အစိုးရမှာ တာဝန်ရှိတယ်လို့သာ ထောက်ပြခွင့်ရှိမယ့် ပြဋ္ဌာန်းချက်ဖြစ်တယ်။ ဒါပေမယ့် ဘယ်လောက်ဘဲ ထောက်ပြပါစေ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံးမှာ အစိုးရရဲ့လုပ်ဆောင်မှုတွေကို ကြပ်မတ်စစ်ဆေးခွင့်ရှိတဲ့ ပြဋ္ဌာန်းချက် တခုမှုမပါပါဘူး။ အစိုးရအနေနဲ့ လုပ်ဆောင်ဖို့တာဝန်ရှိပါလျက်နဲ့ မလုပ်ဆောင်ဘဲနေတာ၊ မလုပ်ဆောင်သင့်တာတွေကို လုပ်ဆောင်တာ စတာတွေအပေါ် အရေးယူဆောင်ရွက်နိုင်တဲ့ တိုင်းပြည်အဆောက်အအုံ ယန္တယားဆိုလို့ တခုတလေမှုမရှိပါဘူး။ ဒါကြောင့် တိုင်းရင်းသားတွေရဲ့စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေကို လွတ်လပ်စွာကျင့်သုံးဖို့ ကြိုးပမ်းမှုတွေအပေါ် အစိုးရရဲ့ စိတ်ထင်တိုင်း လိုလျှင်လိုသလို ခွင့်ပြုတာ၊ မလိုရင် မလိုသလို ကန့်သတ်ချုပ်ချယ်တာတွေကို ၂၀၀၈ ခုနှစ် နဝဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ
အပိုင်း (၅၅)

တိုင်းရင်းသားတွေရသင့်ရထိုက်တဲ့ အခွင့်အရေးအခြေခံကနေ ပြည်ထောင်စုတည်ဆောက်ရေးကို စဉ်းစားရာမှာ အတိတ်သမိုင်းက ဖြစ်ရပ်တွေသာမက လက်ရှိမျက်မှောက်ကာလတဝိုက်မှာ ဖြစ်ပွားနေတဲ့ ဖြစ်ရပ်တွေကိုပါ လေ့လာသုံးသပ်ဖို့လိုမှာဖြစ်ပါတယ်။ ဒါမှသာ လက်ရှိဖြစ်ပွားနေတဲ့ ဖြစ်ရပ်ဆိုးတွေ ရပ်တန့်သွားအောင် အမြန်ဆုံးလုပ်ဆောင်နိုင်မှာဖြစ်ပြီး နောင်အနာဂါတ်မှာလည်း ဒါမျိုးတွေမဖြစ်အောင်ရှောင်ကြည်နိုင်ဖို့ အုတ်မြစ်ချနိုင်မယ်။ တိုင်းပြည်ရဲ့ အမြင့်ဆုံးဥပဒေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်းနိုင်မှာလည်း ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အာဏာသိမ်းမှုကို ပြန်လည်သုံးသပ်ရင် တိုင်းရင်းသား ခေါင်းဆောင်တွေအနေနဲ့ စစ်မှန်တဲ့ပြည်ထောင်စုကြီး ပြန်လည်တည်ဆောက်ဖို့ ကြိုးပမ်းချက် အပေါ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်တဲ့ စစ်ခေါင်းဆောင်တစုက လက်ဦးမှုရယူပြီး ပြည်ထောင်စုမပြိုကွဲရေးဆိုတဲ့ အဓိကအကြောင်းပြချက်နဲ့ အာဏာသိမ်းခဲ့တာဆိုတာကို တွေ့ရပါလိမ့်မယ်။ အဲသည်အချိန်ကထဲက တိုင်းပြည်ရဲ့အခြေအနေ ဆိုးဝါးလာလိုက်တာ ယနေ့ဆိုရင် လူထုအများစုကြီးဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေအရ ဘက်ပေါင်းစုံကနေ ကျဆင်းပြီး လူ့ဂုဏ်သိက္ခာတောင် ကင်းမဲ့တဲ့အခြေအနေတွေ ရောက်နေတယ်လို့ ပြောရပါလိမ့်မယ်။ ပြည်ထောင်စုတည်ဆောက်ရေးပြဿနာကို သင့်တင့်လျော်ကပ်စွာ မရှင်းနိုင်သမျှကာလပတ်လုံး သည်အဖြစ်ဆိုးတွေ ဆက်ဖြစ်နေကြဦးမှာပါ။

ပြီးခဲ့တဲ့နှစ် စက်တင်ဘာလထဲမှာ တပြည်လုံး သိမ့်သိမ့်တုန်သွားစေတဲ့ သံဃာ့လှုပ်ရှားမှုကြီး ဖြစ်ပွားခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ ဒါဟာ ရဟန်းသံဃာတွေ အပါအဝင် တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုအများစုကြီးဟာ စစ်အုပ်စုရဲ့ ဖိနှိပ်အုပ်ချုပ်မှုကို မလိုလားဘူးဆိုတာကို တခဲနက် ထပ်မံပြသလိုက်တာပါဘဲ။ စစ်ဖိနပ်အောက် ဖိနှိပ်ရက်စက်မှုတွေ အမျိုးမျိုးကြားကနေ ဒီလောက်အထိအောင် ကြီးမားတဲ့ သံဃာနဲ့ လူထုလှုပ်ရှားမှုကြီး ထပ်မံပေါ်ပေါက်လာတာတောင် မြန်မာ့နိုင်ငံရေးကို အတိုင်းအတာအတော်များများ ရိုက်ခတ်နိုင်စွမ်းရှိတဲ့ အာဆီယံရဲ့ သဘောထားအမြင်ဟာ အကောင်းဘက်ကို ဦးတည်မလာသေးဘူးလို့ ပြောရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သံဃာ့လှုပ်ရှားမှုကြီးဖြစ်ပြီးလို့ ရက်သတ္တနှစ်ပတ်ကျော်ကျော်လောက်ပဲ ရှိသေးတဲ့အချိန် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့မှာ အာဆီယံဥက္ကဋ္ဌလုပ်တဲ့ စင်္ကာပူ နိုင်ငံခြားရေးဝန်ကြီးက ပေးခဲ့တဲ့ သဘောထားမှတ်ချက်ကြောင့်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အမြောက်အများရှိပြီး အချင်းချင်း ပြန်တိုက်မှုတွေလည်းရှိနေတယ်။ နအဖက စစ်တပ်ကြီးနဲ့ ထိမ်းထားနိုင်လို့သာ ပြည်ထောင်စုတည်မြဲနေတာ။ သို့မဟုတ်ရင် မင်းမဲ့တိုင်းပြည် ဖြစ်သွားနိုင်တယ် ... တဲ့။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားတွေရဲ့ဘဝ၊ ခံစားချက်နဲ့ တိုက်ပွဲဝင်မှုတွေအကြောင်း ဂဃနန မလေ့လာဘူး သေးသူတွေဆိုရင် စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးပေးတဲ့ သဘောထားမှတ်ချက်ကို နားယောင်မိမှာ အမှန်မှာဘဲ။ အချက်အလက်အရဆိုရင် တချို့အစိပ်အပိုင်းတွေဟာ သူထောက်ပြစရာ ဖြစ်နေတာတွေကို တွေ့ရပါလိမ့်မယ်။ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး ပြောတဲ့ လေသံမျိုးကိုသုံးပြီး နအဖနဲ့ သူ့ရဲ့ စစ်တပ်ကြီးကိုဘဲ ကယ်တင်ရှင်လို သဘောထားနဲ့ ဆည်းကပ်ကိုးကွယ်နေကြသူတွေလည်း ပြည်တွင်းမှာ အမြောက်အများရှိနိုင်ပါတယ်။

လောကမှာ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာကို စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး ကောင်းမွန်စွာ သဘောပေါက်ပုံမရပါဘူး။ သူဟာ တိုင်းရင်းသားလူမျိုးတွေရဲ့ နစ်နာဆုံးရှုံးမှုတွေ ဖြစ်ပွားနေတဲ့ဒေသတွေမှာ ကိုယ်တိုင်ကိုယ်ကျ သွားရောက်နေထိုင်လေ့လာခဲ့ဘူးခြင်း မရှိတာလည်း သေချာပါတယ်။ ဒီလိုအခြေအနေနှစ်ရပ် ကင်းမဲ့နေသမျှကာလပတ်လုံး စင်္ကာပူနိုင်ငံ ခြားရေးဝန်ကြီးသာမက မြန်မာနိုင်ငံထဲက မည်သူမဆို မှားယွင်းတဲ့ သဘောထားအမြင်တွေ ရှိနေနိုင်ပါတယ်။ ဒီလိုသဘောထားအမြင်တွေ သုံးသပ်ချက်တွေဟာ စစ်မှန်တဲ့ ပြည်ထောင်စု တည်ဆောက်ရေး

အတွက် အထောက်အပံ့မဖြစ်စေဘဲ တိုင်းပြည်နဲ့ လူထုရဲ့အခြေအနေကို ပိုမိုဆိုးဝါးသွားစေတော့တာပါဘဲ။

တကယ်တော့ ဖိနှိပ်မှုဟာ **အကြောင်း**၊ တော်လှန်မှုဟာ **အကျိုး** ဖြစ်ပါတယ်။ ဖိနှိပ်မှုရှိနေသမျှ တော်လှန်မှု ရှိနေမှာပါဘဲ။ တိုင်းရင်းသားတွေကို သူတို့ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေမပေးဘဲ အတင်းအကြပ် ဆက်ပြီး ဖိနှိပ်အုပ်ချုပ်ထားသမျှကာလပတ်လုံး လက်နက်ကိုင်တော်လှန်မှု အပါအဝင် အခြားနည်းမျိုးစုံနဲ့ လှုပ်ရှားဖော်ဆောင်တဲ့ တော်လှန်မှုတွေ ရှိနေဦးမှာ အသေအချာဖြစ်ပါတယ်။ ကချင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တခုတည်း၊ ထီးထီးမားမားရှိခဲ့ရာကနေ သုံးခုလေးခုဖြစ်သွားအောင်လုပ်တာ၊ သူတို့အချင်းချင်း မသင့်မြတ်အောင် စီစဉ်တကျ ချမှတ်လုပ်ဆောင်နေတာ ဘယ်သူလဲ။ ရှမ်းနဲ့ ဝ တွေ အချင်းချင်းအကြားမှာ မသင့်မြတ်မှုတွေရှိလာအောင်၊ ရှိလာတဲ့ မသင့်မြတ်မှု ရေရှည်ဖြစ်ပေါ်နေအောင် မြောက်ပိုင်းက ဝ တွေကို တောင်ပိုင်းရှမ်းတွေရဲ့ အခြေချဒေသ အတော်များများမှာ ရွှေ့ပြောင်းနေရာချထားပေးတာတွေ လုပ်တာဘယ်သူလဲ။ ကရင်နဲ့ ကရင်ချင်း သတ်ဖြတ်မှုတွေရှိနေအောင် မတူတဲ့ ဘာသာရေးနှစ်ခုကိုမြှောက်ပေး၊ လက်နက်ကိုင်အဖွဲ့အစည်း တည်ထောင်ပေး၊ ဥပဒေနဲ့ ဆန့်ကျင်ပြီး လှုပ်ရှားလည်ပတ်ခွင့်တွေပေး၊ လိုအပ်တဲ့ ရုပ်ဝတ္ထုနဲ့ အခြားအခွင့်အရေးတွေပေးပြီး ရှုတ်ထွေးနေအောင် လုပ်တာတွေ ဘယ်သူလဲ။

အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ အခြေခံကနေ တိုင်းရင်းသား လူထုတွေအကြား၊ လက်နက်ကိုင်တိုက်ပွဲဝင်နေကြတဲ့ အဖွဲ့အစည်းတွေအကြားမှာ ဖြစ်ပွားနေတဲ့အကြောင်းရင်းတွေကို အသေအချာမလေ့လာဘဲ အလွယ်တကူ ကောက်ချက်ချနေကြသမျှကာလပတ်လုံး စစ်အာဏာရှင်တွေ သက်ဆိုးရှည်နေကြမယ်၊ စစ်မှန်တဲ့ပြည်ထောင်စု တည်ဆောက်ရေး အလှမ်းဝေးနေမယ်၊ လူထုတွေရဲ့ဘဝ ဆိုးသည်ထက်ဆိုးလာမယ်ဆိုတာကို သတိချပ်ဖို့ အချိန်ရောက်ပါပြီ။

စစ်မှန်တဲ့ပြည်ထောင်စုကြီးတည်ဆောက်သွားဖို့ ကြိုးပမ်းရာမှာ အရင်းခံအကျဆုံး ပြဿနာကို နိုင်ငံရေးစနစ်အခြေခံအရ ချဉ်းကပ်မယ်ဆိုရင်တော့ စစ်အာဏာရှင်စနစ်ပါဘဲ။ ဒီစနစ်ကြီးကို ပုံစံအမျိုးမျိုးနဲ့ တည်ဆောက်ပြီး သက်ဆိုးရှည်အောင် ကြိုးပမ်းနေကြသမျှကာလပတ်လုံး တိုင်းရင်းသားတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံတဲ့ ပြည်ထောင်စုတရပ် ပေါ်လာဖို့ဆိုတာ လုံးဝကိုမဖြစ်နိုင်ပါဘူး။

ပြည်ထောင်စုတည်ဆောက်ရေးကို လူ့အဖွဲ့အစည်းရှုဒေါင့်ကနေ အလေးအနက် ချဉ်းကပ်အဖြေရှာဖို့ ကြိုးစားမယ်ဆိုရင် **ယုံကြည်မှုကင်းမဲ့တဲ့ပြဿနာ** ကို တွေ့ရပါလိမ့်မယ်။ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံရသူလူထုအကြား၊ တိုင်းရင်းသားလူမျိုး တမျိုးနဲ့ အခြားတမျိုးအကြားမှာသာမက တိုင်းရင်းသားလူမျိုး တခုချင်းစီ အချင်းချင်းအကြားမှာကိုဘဲ ယုံကြည်မှုတွေ ကင်းမဲ့လာကြတာကိုတွေ့ရမှာပါ။ ပိုပြီးဆိုးတာက အုပ်ချုပ်သူနေရာမှာရှိနေပြီး ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေကို ဦးဆောင်ရေးဆွဲခဲ့တဲ့ နအဖ ဗိုလ်ချုပ်တွေ အချင်းချင်းအကြားမှာပါ ယုံကြည်မှု ကင်းမဲ့လာတဲ့ပြဿနာဖြစ်ပါတယ်။ အဆိုးဆုံးကတော့ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံရသူလူထုတွေအကြား၊ တိုင်းရင်းသား လူမျိုးတမျိုးနဲ့ အခြားတမျိုးအကြား၊ တိုင်းရင်းသား လူမျိုးတခုခြင်းစီအကြားမှာပါ

ယုံကြည်မှုတွေ ပြန်လည်ရရှိနိုင်မယ့် အခြေခံမျိုးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မချည်းကပ်ဘဲ **လက်ရှိအာဏာရနေတဲ့ နအဖ ဗိုလ်ချုပ်တစုရဲ့ ဘဝလုံခြုံမှု** ရနိုင်ဖို့ကိုသာ အဓိကထား ချည်းကပ်တဲ့ကိစ္စပါ။ အဲသည်အခါကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရဟာ ဘာမှ ရစရာမရှိအောင်ကို ပျက်စီးသွားပါတော့တယ်။

ဒီအချက်နဲ့ ဆက်စပ်ပြီး တိုင်းရင်းသားလူမျိုးတွေရဲ့ စာပေသင်ကြားခွင့်၊ ယဉ်ကျေးမှု ဖော်ဆောင်ခွင့်တွေကို တင်ပြပါမယ်။ ယခုလက်ရှိထောင်ထဲမှာ နှစ်ရှည်ပြစ်ဒဏ် ခံစားနေရတဲ့ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး ဟာ နအဖရဲ့ အမျိုးသားညီလာခံကို တက်ခွင့်ရခဲ့စဉ်တုံးက တိုင်း ရင်းသားတွေရဲ့ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုတွေနဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း ဆွေးနွေး သွားခဲ့တာကို မှတ်တမ်းတွေမှာ လေ့လာရပါတယ်။

သဘာပတိကြီးခင်ဗျား ...

အခြေခံဥပဒေ ရေးဆွဲရာမှာ အရေးကြီးတဲ့အခြေခံမူတခုကို ဆက်လက်တင်ပြလိုပါတယ်။ အဲဒါကတော့ တိုင်းရင်းသားတိုင်းသည် မိမိတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ ထုံးစံတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ခွင့်၊ ပြောဆိုရေးသား ကျင့်သုံးခွင့်ရှိသည်။ ထိုသို့ ဆောင် ရွက်ခြင်းအတွက် ပိတ်ပင်တားဆီးခြင်း၊ အနှောက်အယှက်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ ချယ်လှယ်ခြင်း မရှိစေရဆိုတဲ့ မူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အတွေ့

အကြုံအရပြောရရင် ရှမ်းတိုင်းရင်း သား ဘာသာစကားကို သင်ကြားရတာ များစွာ အခက်အခဲ ကြုံခဲ့ရပါတယ်။ ဒီအဖြစ်မျိုးဟာ လုံးဝမဖြစ်သင့်ပါဘူး။ ဒါကြောင့် ရှမ်းတိုင်း ရင်းသား ဘာသာ စကား စာပေအပါအဝင် ကျန်ရှိသော တိုင်းရင်းသား ဘာသာစကား စာပေများကို လွတ်လပ်စွာ သင်ကြားခွင့် ရရှိရေးအတွက် ဤမူကို တင်ပြရခြင်းဖြစ်ပါတယ်။

ဦးခွန်ထွန်းဦးရဲ့ အဲသည်တင်ပြချက်ဟာ ပြည်ထောင်စု ပြိုကွဲအောင်လုပ်နေတာလား၊ တိုင်းရင်းသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းခြင်းအားဖြင့် စစ်မှန်တဲ့ပြည်ထောင်စုတရပ် ပေါ်ပေါက်လာအောင် ကြိုးပမ်းနေတာလားဆိုတာကို လေ့လာခွင့်ရတဲ့ မည်သူမဆို အလွယ်တကူ သိရှိနိုင်မှာပါဘဲ။ တကယ်တော့ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းခဲ့စဉ်တုံးက ရှမ်းတိုင်းရင်းသားခေါင်းဆောင်ကြီးတွေရဲ့ တကယ့်အများစုဟာ စစ်မှန်တဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကြိုးပမ်းခဲ့ကြသူတွေဖြစ်သလို

ဦးခွန်ထွန်းဦး ခေါင်းဆောင်တဲ့ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခေါင်းဆောင်ကြီးတွေဟာ လည်း ထိုနည်းတူ ကြိုးပမ်းနေကြသူတွေ ဖြစ်ပါတယ်။

ဒါပေမယ့် နအဖ ကတော့ သည်လိုမမြင်ပါဘူး။ တိုင်းရင်းသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ပေးအပ်ပြီး စစ်မှန်တဲ့ ပြည်ထောင်စု တည်ဆောက်သွားဖို့ ရည်ရွယ်လုပ် ဆောင်ခြင်းမရှိပါဘူး။ သံသယနဲ့သာ ကြည့်မြင်တယ်။ စစ်ဗိုလ်ချုပ်တစုရဲ့ ဘဝလုံခြုံမှု အခြေခံ ကနေသာ ဖွဲ့စည်းပုံကို ချည်းကပ်တယ်။ တိုင်းရင်းသားတွေကို စာပေနဲ့ ယဉ်ကျေးမှုတွေ လွတ်လပ် စွာကျင့်သုံးခွင့်ပေးလိုက်ရင် စုစည်းမှု စည်းလုံးညီညွတ်မှု အားကောင်းသွားပြီး သူတို့ အာဏာ တည်မြဲမှုနဲ့ ဘဝလုံခြုံမှုကို ထိခိုက်မယ်။ သည်လို စဉ်းစားကြတာဖြစ်ပါတယ်။ ဒီတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးသားတဲ့ အတတ်ပညာကို သုံးစွဲ၊ နားလှည့်ပါးရိုက်ပြီး တိုင်းရင်းသားတွေကို အခွင့်အရေး ပေးသယောင်ယောင်နဲ့ ချုပ်ကိုင်ထားတဲ့ အနေအထားကို ဖန်တီးတယ်။ နအဖ ရဲ့ဖွဲ့စည်းပုံမှာပါတဲ့ အောက်ပါပြဋ္ဌာန်းချက်ကို လေ့လာကြည့်ပါ။

ပုဒ်မ (၃၆၅) နိုင်ငံသားတိုင်းသည် ဥပဒေနှင့် အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိ သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။

အဲသည်ပြဋ္ဌာန်းချက်ဟာ ဦးခွန်ထွန်းဦး တင်ပြခဲ့တဲ့ **တိုင်းရင်းသားတိုင်းသည် မိမိတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ခွင့်၊ ပြောဆိုရေးသားကျင့်သုံးခွင့်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းအတွက် ပိတ်ပင်တား ဆီးခြင်း၊ အနှောက်အယှက်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ ချယ်လှယ်ခြင်း မရှိစေ ရ** ဆိုတဲ့မူနဲ့ လုံးဝ ဖီလာဆန့်ကျင်နေတယ်။ ကန့်သတ်ချက်နှစ်ရပ်ဖြစ်တဲ့ **ဥပဒေနှင့်အညီ** ဆိုတဲ့ စကားလုံးနဲ့ **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန်** ဆိုတဲ့ စကား လုံးတွေအောက်မှာ ဆက်လက်ပြီး ချုပ်ချယ်ကန့်သတ်တာတွေ ခံသွားရလိမ့်မယ်ဆိုတဲ့အ ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ
အပိုင်း(၅၆)

ဖွဲ့စည်းပုံအခြေခံဥပဒေတွေ အပါအဝင် ဥပဒေတွေမှန်သမျှဟာ လူ့အဖွဲ့အစည်းနဲ့ တိုက်ရိုက် ဆက်စပ်မှုရှိတာဖြစ်တယ်။ ဥပဒေဆိုတာ မိုးပေါ်က ကျလာတာမဟုတ်၊ မြေကြီးထဲကနေ ပေါ်ထွက်လာတာလည်းမဟုတ်၊ လူ့အဖွဲ့အစည်းဝမ်းဗိုက်ထဲကနေ သန္ဓေတည် ပေါက်ဖွားလာတာပါ။ ဥပဒေဆိုတာ လူ့အဖွဲ့အစည်းကို လူမှုရေးအရ စီစဉ်တကျဖြစ်အောင်လုပ်ပြီး အဲသည်အခြေခံကနေ လူ့အဖွဲ့အစည်းရဲ့ တိုးတက်မှုကို ဖော်ဆောင်သွားဖို့ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေတွေမှန်သမျှဟာ လူ့အဖွဲ့အစည်းနဲ့ ကင်းကွာလို့မရ၊ ဖြစ်တည်နေတဲ့ လူ့အဖွဲ့အစည်းရဲ့ အနေအထားတွေကို လျစ်လျူရှုထားလို့မရ၊ လူ့အဖွဲ့အစည်းက လျှောက်လှမ်းချင်တဲ့ လမ်းကြောင်းကို ဥပက္ခာပြုထားလို့မရပါဘူး။ တိုင်းပြည်ဆိုတာ လူ့အဖွဲ့အစည်းကို စီစဉ်တကျ တည်ရှိလည်ပတ်၊ လှုပ်ရှားနိုင်အောင် နိုင်ငံရေးအခြေခံအရ စုစည်းထားတဲ့အရာပါဘဲ။ နိုင်ငံရေးအခြေခံအရ စုစည်းမှုကို ဥပဒေနဲ့ ခိုင်မာအောင်လုပ်ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာကတော့ အဲသလို ခိုင်မာအောင်လုပ်ဆောင်တဲ့နေရာမှာ အရေးအပါဆုံးဖြစ်သလို အမြင့်ဆုံးလည်းဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းနဲ့ ဥပဒေ (အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ) ရဲ့ ဆက်စပ်မှု၊ အပြန်အလှန်သက်ရောက်မှုတွေကို နားလည်ဖို့လိုပါလိမ့်မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လူ့အဖွဲ့အစည်းရဲ့ ဝမ်းဗိုက်ထဲကနေ သန္ဓေတည် ပေါက်ဖွားလာတာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူ့အဖွဲ့အစည်းကနေ လွှမ်းမိုးပါတယ်။ ဆိုလိုချင်တာက လူ့အဖွဲ့အစည်းပြောင်းရင် ဥပဒေစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားဥပဒေတွေလည်း ပြောင်းရတယ်။

မြန်မာနိုင်ငံမှာ ထင်ရှားတဲ့ သမိုင်းပညာရှင်တဦးရှိခဲ့ဘူးပါတယ်။ သူက ဘာသုံးသပ်သလဲဆိုတော့ ၁၉၃၀ ခုနှစ် တဝိုက်မှာ အင်္ဂလိပ်က ရေးဆွဲအတည်ပြုကျင့်သုံးခဲ့တဲ့ ဥပဒေတွေကို ချိုဖောက်တဲ့ အစဉ်အလာရှိခဲ့တာကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်ဘက်ခေတ်မှာ ဥပဒေစိုးမိုးရေးအခြေခံဟာ ပျက်စီးသွားခဲ့ရတယ်ဆိုတာပါဘဲ။ ဒီသုံးသပ်ချက်ကို လက်ခံလို့မရနိုင်ပါဘူး။ ပထမတချက်ကတော့ လူ့အဖွဲ့အစည်းနဲ့ ဥပဒေတို့ရဲ့ ဆက်စပ်မှုကို ဒီပညာရှင် လေ့လာမိပုံမရဘူး။ ဒုတိယအချက်ကတော့ ဥပဒေတွေကို ဘယ်သူတွေက၊ ဘယ်ပုံဘယ်နည်း ပြဌာန်းလိုက်သည်ဖြစ်ပါစေ၊ ဥပဒေတွေရဲ့ အနှစ်သာရက ဘယ်လိုဘဲဖြစ်နေပါစေ။ ဥပဒေမှန်သမျှကို လေးစားလိုက်နာရမယ်ဆိုတဲ့ အမြင်မျိုးရှိပုံရပါတယ်။ ဒီနှစ်ချက်ကြောင့် လက်မခံနိုင်တာပါဘဲ။

မြန်မာနိုင်ငံမှာ ၁၉၃၀ ခုနှစ်များ တဝိုက်တုံးက အမျိုးသားရေးစိတ်ဓာတ်တွေ စတင်အားကောင်းလာခဲ့ပြီး ကိုလိုနီစနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်မယ့် အနေအထားတခုဆီကို လူ့အဖွဲ့အစည်းက ဦးတည်လာခဲ့တယ်။ ဒီအခါမှာ ကျောင်းသားလှုပ်ရှားမှု၊ လူထုလှုပ်ရှားမှုတွေဟာ မိမိတို့ရဲ့လှုပ်ရှားမှုကို ပိတ်ပင်ကန့်သတ်ထားတဲ့ ဥပဒေစနစ်နဲ့ ဥပဒေအစိပ်အပိုင်းတွေကို ဆန့်ကျင်ငြင်းပယ်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါဟာ သဘာဝကျတဲ့ လူမှုရေး သိပ္ပံဖြစ်ပါတယ်။ အခု လက်ရှိ

ထိုင်းနိုင်ငံကိုလေ့လာကြည့်ပါ။ ငွေကြေးကို အဓိကထားပြီး နိုင်ငံရေးအာဏာ တည်ဆောက်တဲ့ စနစ်ကို ပြုပြင်ပြောင်းလဲဖို့ လူ့အဖွဲ့အစည်းက အရှိန်အဟုန်ပြင်းပြင်း လူးလွန့်လှုပ်ရှားလာနေပါတယ်။ ဒီအခါမှာ ဥပဒေစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားဥပဒေတွေမှာ ဒါကို ပိတ်ပင်ဟန့်တားမှုလုပ်တဲ့ အစိပ်အပိုင်းတွေကို စတင်ချိုးဖျက်နေကြပြီ။ ဆက်လက် ချိုးဖျက်သွားကြဖို့ရှိပါလိမ့်မယ်။ လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲတဲ့ အဆင့်တခုကို ရောက်သွားတဲ့အခါမှာ သူနဲ့လိုက်လျောမယ့် ဥပဒေစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားသင့်လျော်လိုအပ်မယ့် ဥပဒေတွေ ထပ်မံချမှတ်ကြပြီး ဥပဒေစိုးမိုးရေးအခြေခံကို ပြန်လည်တည်ဆောက်သွားကြပါလိမ့်မယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရတဲ့ခေတ်ကို ရောက်လာတဲ့အခါမှာတော့ လူ့အဖွဲ့အစည်းက ဦးတည်ပြောင်းလဲချင်တဲ့ အနေအထား အတော်များများကို ဥပဒေစနစ်နဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ဖော်ဆောင်ပေးနိုင်ခဲ့တယ်လို့ ပြောရပါလိမ့်မယ်။ ရန်ကုန်မြို့ဟာ အရှေ့တောင်အာရှမှာ အတိုးတက်ဆုံးနဲ့ အလှဆုံးမြို့အဖြစ် ဂုဏ်ယူနိုင်ခဲ့တယ်။ မြန်မာနိုင်ငံသားတွေ စင်္ကာပူကိုသွားလည်ရင် ရွှေဧည့်သည်တွေကြိုသလို ကြိုဆိုခြင်းခံခဲ့ရတယ်လို့ ဆိုပါတယ်။ ဟံသာအေး နိုင်လွန်စက်ရုံလို ပွင့်ကောင်းငံပြာရည်လို ပုဂ္ဂလိက စက်ရုံ အလုပ်ရုံတွေ စနစ်တကျ ခေတ်မီမီ တိုးတက်လာခဲ့သလို မြန်မာနိုင်ငံက ဘွဲ့ရလာတဲ့ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ ဥပဒေသမားတွေဆိုရင် အရှေ့တောင်အာရှက တိုင်းပြည်တွေမှာ အလုပ်ရှာမယ်ဆိုရင် အလွယ်တကူ ရှာနိုင်တဲ့အခြေအနေရှိခဲ့တယ်။ မြေပြန့်ဒေသတွေမှာ လယ်သမားတွေ စပါးဈေးတွေကောင်းပြီး လှူနိုင် တန်းနိုင်ခဲ့ကြတယ်။ ရွှေတွဲလဲ ငွေတွဲလဲ ဝတ်ဆင်နိုင်ခဲ့ကြတယ်။

ထိုစဉ်က နိုင်ငံရေးခေါင်းဆောင်တွေရဲ့ ယုံကြည်ချက်တွေ၊ လူထုမြတ်နိုးလိုလားတဲ့ တန်ဘိုးတွေအပါအဝင် လူ့အဖွဲ့အစည်းက ဦးတည်ပြောင်းလဲခြင်တဲ့ အနေအထားအတော်များများကို ဥပဒေစနစ်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အပေါ်မှာ လွှမ်းမိုးထင်ဟပ်နိုင်ခဲ့တဲ့အတွက် လွတ်လပ်ရေးရပြီးစခေတ်က မြန်မာနိုင်ငံမှာ အဲသည်လို ခေတ်ကောင်းနဲ့ ကြုံတွေ့ခဲ့ရတာပါဘဲ။

လူ့အဖွဲ့အစည်းနဲ့ ဥပဒေတို့ရဲ့ အပြန်အလှန် သက်ရောက်မှုကို ဆက်လက်လေ့လာတဲ့အခါမှာ လူ့အဖွဲ့ အစည်းက ဥပဒေ အပေါ် လွှမ်းမိုးတယ်ဆိုတာကို အသိအမှတ်ပြုကြရမှာပါ။ ဒါပေမယ့် သည်အဆင့်မှာတင် ရပ်ထားလို့မရပါဘူး။ လူ့အဖွဲ့အစည်းနဲ့ ဥပဒေ တို့ရဲ့ ထူးခြားမှုကိုလည်း ဆက်လက်လေ့လာဖို့ လိုပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ လူ့အဖွဲ့အစည်းနဲ့ ဥပဒေ တို့ရဲ့အကြားမှာ မတူတဲ့ခြားနားမှုတွေ အမြောက်အများရှိလို့ပါဘဲ။ လူ့အဖွဲ့အစည်းဆိုတာ ဥပဒေ မပေါ်ခင်ကတည်းကိုက တည်ရှိနေခဲ့တာဖြစ်တယ်။ ဥပဒေ ဆိုတာကတော့ လူ့အဖွဲ့အစည်းက ထုတ်လုပ်လိုက်တဲ့ တီထွင်မှုထဲမှာ ခေတ်အမီဆုံးအရာအဖြစ်နဲ့ ပေါ်ပေါက်လာရတာပါ။ လူ့အဖွဲ့အစည်းက ရှုတ်ထွေး၊ ကျယ်ပြန့်၊ နက်နဲစွာ တည်ရှိတယ်။ ဥပဒေက ရှင်းလင်း၊ တိကျ၊ ခိုင်မာစွာ တည်ရှိတယ်။ လူ့အဖွဲ့အစည်းမှာ အရာကိစ္စအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း လေ့လာလို့ရတယ်။ ဥပဒေ မှာကျတော့ လူ့အဖွဲ့အစည်းရဲ့ လူမှု၊ နိုင်ငံရေးကဏ္ဍကိုသာ ဇောင်းပေးလေ့လာတယ်။ ဥပဒေက လူ့အဖွဲ့အစည်းရဲ့ အကောင်အထည်ရှိတဲ့အပိုင်းကိုသာ ကိုင်တွယ်ဖို့ ချည်းကပ်တယ်။

သာဓက အားဖြင့်ပြောရရင် လူထုတွေအနေနဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု အမျိုးမျိုး ကျင့်သုံးကြတယ်။ ဒါကို လူ့အဖွဲ့အစည်းမှာ ကျယ်ကျယ်ပြန့်ပြန့်လေ့လာနိုင်တယ်။ ဥပဒေ ကတော့ ဒါကို မလေ့လာဘူး။ ဒါပေမယ့် လူထုတွေရဲ့ ဓလေ့ထုံးစံနဲ့ ယဉ်ကျေးမှုကျင့်သုံးတာ တွေဟာ အဆင့်တခုကို ကျော်သွားပြီ။ လူတွေရဲ့ အသက်နဲ့ကျန်းမာရေးကို ထိခိုက်ဖို့ရှိလာပြီဆိုတဲ့အခါမှာ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ထိမ်းချုပ်ဖို့ကြိုးစားတယ်။ အိန္ဒိယနိုင်ငံမှာ မဟာရာဂျာ တဦးသေသွားရင် သူတို့ဇနီးမယားတွေအားလုံး မီးပုံထဲလိုက်ဆင်းပြီး သေကြရတဲ့ ဓလေ့ထုံးစံ ကျင့်သုံးမှုကို ဥပဒေထုတ်ပြန်ပြီး ပိတ်ပင်တာမျိုးဖြစ်တယ်။ ဒါဟာ ဥပဒေက လူ့အဖွဲ့အစည်းရဲ့ အကောင်အထည်ရှိတဲ့အပိုင်းကို ချည်းကပ်ကိုင်တွယ်တာ ဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းရဲ့ အကောင်အထည်မရှိတဲ့ အပိုင်းတွေနဲ့ စိတ်ခံစားမှုနဲ့ဆိုင်တဲ့ အပိုင်းတွေကို ဥပဒေနဲ့ ချည်းကပ်ဖို့ ကြိုးစားမယ်ဆိုရင် ဥပဒေဟာ ရှင်းလင်း၊ တိကျ၊ ခိုင်မာမှု မရှိတော့ဘဲ သူ့ရဲ့တရားကိုယ်သဘော ပျက်စီးသွားပါတော့တယ်။ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ တိုက်ရိုက်ဆက်စပ်တဲ့ အောက်ပါ ပြဋ္ဌာန်းချက်ကို ပြန်လည်လေ့လာကြည့်ပါ။

ပုဒ်မ (၃၆၅) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ရမည်။

အဲသည် ပြဋ္ဌာန်းချက်မှာ နှစ်ပိုင်းပါဝင်ပါတယ်။ ပထမပိုင်းက အကောင်အထည်ရှိတဲ့ အပိုင်းဖြစ်ပြီး၊ ဒုတိယပိုင်းက အကောင်အထည်မရှိတဲ့ အပိုင်း၊ စိတ်ခံစားချက် စိတ်ပိုင်းဆိုင်ရာ ပိုင်းဖြတ်ချက်နဲ့ ဆိုင်တဲ့အပိုင်းဖြစ်ပါတယ်။

နိုင်ငံသားတိုင်းသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့် ရှိသည်။ ဥပဒေမှာ သည်လိုပြဋ္ဌာန်းထားမယ်ဆိုရင် ဥပဒေဟာ ရှင်းလင်း၊ တိကျ၊ ခိုင်မာတယ်လို့ ပြောရပါလိမ့်မယ်။ ဒါပေမယ့် အမြတ်တနိုးထားရှိသောဆိုတဲ့ စကားလုံးကို ဥပဒေမှာ ထည့်လိုက် တဲ့အခါမှာတော့ ဥပဒေရဲ့ ရှင်းလင်း၊ တိကျ၊ ခိုင်မာမှု ပျောက်ဆုံးသွားပါတော့တယ်။ တိုင်းရင်း သားတွေအနေနဲ့ သူတို့ရဲ့ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနဲ့ ဓလေ့ထုံးတမ်းတွေကို အမြတ်တနိုး ထားခြင် ထားမယ်။ မထားခြင် မထားဘူး။ ဒါက သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာပြသနာ ဖြစ်တယ်။ ဥပဒေက ကိုင်တွယ်ထိတွေ့စရာ အကြောင်းမရှိဘူး။ ကိုင်တွယ်ထိတွေ့လို့လည်းမရဘူး။ ဘာကြောင့်လဲဆိုတော့ အကောင်အထည်နဲ့ တိုင်းတာလို့ မရတာကြောင့်ဖြစ်တယ်။

အမြတ်တနိုးထားရှိသော ဆိုတဲ့ စိတ်ပိုင်းခံစားချက်ကို ဖော်ပြတဲ့ စကားလုံးကို ထည့်လိုက်တဲ့ အခါကျတော့ ဥပဒေကို အာဏာပိုင်တွေအလိုကျ အဓိပ္ပါယ်ဖွင့်ခွင့်ရသွားနိုင်တယ်။ ဆိုကြပါစို့။ အင်္ဂလိပ်အက္ခရာဝနဲ့ ရေးသားထားတဲ့ တချို့တိုင်းရင်းသားတွေရဲ့ စာပေတွေကို သူတို့

ဘာသာ သူတို့ပြန်ပြင်ကောင်းပြင်နိုင်တယ်။ အသစ်ပြန်ရေးကောင်း ရေးနိုင်တယ်။ ဒါက သူတို့ သဘောဘဲ။ သူတို့စါပေကို သူတို့ကြိုက်သလို လုပ်ခွင့်ရှိတာဘဲ။ ဒီအပေါ်မှာ အာဏာပိုင်တွေက စိတ်အလိုမကျဖြစ်ပြီး အမြတ်တနိုးမထားတော့ဘူးဆိုတဲ့ အမိပ္ပါယ်ဖွင့်ဆိုချက် တွေလုပ်လာရင် ရှုတ်ထွေးမှုတွေ ဖြစ်လာနိုင်တယ်။ ပိုပြီးဆိုးတာက အောက်ပါပြဌာန်းချက် ဖြစ်ပါတယ်။

"ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ရမည်။"

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ ကောင်းမွန်တဲ့ အရာဖြစ်တယ်ဆိုတာကို ဘယ်သူမှ မငြင်းပါဘူး။ ဒါပေမယ့် ဒီစကားလုံးတခုထဲနဲ့ အကောင်အထည်နဲ့ ပြလို့မရနိုင်ဘူး။ စိတ်ပိုင်းဆိုင်ရာ သုံးသပ်ချက်နဲ့ ပိုပြီးဆိုင်လို့ ဖြစ်ပါတယ်။ အခုလက်ရှိ အချိန်မှာ ပြည်ထောင်စု တည်မြဲနေပေမယ့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲနေပြီလို့ သုံးသပ်ကြတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ အမြောက်အများရှိပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတဲ့ စကားလုံးကို ပြည်ထောင်စုနိုင်ငံက ရှာဖွေတဲ့ တန်ဖိုးတရပ်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းချင်တယ်ဆိုရင် နိဒါန်းလိုနေရာမျိုးတွေမှာ ထည့်လို့ရကောင်းရနိုင်ပါတယ်။ တကယ် လက်တွေ့ကျင့်သုံးရမယ့် ဖွဲ့စည်းပုံပြဌာန်းချက်ထဲမှာ ထည့်လိုက်တဲ့အခါကျတော့ အာဏာပိုင်တွေအနေနဲ့ ကိုယ်လိုသလို အမိပ္ပါယ်ဖွင့်ဆို ကျင့်သုံးသွားတော့မှာ သေချာသလောက်ဖြစ်သွားပါတော့တယ်။ လက်တွေ့မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ရမည်ဆိုတဲ့ ပြဌာန်းချက်ကို ထောက်ပြပြီး တိုင်းရင်းသားတွေရဲ့ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတွေ ကျင့်သုံးခွင့်ကို အာဏာပိုင်တွေ ကြိုက်သလို ကန့်သတ်သွားမှာ သေချာလှပါတယ်။ ဒါကြောင့် နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအောက်မှာတော့ တိုင်းရင်းသားအခွင့်အရေးဆိုတာ ဘာတခုမှရမှာမဟုတ်တဲ့အကြောင်း နိဂုံးချုပ်တင်ပြလိုက်ပါတယ်။

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း (၅၇)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ သက်ဆိုင်ရာ နိုင်ငံအလိုက် လူ့အဖွဲ့အစည်းအတွင်းမှာ ရှိတဲ့ ထူးခြားချက်တွေအရ မတူကွဲပြားမှုတွေကို အသိအမှတ်ပြုတဲ့ အခြေခံကနေ စုစည်းညီညွတ်မှုကို ရှာဖွေဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံလူ့အဖွဲ့အစည်းရဲ့ ထူးခြားချက်ကတော့ မတူတဲ့တိုင်းရင်းသားလူမျိုးတွေ စုပေါင်းနေထိုင်ကြတဲ့ အချက်ပါဘဲ။

တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုတွေနဲ့ စုဖွဲ့ထားတဲ့ လူ့အဖွဲ့အစည်းဟာ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာခွင့်ရနေတဲ့ ဥယျာဉ်ကြီးလိုပါဘဲ။ ဥယျာဉ်ထဲမှာ စပယ်၊ ဒေါနု၊ သစ်ခွ၊ သဇင်၊ နှင်းဆီ

စတဲ့ပန်းတွေဟာ သူ့အမျိုးအစားအလိုက်၊ သူ့ရုံအလိုက်၊ သူ့အနေအထားနဲ့သူ၊ လှပစွာ ဖူးပွင့်ဝေဆာခွင့်ရအောင် ကောင်းမွန်တဲ့ မြေဩဇာတွေ သုံးပြီး ဥယျာဉ်မှူးလုပ်သူက ပြုစုပျိုးထောင် ပေးရမှာပါ။ လူ့အဖွဲ့အစည်းကို ဥယျာဉ်ကြီး တခုသဖွယ် နားလည်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥယျာဉ်မှူးနဲ့ အလားသဏ္ဌာန် တူပါလိမ့်မယ်။ ဆိုလိုချင်တာက အဆင်း၊ အရွယ်၊ အနံ့အရောင်၊ ပုံပန်းသဏ္ဌာန်မတူတဲ့ ပန်းမျိုးစုံဟာ မတူတဲ့အနေအထားအလိုက် ဥယျာဉ်မှူးဆီကနေ တူညီစွာ ပြုစုပျိုးထောင်ခံခွင့် ရနိုင်ဖို့ဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ မတူတဲ့အနေအထားနဲ့ ထူးခြားမှုတွေကို အသိအမှတ်ပြုပြီး တူညီစွာဆက်ဆံခံရခွင့်ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေဆီက ရှာဖွေရမယ့် တန်ဖိုးပါဘဲ။ နအဖ ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သာမက နောင်ကို ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေများ အားလုံးမှာပါ သည်လိုတန်ဘိုးနဲ့ ပြည့်စုံရဲ့လားဆိုတာကို ရှာဖွေဖို့လိုပါတယ်။ မတူကွဲပြားတဲ့ တိုင်းရင်းသားတွေ စုပေါင်းနေထိုင်ကြတဲ့ တိုင်းပြည်မှာ တန်းတူညီမျှမှုကို ထိမ်းကျောင်းနိုင်ဖို့အတွက် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်ကြရပါတယ်။ နအဖ ကလည်း သူ့ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်ရယ်လို့အမည် မှည့်ခေါ်ထားတယ်။ ပြည်ထောင်စုနိုင်ငံ အစစ် ဖြစ်မဖြစ်ကို ဘယ်လိုလက္ခဏာနဲ့

သတ်မှတ်မလဲ။ ပြည်ထောင်စုနိုင်ငံမှာ သမတစနစ်ကို ဘယ်လိုအနေအထားမျိုးနဲ့ ကျင့်သုံးမလဲဆိုတာကို အခြေခံအားဖြင့် နားလည်မှသာ နအဖ ရဲ့ ဖွဲ့စည်းပုံနဲ့အညီ တည်ဆောက်ထားတဲ့ ပြည်ထောင်စုသမတ နိုင်ငံဆိုတာကို သဘောပေါက်နိုင်မှာဖြစ်ပါတယ်။

တကယ်တော့ ပြည်ထောင်စု ဆိုတဲ့ ဝေါဟာရနဲ့ သမတ ဆိုတဲ့ ဝေါဟာရနှစ်ခုဟာ တခုနဲ့တခု ဆန့်ကျင်တဲ့ အဓိပ္ပါယ်ကိုဆောင်ပါတယ်။ ပြည်ထောင်စုဆိုတဲ့ ဝေါဟာရရဲ့ အနှစ်သာရက ပြည်ထောင်စုအဆင့် အုပ်ချုပ်မှု အာဏာပိုင် အဆောက်အအုံတွေနဲ့ ပြည်နယ်အဆင့် အုပ်ချုပ်မှုအာဏာပိုင်အဆောက်အအုံတွေအကြားမှာ ဒေါင်လိုက်အရ အာဏာခွဲဝေကျင့်သုံးတဲ့ အုပ်ချုပ်မှုစနစ်ဖြစ်တယ်။ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှု အာဏာတွေကို ပြည်ထောင်စုအဆင့်နဲ့ ပြည်နယ်အဆင့်တွေမှာ စနစ်တကျ ခွဲဝေကျင့်သုံးတာကို ပြည်ထောင်စုနိုင်ငံလို့ ခေါ်ပါတယ်။ ဖက်ဒရယ်လို့ခေါ်တဲ့ ပြည်ထောင်စုစစ်စစ် နိုင်ငံတိုင်းနီးပါးမှာ ဝန်ကြီးချုပ် ဦးဆောင်တဲ့ ပါလီမန် အစိုးရစနစ်နဲ့ အုပ်ချုပ်ကြလေ့ရှိပါတယ်။ အဲဒီနိုင်ငံတွေမှာ ဗဟိုချုပ်ကိုင်မှုကို လျှော့ချကျင့်သုံးကြရတယ်။ အုပ်ချုပ်ရေးကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တွေနဲ့ ခွဲဝေကျင့်သုံးကြရတယ်။

ပြည်ထောင်စုနိုင်ငံမဟုတ်တဲ့ တပြည်ထောင်စနစ်ကျင့်သုံးတဲ့ တိုင်းပြည်တွေမှာ အုပ်ချုပ်ရေးကို တခုတည်းသော ဗဟိုကနေပြီး အဓိကဆောင်ရွက်တယ်။ အုပ်ချုပ်ရေးအာဏာကို ဗဟိုက ချပေးပြီး လက်အောက်ခံ အုပ်ချုပ်ရေးအာဏာပိုင်တွေရဲ့ လုပ်ဆောင်ချက်ကို သဘောမတွေ့ရင် ဗဟိုက အချိန်မရွေး ပြန်လည်ရုပ်သိမ်းတတ်ကြတယ်။ တရုပ်၊ ရုရှ၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယားနဲ့ အခြားတိုင်းပြည် အများအပြားမှာ တပြည်ထောင်စနစ်ကို အခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိကြတယ်။

ပြည်ထောင်စုနိုင်ငံမဟုတ်ဘဲ တပြည်ထောင်စနစ်ကို ကျင့်သုံးတဲ့ တိုင်းပြည်တွေမှာ များသောအားဖြင့် သမတ စနစ်ကို ကျင့်သုံးကြလေ့ရှိတယ်။ သမတ စနစ်ရဲ့ အဓိကအကျဆုံး အသွင်လက္ခဏာကတော့ ဗဟိုချုပ်ကိုင်မှုကို အလေးထားကျင့်သုံးတာ၊ ဒါမှမဟုတ် ဗဟိုချုပ်ကိုင်မှုကို တင်းတင်းကြပ်ကြပ် ကျင့်သုံးတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမတနိုင်ငံ လို့ သုံးစွဲတာဟာ ဆန့်ကျင်ဘက်နှစ်ခုကို အတူယှဉ်တွဲထားခြင်းလို့ မှတ်ယူရမှာပါဘဲ။ တနည်းအားဖြင့် တခုကိုကျင့်သုံးရင် အခြားတခုကို ကျင့်သုံးလို့ မရနိုင်တာဟာ လောကရဲ့သဘာဝပါ။ ဗဟိုချုပ်ကိုင်မှု ကို တင်းတင်းကြပ်ကြပ်ကျင့်သုံးမယ်ဆိုရင် ဘယ်တော့မှ ပြည်ထောင်စုနိုင်ငံစစ်စစ် မဖြစ်နိုင်ဘူး၊ ပြည်ထောင်စုစစ်စစ်နိုင်ငံအဖြစ် တည်ဆောက်မယ်ဆိုရင် သမတ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးလို့မရနိုင်ဘူး ဆိုတဲ့အချက်ကို အခြေခံအားဖြင့် ရှင်းဖို့လိုပါလိမ့်မယ်။

တတိယကမ္ဘာနိုင်ငံ သုံးဆယ့်သုံးနိုင်ငံမှာ သမတအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးတဲ့ အခြေခံဥပဒေတွေရှိကြတယ်။ ပထမ သို့မဟုတ် ဒုတိယကမ္ဘာနိုင်ငံများအနက် တနိုင်ငံသာ သမတစနစ်အခြေခံဥပဒေကို ချမှတ်ကျင့်သုံးတယ်။ အဲဒါကတော့ အမေရိကန် ပြည်ထောင်စုပါဘဲ။ သမတဦးဆောင် အစိုးရစနစ်ကို ကျင့်သုံးခဲ့တဲ့ တတိယ ကမ္ဘာနိုင်ငံအားလုံးလိုလိုဟာ ဝရုန်းသုန်းကား ဗယုတ်ဗယက်ဖြစ်ရပ်တွေကို ယေဘုယျအားဖြင့် ကြုံခဲ့ကြရတယ်။ အများအားဖြင့် အာဏာ

သိမ်းမှုတွေ ဖြစ်ပွားခဲ့တယ်။ အာဏာရှင်အုပ်ချုပ်ရေးမှန်သမျှအားလုံး နီးပါးမှာ သမတ စနစ်ကိုသာ ကျင့်သုံးဖော်ဆောင်ခဲ့ကြတာဖြစ်တယ်။ သမိုင်းမှာဖြစ်ပွားခဲ့တဲ့ သာဓကတွေကတော့ ကိုးရီးယား၊ တောင်ဗီယက်နမ်၊ အင်ဒိုနီးရှား၊ လိုက်ဘေးရီးယားနဲ့ လက်တင်အမေရိကနိုင်ငံအများအပြားတို့ပါဘဲ။ အမေရိကန်ပြည်ထောင်စုကလွဲရင် သမတအုပ်ချုပ်ရေးစနစ် ကျင့်သုံးခဲ့တဲ့ နိုင်ငံတိုင်း၊ တိုင်းပြည်တိုင်း ဗရုတ်ဗယက်အတွေ့အကြုံ အနည်းဆုံးတကြိမ် မကြုံဖူးတာ မရှိခဲ့ပါဘူး။

တိုင်းရင်းသားလူမျိုးပေါင်းစုံတွေက အများစုအဖြစ် စုပေါင်းနေထိုင်ခြင်းမရှိကြဘဲ လူမျိုးတမျိုးတည်းကသာ တကယ့်အများစုအဖြစ် နေထိုင်ကြတဲ့ တိုင်းပြည်တွေမှာ တပြည် ထောင်စနစ်နဲ့ အုပ်ချုပ်လေ့ရှိကြတယ်။ အဲဒီနိုင်ငံတွေအနက် သမတစနစ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ကြတဲ့ တိုင်းပြည်တွေလည်းရှိပါတယ်။ တရုပ်၊ ရုရှ၊ ပြင်သစ်၊ တောင်ကိုရီးယားစတဲ့ နိုင်ငံတွေပါဘဲ။ သူတို့ဟာ ပြည်ထောင်စုနိုင်ငံတွေ မဟုတ်ကြဘူး။

ပြည်ထောင်စုနိုင်ငံ စစ်စစ်အဖြစ်သတ်မှတ်ခံရပြီး သမတစနစ်ကို အအောင်မြင်ဆုံး ကျင့်သုံးနိုင်တဲ့ တိုင်းပြည်ဆိုလို့ ကမ္ဘာပေါ်မှာ တနိုင်ငံတည်းသာ ရှိပါတယ်။ အဲဒါကတော့ အမေရိကန် ပြည်ထောင်စုပါ။ အမေရိကန် နိုင်ငံမှာ သမတ ဦးဆောင်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးပြီး ပြည်ထောင်စုနိုင်ငံအဖြစ် ဘာကြောင့် အောင်မြင်စွာ ထူထောင်နိုင်သလဲ။ မြန်မာနိုင်ငံမှာ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမတ ဦးဆောင်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးပြီး ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်လို့မရနိုင်ဘူးလို့ ဘာကြောင့် ပြောရတာပါလဲ။ ဒီနိုင်ငံ နှစ်ခုကို နှိုင်းယှဉ်လေ့လာဖို့ လိုအပ်လာပါတယ်။

၁။ အမေရိကန်နိုင်ငံဟာ လူတဦးခြင်းစီရဲ့ လွတ်လပ်မှုကို အထူးအလေးထားတဲ့ လစ်ဘရယ်ဝါဒ အပေါ်မှာ အခြေခံတဲ့ ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းနှစ်ရာကျော် အမြစ်တွယ် ကျင့်သုံးခဲ့တဲ့ တိုင်းပြည်ဖြစ်တယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာ အကြီးမားဆုံး စစ်တပ်ကြီးတွေအနက် တခုကို ပိုင်ဆိုင်ထားပေမယ့် စစ်တပ်အာဏာသိမ်းမှု ဘယ်တုံးကမှ မကြုံခဲ့ရဘူး။ နောင်ကို ကြုံရကောင်း ကြုံရလိမ့်မယ်လို့ စိုးရိမ်မှုမျိုးတွေတောင်မှ အခုအချိန်အထိ မကြားသိရသေးဘူး။

မြန်မာနိုင်ငံမှာတော့ ဒုတိယကမ္ဘာစစ် လွတ်လပ်ရေးကြိုးပမ်းမှု ကာလတွေ အတွင်းတုံးကစပြီး အမြစ်တွယ်လာခဲ့တဲ့ ဖက်ဆစ်စနစ်ဟာ အခုအချိန်အထိ အရှိန်ကောင်းနေဆဲဖြစ်တယ်။ ပေါ်ပေါ်ထင်ထင်မဟုတ်ဘဲ စစ်တပ် အာဏာသိမ်းမှုမျိုး ဖြစ်ပွားခဲ့တာက တကြိမ်၊ ပေါ်ပေါ်ထင်ထင် အာဏာသိမ်းခဲ့တာ နှစ်ကြိမ်ဖြစ်ခဲ့ပြီးပြီ။ နောင်ကိုလည်း အချိန်မရွေး စစ်တပ်အာဏာသိမ်းမှုတွေ ထပ်မံကြုံတွေ့ရနိုင်တယ်ဆိုတဲ့ စိုးရိမ်ချက်တွေ အပြည့်ရှိနေဆဲနိုင်ငံ ဖြစ်တယ်။

၂။ အမေရိကန် ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူတဦးခြင်းစီရဲ့ အခြေခံလွတ်လပ်မှုအခွင့်အရေးတွေကို အပြည့်အဝနီးပါး ပြဋ္ဌာန်းထားတဲ့အပြင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အထူးသဖြင့် ကာကွယ် ပြဋ္ဌာန်းပေးထားတယ်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ပိတ်ပင်တဲ့ မည်သည့်ဥပဒေကိုမျှ ကွန်ဂရက်က ပြဋ္ဌာန်းခွင့်မရှိစေရဆိုပြီး အတိအလင်း ကာကွယ်ပေးထားတယ်။ နအဖ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ မှာတော့ ဖောက်ပြန်တဲ့ဥပဒေတွေ ဆက်လက်တည်ရှိခွင့်ကို အာမခံချက်ပေးထားပြီး အခြေခံလွတ်လပ်ခွင့်တွေအားလုံးကို အတိအလင်း ကန့်သတ်ထားတယ်။

၃။ အမေရိကန်ပြည်ထောင်စုမှာ လူထုအသင်းအဖွဲ့တွေ၊ သတင်းဌာနတွေ အားကောင်းတယ်။ လူထုအဓိက လူ့အဖွဲ့အစည်း (Civil Society) အခြေခံအင်မတန်ကောင်းတယ်။ မြန်မာနိုင်ငံမှာတော့ လူထုအသင်းအဖွဲ့တွေကို ဖျက်သိမ်းပစ်တာတွေ၊ ဆက်လက်တည်ရှိနေပေမယ့် အားနည်းချိနဲ့ နေအောင်လုပ်ထားတာတွေ၊ ရှမ်းပြည် ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းဖို့ ကြိုးစားရုံနဲ့ ထောင်ဒဏ် ၇၅ နှစ်ကနေ ၁၀၆ နှစ် အထိ ချမှတ်တာတွေ၊ ငြိမ်းငြိမ်းချမ်းချမ်း လမ်းလျှောက်ဆန္ဒပြဖို့ ကြိုးစားရုံနဲ့ ကြမ်းခင်းဈေး ထောင်ဒဏ် ၆၅ နှစ်အထိ ချမှတ်တာတွေကြောင့် လူထုအဓိကလူ့အဖွဲ့အစည်း (Civil Society) အခြေခံဟာ အင်မတန်ချိနဲ့တဲ့ အနေအထားမှာ ရှိနေတယ်။

၄။ အမေရိကန်ပြည်ထောင်စုကို တရားမှုတမှု အခြေခံကနေ အဓိက ထိမ်းကျောင်းနေတာကတော့ တရားရုံးချုပ်ဖြစ်တယ်။ အုပ်ချုပ်သူ သမတတွေကိုတောင် တရားရုံးချုပ်ကနေ အရေးယူခဲ့တဲ့ သာဓကတွေ မနည်းတော့ဘူး။ တရားရုံးချုပ်ဟာ အုပ်ချုပ်ရေးကို ကြီးကြပ်နိုင်တဲ့ အနေအထားမှာရှိတယ်။ မြန်မာနိုင်ငံမှာတော့ နအဖရဲ့ နဂါစ် ဖွဲ့စည်းပုံအရဆိုရင် ပြောင်းပြန်ဖြစ်နေတယ်။ တရားသူကြီးချုပ်တွေအပေါ် အရေးယူပိုင်ခွင့်ကို အုပ်ချုပ်ရေး အာဏာကျင့်သုံးမယ့် သမတ လက်ထဲမှာ အပ်နှင်းထားတယ်။ သမတ က တရားစီရင်ရေးကို ကြီးကြပ်လွှမ်းမိုးသွားမှာ အသေအချာဖြစ်တယ်။

၅။ အမေရိကန်ပြည်ထောင်စုက သမတစနစ်နဲ့ နအဖ ရဲ့ ဖွဲ့စည်းပုံအရ ကျင့်သုံးမယ့် သမတ စနစ်တို့ရဲ့ အဓိက ခြားနားချက်ကတော့ သမတကို ရွေးချယ်တင်မြှောက်ပုံဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုရဲ့ သမတစနစ်မှာ လူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ခွင့်ရှိတဲ့ အခြေခံကို ကျင့်သုံးထားတယ်။ နအဖ ရဲ့ သမတစနစ်မှာတော့ လက်ရှိ စစ်ဗိုလ်၊ သို့မဟုတ် စစ်ဗိုလ်လူထွက်တွေသာ သမတ ဖြစ်လာအောင် စနစ်တကျ ဖန်တီးထားတယ်။ သမတ ရွေးချယ်တင်မြှောက်ပုံစနစ် ကွာခြားချက် အသေးစိပ်တွေကို နောက်အပတ်တွေမှာ ဆက်လက်တင်ပြသွားပါမယ်။

ဒီလို မတူခြားနားတဲ့ အခြေခံတွေ ထင်ရှားလွန်းစွာတည်ရှိတာကြောင့် အမေရိကန်နိုင်ငံမှာ သမတ စနစ်ကို ကျင့်သုံးပြီး ပြည်ထောင်စုကို အောင်မြင်စွာတည်ဆောက်နိုင်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ သမတ စနစ်ကို ကျင့်သုံးခြင်းအားဖြင့် တိုင်းရင်းသားတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ဆောင်မယ့် ပြည်ထောင်စုနိုင်ငံ တော့ ပေါ်လာမှာမဟုတ်။ ယခုလက်ရှိ စစ်တပ်အာဏာသိမ်းထားမှုကို အတည်ပြုပေးရမှာ ဖြစ်ရုံသာမက၊ နောင်ကို ဆက်လက်ပြီး စစ်အုပ်စုထိပ်သီးတွေက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အာဏာသိမ်းထားမှုကို အတည်ပြုပေးရာသာ ရောက်မယ့်အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ
အပိုင်း (၅၈)

တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံမှာ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံကနေ စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုနိုင်ငံတခုကို တည်ဆောက်ချင်တယ်ဆိုရင် ဒီမိုကရေစီ အခြေခံတခုတည်းနဲ့ မလုံလောက်နိုင်ပါဘူး။ ညှိနှိုင်းခွင့်ရနိုင်တဲ့ နိုင်ငံရေးဝန်းကျင်တရပ်၊ အခွင့်အာဏာနဲ့ အကျိုးစီးပွားတွေကို မျှမျှတတ ခွဲဝေကျင့်သုံးခွင့်ကို ဖော်ဆောင်ပေးနိုင်တဲ့ တိုင်းပြည်အုပ်ချုပ်မှု ယန္တရားတစုံ၊ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ငြိမ်းချမ်းစွာဖြေရှင်းရာမှာ နောက်ဆုံး အပြီးသတ်အနေနဲ့ အားထားလောက်တဲ့ တရားစီရင်ရေးစနစ်တခု လိုအပ်ပါတယ်။ ညှိနှိုင်းခွင့်ရနိုင်တဲ့ နိုင်ငံရေးဝန်းကျင်ဆိုတာကတော့ တိုင်းပြည်အုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ အစည်းအဆင့်ဆင့်မှာ တိုင်းရင်းသားတွေရဲ့ ကိုယ်စားပြုမှုကို စနစ်တကျ ဖော်ဆောင်ပေးထားဖို့ကို ဆိုလိုတာပါ။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရအပြီး စတင်ကျင့်သုံးတဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ ညှိနိုင်းခွင့်ရတဲ့ နိုင်ငံရေးဝန်းကျင် တစုံတရာရှိခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ လူဦးရေပေါ်အခြေခံပြီး ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့လွှတ်တော်နဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေ ပါဝင်ခွင့်ရခဲ့တဲ့ လူမျိုးစုလွှတ်တော်ရယ်လို့ လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးခဲ့တာကြောင့်ဖြစ်ပါတယ်။ အနိုင်ရ နိုင်ငံရေးပါတီက ပြည်သူ့လွှတ်တော်ထဲမှာအစိုးရဖွဲ့၊ အဲဒီ ပါတီခေါင်းဆောင်က ဝန်ကြီးချုပ်အဖြစ် တာဝန်ယူပြီး တိုင်းပြည်အုပ်ချုပ်တဲ့ ပါလီမန်ဝန်ကြီးချုပ်စနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ဒီစနစ်အောက်မှာ နိုင်ငံရေးအရ ညှိနှိုင်းခွင့် တစုံတရာရခဲ့တယ်လို့ ဘာကြောင့်ပြောရတာပါလဲ။

ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အမတ်နေရာ တစုံတရာရရှိခဲ့တဲ့ နိုင်ငံရေးပါတီတွေအားလုံး၊ လူမျိုးမခွဲခြားဘဲ ပါလီမန်လွှတ်တော်ထဲမှာ တက်ရောက်ပြီး ဆွေးနွေးငြင်းခုံခွင့်၊ ဥပဒေပြုခွင့်ရခဲ့တာရယ်၊ ပါလီမန်လွှတ်တော်ကနေတဆင့် အစိုးရကို ကြီးကြပ်ခွင့်ရခဲ့တာရယ်တို့ကြောင့် ဖြစ်ပါတယ်။ ညှိနှိုင်းခွင့်ရနိုင်တဲ့ နိုင်ငံရေးဝန်းကျင် ပြည့်ပြည့်ဝဝ ရှိခဲ့တယ်လို့တော့ မပြောနိုင်ပါဘူး။ အောက်ပါအကြောင်းတွေကြောင့် ဖြစ်ပါတယ်။

ပထမ အကြောင်းကတော့ ပြည်ထောင်စု ဖွဲ့စည်းရာမှာ ပါဝင်တဲ့ယူနစ်တွေ၊ တနည်းအားဖြင့် တိုင်းရင်းသား ပြည်နယ်တွေ ပြဿနာကြောင့် ဖြစ်ပါတယ်။ ပြည်နယ်တွေ အဖြစ်နဲ့ ရှမ်း၊ ကချင်၊ ကရင်၊ ကရင်နီ တို့ပါဝင်ပြီး ချင်း ကိုတော့ ဝိသေသတိုင်းအနေနဲ့ သတ်မှတ်ပေးခဲ့တယ်။ ဒီနေရာမှာ ပြဿနာနှစ်ခုကြုံတွေ့ ခဲ့ပါတော့တယ်။ တခုကတော့ လူဦးရေ အများစုကြီးဖြစ်တဲ့ မြန်မာလူမျိုးတွေ အဓိကနေထိုင်တဲ့ နေရာဒေသတွေကို ပြည်နယ်တခုအနေနဲ့ တိတိကျကျ သတ်မှတ်ပေးပြီး ပါဝင်စေခဲ့တာ မရှိဘူး။ ပြည်မ အနေအထားနဲ့ ပြောဆိုဆက်ဆံဆောင်ရွက်မှုတွေကြောင့် အထက်စီးနေရာမှာနေခဲ့တယ်လို့ မြန်မာမဟုတ်တဲ့ တိုင်းရင်းသားတွေရဲ့ ဝေဖန်မှုခံခဲ့ရတယ်။ ညီညွတ်မှုကို ထိခိုက်ခဲ့ရတယ်။ နောက်တခုက မွန်၊ ရခိုင် စတဲ့ တိုင်းရင်းသား

လူမျိုးတွေကိုလည်း ပြည်နယ်အဖြစ် သတ်မှတ်ပေးခဲ့တာမျိုး မရှိတာကြောင့် ညှိနှိုင်းခွင့်အနေအထားကို လျော့နည်းကျဆင်းစေခဲ့တယ်။

ဒုတိယအကြောင်းကတော့ လူမျိုးစုလွှတ်တော်ရဲ့ ဖွဲ့စည်းမှုဖြစ်ပါတယ်။ လူမျိုးစုလွှတ်တော်အမတ် ၁၂၅ နေရာ ရှိခဲ့တဲ့အနက် ရှမ်းပြည်နယ်မှ ၂၅၊ ကချင် ပြည်နယ်မှ ၁၂၊ ကရင်ပြည်နယ်မှ ၂၄၊ ကရင်နီပြည်နယ်မှ ၃၊ ချင်းဝိသေသတိုင်းမှ ၈၊ ကျန်နယ်မြေများမှ ၅၃ နေရာတို့ဖြစ်တယ်။ ကျန်နယ်မြေများမှ ၅၃ ဆိုတဲ့ နေရာတွေမှာ မြန်မာတွေ အများစု ပြန်ပါလာပြန်တာကြောင့် လူမျိုးစုလွှတ်တော်ထဲမှာသည်ပင်လျှင် ဟန်ချက်ကိုညှိနိုင်တဲ့အနေအထား ပျောက်ဆုံးသွားခဲ့တယ်လို့ တိုင်းရင်းသားခေါင်းဆောင်တွေက သုံးသပ်ကြပါတယ်။ ဒါဟာလည်း ညှိနှိုင်းခွင့်အနေအထားကို လျော့နည်းကျဆင်းစေတဲ့ နောက်ထပ်အကြောင်းတရပ်ပါဘဲ။

တတိယအကြောင်းကတော့ ပြည်သူ့လွှတ်တော်ရဲ့ ဖွဲ့စည်းမှုပါ။ ပြည်သူ့လွှတ်တော်ဟာ ဒီမိုကရေစီရဲ့ အသွင်လက္ခဏာကိုဆောင်ပါတယ်။ ကိုယ်စားပြုဒီမိုကရေစီကို ကျင့်သုံးရာမှာ လူထုက ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ကို ဖွဲ့စည်းတယ်လို့ သာမန်အားဖြင့် အများနားလည်ကြတယ်။ ဒါပေမယ့် သာမန်အားဖြင့် အများနားလည်တဲ့ အဆင့်လောက်နဲ့တင်ဘဲ ပြည်သူ့လွှတ်တော်ကို တလျှောက်လုံး ချည်းကပ်ခဲ့တဲ့ အတွက်ကြောင့်လည်း ယနေ့အချိန်အထိ တိုင်းရင်းသားတွေအကြားမှာ နိုင်ငံရေးအရ ညှိနှိုင်းနိုင်တဲ့ အခြေအနေတရပ်ကို ပြည့်ပြည့်ဝဝ မဖော်ဆောင်နိုင်သေးတာပါဘဲ။ ဒီလို ဘာကြောင့်ဆိုရတာပါလဲ။

မြန်မာနိုင်ငံမှာ လူဦးရေအများစု၊ တနည်းအားဖြင့် စုစုပေါင်း လူဦးရေရဲ့ တဝက်ကျော်ခန့်ဟာ မြန်မာတွေ ဖြစ်ကြပါတယ်။ ကျန်တဲ့ တဝက်နီးပါးခန့်ကတော့ မြန်မာမဟုတ်တဲ့ မွန်၊ ကရင်၊ ကရင်နီ၊ ကချင်၊ ချင်း၊ ရှမ်း၊ ရခိုင်၊ စတဲ့အခြား တိုင်းရင်းသား လူမျိုးတွေဖြစ်တယ်လို့ လက်ခံကြတယ်။ အထက်မှာတင်ပြခဲ့သလို လူမျိုးစုလွှတ်တော်ရှိထားပြီးဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ကို လူမျိုးရေးအခြေခံကနေ မစဉ်းစားကြတော့ပါဘူး။ ပြည်သူ့လွှတ်တော်တွေရဲ့ သဘာဝအရ လူဦးရေအရေအတွက်ကို အခြေခံပြီး ရိုးရိုးဘဲဖွဲ့စည်းလိုက်ကြတော့တယ်။ ဒီအခါမှာ လူမျိုးရေးအခြေခံပေါ်မူတည်ပြီး နိုင်ငံရေးအရ ညှိနှိုင်းနိုင်ခွင့် လုံးဝဆုံးရှုံးသွားပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူ့လွှတ်တော်ထဲမှာ ရွေးချယ်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ် ရောမအများစုကြီးရဲ့နေရာကို မြန်မာတွေကဘဲ ယူထားလိုက်တော့တဲ့အတွက်ကြောင့်ပါ။ ဒီဖြစ်စဉ်ဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ရှိစဉ်ကထဲက စတင်ဖြစ်ပွားခဲ့ပြီး ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေခေတ်ကို ရောက်လာတော့ပိုပြီး ဆိုးသွားခဲ့တယ်။ အခု နအဖ ရဲ့ ၂၀၀၈ ခုနှစ် နဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးသွားမယ်ဆိုရင် အဆိုးဆုံးအခြေအနေကို ရောက်ပါလိမ့်မယ်။

အဓိကကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးချယ်တင်မြှောက်ပုံစနစ်ရဲ့ အကျိုးသက်ရောက်မှုကြောင့်ပါ။ တကမ္ဘာလုံးမှာ ကျင့်သုံးနေဆဲဖြစ်တဲ့ ရွေးချယ်တင်မြှောက်ပုံစနစ်တွေအနက် အသုံးအများဆုံးနဲ့ အထင်ရှားဆုံး စနစ်နှစ်ရပ်ရှိတယ်။ တရပ်ကတော့ မဲအများစုရသူ နိုင်စတမ်းစနစ်ဖြစ်ပြီး နောက်တရပ်ကတော့ အချိုးကျကိုယ်စားပြုစနစ်ဖြစ်ပါတယ်။ မဲအများစုရသူ နိုင်စတမ်းစနစ်ကိုလည်း နှစ်မျိုးထပ်ခွဲကြတယ်။ သာမန်အများစုစနစ်နဲ့ အပြတ်

အသတ် အများစုစနစ်တို့ပါဘဲ။ အပြတ်အသတ် အများစုစနစ်ကို (၅၀ + ၁) ရယ်လို့သတ်မှတ်ကြပါတယ်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ဦးရေတရာအနက် စုစုပေါင်း ၅၁ မဲ ရတဲ့သူကို အနိုင်ပေးရတဲ့ စနစ်ဖြစ်ပါတယ်။ (၅၀+၁) အနေအထားကိုမရမခြင်း ထပ်မံမဲထည့် ရွေးချယ်တင်မြှောက်ကြရလေ့ရှိတယ်။

သာမန်အများစု စနစ်ရဲ့သဘောက ဒီလိုပါ။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ဦးရေတရာရှိတဲ့ မဲဆန္ဒနယ်မြေတခုမှာ ကိုယ်စားလှယ်လောင်းသုံးဦး ဝင်ရောက်ယှဉ်ပြိုင်တယ် ဆိုကြပါစို့။ တဦးက ၃၆ မဲ၊ နောက်တဦးက ၃၂ မဲ၊ နောက်တဦးက ၂၄ မဲနဲ့ ပယ်မဲက ၈ မဲ ရှိခဲ့တယ်ထားပါတော့။ မဲအများဆုံး ၃၆ မဲရတဲ့ ကိုယ်စားလှယ်လောင်းကို အနိုင်ရသူအဖြစ် သတ်မှတ်ကြေညာရပါတယ်။ ဒီအခါမှာ ဘယ်လိုသဘောသက်ရောက်သွားသလဲဆိုတော့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၁၀၀ ရှိတဲ့အနက် ၃၆ မဲ ရရုံနဲ့ အဲဒီ မဲဆန္ဒနယ်မြေရဲ့ ကိုယ်စားလှယ်အနိုင်ရသူအဖြစ် ရွေးချယ်တင်မြှောက်ခံရပါတော့တယ်။ တကယ်တော့ ဆန္ဒမဲပေးခွင့်ရှိသူ ၁၀၀ ရှိတဲ့ မဲရုံမှာ ဒီကိုယ်စားလှယ်ကို ၆၄ ဦးက မဲမပေးပါဘူး။ ဒါပေမယ့် ရွေးချယ်တင်မြှောက်ပုံစနစ်ရဲ့ အားနည်းချက်ကြောင့် သူဟာ လူထုကိုယ်စားလှယ်အဖြစ်နဲ့ လွှတ်တော်တက်ခွင့်ရသွားနိုင်ပါတယ်။

ဒါကြောင့် ဒီစနစ်ကို ဒီမိုကရေစီကျတယ်ရယ်လို့ လက်မခံတော့တဲ့နိုင်ငံတွေ အမြောက်အများရှိလာပါပြီ။ ဒါပေမယ့် မြန်မာနိုင်ငံမှာတော့ ဒီစနစ်ကိုဘဲ တောက်လျှောက်ကျင့်သုံးလာခဲ့တာ ယနေ့အချိန်အထိ ဖြစ်ပါတယ်။ ဒီစနစ်ရဲ့ မကောင်းတဲ့ အကျိုးသက်ရောက်မှုနောက်တချက်က လူမျိုးရေးအခြေခံအရ ကိုယ်စားပြုမှုကို ငြင်းပယ်လိုက်တဲ့အချက်ပါဘဲ။ မဲဆန္ဒနယ်မြေတကယ့်အများစုကြီးမှာ မြန်မာလူမျိုးတွေကဘဲ အများစုအဖြစ်နဲ့ နေထိုင်နေကြတဲ့ ဒေသတိုင်းလိုလိုမှာ မြန်မာမဟုတ်တဲ့ တိုင်းရင်းသားတွေရဲ့ ရွေးချယ်တင်မြှောက်ခံရမှုဟာ အနည်းအကျဉ်းသာ ဖြစ်သွားပါတော့တယ်။ အဆိုးဆုံးကတော့ ဒီစနစ်အောက်မှာ နိုင်ငံရေးပါတီကြီးတွေသာ အနိုင်ရလေ့ရှိပြီး ပါတီငယ်တွေရဲ့ ကိုယ်စားလှယ်တွေ လွှတ်တော်ထဲမှာ နေရာယူနိုင်ဖို့ မဖြစ်နိုင်လောက်အောင် ခက်ခဲတဲ့စနစ်ဖြစ်နေတာပါ။ ဒီစနစ်ဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်ကြတဲ့ မြန်မာနိုင်ငံနဲ့ မသင့်တော်တော့တာ ကြာပါပြီ။

နိုင်ငံရေးအရ ညှိနှိုင်းနိုင်ခွင့်ကို တန်ဖိုးထားတဲ့ တိုင်းပြည်တွေမှာ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးကြလေ့ရှိပါတယ်။ အချိုးကျ ကိုယ်စားပြုစနစ်ရဲ့ အားနည်းချက်ကတော့ မဲပေးပုံစနစ်တစုံတရာ ရှုတ်ထွေးမှုရှိတာကြောင့် မဲပေးသူလူထုအတွက် အခက်အခဲဖြစ်စေတဲ့အချက်ပါ။ ဒါပေမယ့် စနစ်တကျ ပညာပေးမှုတွေလုပ်ပြီး ဒီအခက်အခဲကို ကျော်လွှားတဲ့ နိုင်ငံတွေ အမြောက်အများ ရှိလာပါပြီ။ အားကောင်းချက်ကတော့ မတူတဲ့ လူမျိုး၊ လူ့အလွှာ၊ အတွေးအခေါ်အယူအဆ၊ ရပ်တည်လုပ်ဆောင်မှုတွေအလိုက် ဥပဒေပြုလွှတ်တော်ထဲမှာ ကိုယ်စားပြု တက်ရောက် ဆွေးနွေး ဆုံးဖြတ်ခွင့်ရတဲ့ အချက်ဖြစ်ပါတယ်။ အချိုးကျ ကိုယ်စားပြုစနစ်ရဲ့ သဘောက ဒီလိုပါ။ ဒီစနစ်အောက်မှာ နိုင်ငံရေးပါတီတွေအလိုက် ရွေးကောက်ပွဲဝင်ကြရလေ့ရှိတယ်။ ပါတီတွေက ကိုယ့်ပါတီရဲ့ ကိုယ်စားလှယ်လောင်းတွေကို အမည်စာရင်းတင်သွင်းစေပြီး ရွေးချယ်တင်မြှောက်ခံတဲ့ စနစ်ပါ။ နိုင်ငံတနိုင်ငံမှာ မဲဆန္ဒပေးပိုင်ခွင့်ရှိသူဦးရေ တသန်းရှိပြီး ရွေးချယ်တင်မြှောက်ရမယ့် လွှတ်တော်ကိုယ်စားလှယ်ဦးရေက တရာရှိတယ် ဆိုကြပါစို့။ ပါတီ

တခုခြင်းစီက ဆန္ဒမဲစုစုပေါင်း ၁၀၀၀၀ (တသောင်း) ရတဲ့ အခါတိုင်းမှာ ကိုယ်စားလှယ်ဦးရေ တဦးရွေးချယ်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ပေးပါတယ်။ ပါတီကြီး တခုက ဆန္ဒမဲ ငါးသိန်းရရင် သူ့ပါတီဟာ လွှတ်တော်ထဲမှာ ကိုယ်စားလှယ်ငါးဆယ်နေရာ ရပါလိမ့်မယ်။ ပါတီလတ်တခုက ဆန္ဒ မဲနှစ်သိန်းရရင် သူ့ပါတီက ကိုယ်စားလည် နှစ်ဆယ်နေရာ ရပါလိမ့်မယ်။ အခြားပါတီငယ်တွေကလည်း ဆယ်နေရာ၊ ငါးနေရာ စသဖြင့် အသီးသီးရကြမှာပါ။ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးတဲ့အခါမှာ သာမန်အများစုစနစ်မှာလို မဲ အလေအလွင့်တွေ မရှိတော့ဘဲ၊ အနည်းစုမဲသာရတဲ့ ပါတီတွေဖြစ်ပေမယ့် ရသလောက်မဲနဲ့ဘဲ လွှတ်တော်ထဲမှာ ကိုယ်စားပြုခွင့်ရသွားပါတော့တယ်။

နိုင်ငံရေးအရ ညှိနှိုင်းနိုင်ခွင့် အခြေအနေကို ဒီမိုကရေစီရဲ့ အသွင်လက္ခဏာဖြစ်တဲ့ ပြည်သူ့လွှတ်တော်ထဲမှာ သည်လို ဖန်တီးနိုင်မှသာ တည်ငြိမ်တဲ့ ပြည်ထောင်စုတရပ် ပေါ်ထွက်လာနိုင်မှာပါ။ ဒါတွေနဲ့ပတ်သက်လို့ နအဖရဲ့ အမျိုးသားညီလာခံထဲမှာ ဘာတခုမျှ ကျယ်ကျယ်ပြန့်ပြန့် မဆွေးနွေးခဲ့ပါဘူး။ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံထဲမှာ ထည့်သွင်းပြဋ္ဌာန်းဖို့ဆိုတာ ဝေလာ ဝေးပါဘဲ။ ဘယ်လို ရွေးချယ်တင်မြှောက်ပုံစနစ်ကို ကျင့်သုံးတဲ့ မည်သည့် ရွေးကောက်ပွဲကိုမျှ ဝင်စရာမလိုဘဲ စစ်ဗိုလ်တွေ အလိုအလျောက် လေးပုံတပုံ ပါဝင်နေမယ့် လွှတ်တော်ထဲမှာ တိုင်းရင်းသားခေါင်းဆောင်တွေအနေနဲ့ နိုင်ငံရေးအရ ညှိနှိုင်းနိုင်ခွင့်ကို ရှာလို့ကတော့ တံလျှပ်ကိုရေ ထင်ပြီး ပြေးလိုက်နေသူတွေရဲ့ ဘဝမျိုးနဲ့သာ တူနေမှာပါ။ တိုင်းရင်းသား ဝတ်စုံကြီးတွေဝတ်၊ လွှတ်တော်ထဲမှာ ဟန်ပြအထိုင်ခိုင်းခံရပြီး၊ စစ်အာဏာရှင်စနစ်ကို ကျိုးကျိုးနွံနွံ အလုပ်အကျွေးပြု နေကြရသူတွေအနေနဲ့သာ ဘဝနိဂုံး အဆုံးသတ်သွားနိုင်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။

တိုင်းရင်းသား အခွင့်အရေးနှင့် နအဖ၏ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
အပိုင်း(၅၉)

မြန်မာနိုင်ငံ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိ ရေး လှုပ်ရှားမှုကြီးအတွင်းမှာ နအဖရဲ့လာမယ့် ၂၀၁၀ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဘယ်လိုချည်းကပ်ရမယ်ဆိုတဲ့အပေါ် မရှင်းလင်းသေးတဲ့အပိုင်းတွေ ရှိနေပါသေးတယ်။ ဒါဟာလဲ အကြောင်းကြောင်းတွေကြောင့် ဖြစ်ပါတယ်။

ပထမ တကြောင်းကတော့ ပြည်တွင်း အနေအထားပါ။ အကြမ်းမဖက်ဘဲ ငြိမ်းချမ်းတဲ့ ဆန္ဒပြပွဲကို ဦးဆောင်ခဲ့တဲ့၊ တပြည်လုံးလူထုအများစုကြီးက ကြည်ညိုလေးစားတဲ့ ရဟန်းသံဃာ တော်တွေကို ရက်ရက်စက်စက် နှိမ်နင်းပြလိုက်တဲ့အပြင်၊ ဒီမိုကရေစီရေး လှုပ်ရှားတက်ကြွသူ တွေကို နှစ်ရှည်ထောင်ဒဏ်ကြီးတွေ ချမှတ်လိုက်တဲ့အခါမှာ လူထုတွေဟာ ရုတ်တရက် ဘာဆက်လုပ်ရမှန်း မသိ ကြက်သေ၊ သေ သွားခဲ့ကြတယ်။

ဒုတိယ တကြောင်းကတော့ နအဖနဲ့ အဆင်ပြေအောင်ပေါင်း၊ ရသမျှလေးတွေကို ခွဲဝေစားသောက်တတ်ကြတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတချို့နဲ့ ပြည်တွင်းက အင်အားစု တချို့တို့ကြောင့် ဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းအပြီး နိုင်ငံတကာအဖွဲ့အစည်းအချို့ ပြည်တွင်း ဝင်ရောက် လုပ်ဆောင်ခွင့်ရလာတဲ့ အခြေအနေတချို့ ရှိလာပါတယ်။ အဲဒါကိုထောက်ပြပြီး ပြည်တွင်းကို ပိုမိုဝင်ရောက်လုပ်ရင်း အကျိုးစီးပွားခံစားချင်တာကြောင့် ယောင်ဝါးဝါးနည်းဗျူ ဟာတွေ တင်သွင်းလာကြပါတယ်။ အဲဒါကတော့ လူမှုရေးလုပ်ရင်း တဖြေးဖြေးနဲ့ ရသမျှလုပ် ငန်းဂွင်ကလေးတွေကို တိုးချဲ့ လူထုအခြေခံ လူ့အဖွဲ့အစည်းလို့ခေါ်တဲ့ Civil Society အခြေခံ ကနေ လူထုအသင်းအဖွဲ့တွေ ပေါ်ပေါက်ကြီးထွားလာအောင်လုပ်၊ ဒါဆိုရင် တဖြေးဖြေး ဒီမိုကရေစီ ရလာနိုင်တယ်၊ ဒီလို ဖြစ်စေဖို့အတွက် နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲလမ်းကြောင်း အတိုင်း မြောလိုက်သွားဖို့ဆိုတဲ့ လမ်းကြောင်းဆိုင်ရာ အကြံပြုချက် ဖြစ်ပါတယ်။

အဲဒီ လမ်းကြောင်းဆိုင်ရာ အကြံပြုချက်ကို တပိုင်းက လက်ခံလို့ရနိုင်သလို ကျန်တဲ့ တပိုင်းကလဲ ရှင်းရှင်း လင်းလင်း ပယ်ချဖို့လိုပါတယ်။ လက်ခံသင့်တဲ့ အပိုင်းကတော့ လူထု အသင်းအဖွဲ့တွေ အားကောင်းလာအောင်လုပ်ပြီး လူထုအခြေခံ လူ့အဖွဲ့အစည်းအခြေခံကို တည်ဆောက်ဖို့ဆိုတဲ့ အပိုင်းပါ။ ပယ်ချသင့်တဲ့ အပိုင်းကတော့ ဒီလို လုပ်နိုင်ဖို့အတွက် နအဖရဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲလမ်းကြောင်းအတိုင်း မြောလိုက်သွားဖို့ဆိုတာ ဖြစ်တယ်။ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲလမ်းကြောင်းကို လက်ခံလျှောက်လှမ်းဖို့ ကြိုးစားမယ်ဆိုရင်တော့ လူထုအသင်းအဖွဲ့တွေ ဘယ်တော့မှ အားကောင်းကောင်းပေါ်လာမှာ မဟုတ်လို့ပါဘဲ။

နအဖနဲ့ သင့်အောင်လုပ်ပြီး စီးပွားရေးအကျိုးအမြတ်ရှာခြင်တဲ့ နိုင်ငံတချို့ ဥရောပမှာ ရော အရှေ့တောင်အာရှနိုင်ငံတွေ အတွင်းမှာပါ ရှိကြတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ် အချို့မှာပင် ဥရောပ သမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကြီး မစ္စတာ ဖက်စီနီ ဆိုသူ ဂျပန်နိုင်ငံ

ကို သွားရောက်ပြီး နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲ လမ်းကြောင်းအတိုင်း လျှောက်လှမ်းသင့်တဲ့ သဘောမျိုးကို စည်းရုံးပြောဆိုခဲ့တာ သတိပြုမိကြပါလိမ့်မယ်။ ဒီလို တိုင်းပြည်တချို့နဲ့ နိုင်ငံတကာ အဖွဲ့အစည်းတချို့ဟာ ပညာရှင်တွေရဲ့တွေ့ရှိချက် လိုလို ဘာလိုလို လေသံမျိုးနဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်ကောင်းမွန်မှု ရှိလာအောင် အင်ဒိုနီးရှားနိုင်ငံကို အတုယူသင့်တယ်လို့ ထောက်ပြလာပြန်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ အာဏာရှင် စစ်ဗိုလ်ချုပ်ကြီး ဆူဟာတိုက သမတအဖြစ် တိုင်းပြည်အုပ်ချုပ်ခဲ့စဉ်မှာ လူထုအသင်းအဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေ အဓိက ပေါ်ပေါက်လာပြီး တိုင်းပြည်အခြေအနေ တဖြေးဖြေး ပြောင်းလဲသွားခဲ့ တယ်ဆိုတဲ့ အချက်ကို လေ့လာသင့်တာ အမှန်ပါဘဲ။ ဒါပေမယ့် ဒါကို တမျိုး အဓိပ္ပါယ်ကောက်ယူတဲ့ အခါမှာတော့ တက်တက်စင်လွဲသွားပါတော့တယ်။ ဘယ်လို လွဲသလဲဆိုတော့ အင်ဒိုနီးရှား နိုင်ငံမှာ စစ်ဗိုလ်ချုပ်က သမတ အဖြစ်တိုင်းပြည်မှာတက်ပြီး အုပ်ချုပ်တာဟာ ပြဿနာ မဟုတ်ဘူး။ ဒီမိုကရေစီကို တဖြေးဖြေး ပြောင်းသွားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာလည်း နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံနှင့်အညီ စစ်ဗိုလ်ချုပ်က သမတ တက်လုပ်မယ်ဆိုလည်း အကြောင်းမဟုတ်ဘူး။ ဒီမိုကရေစီကို တဖြေးဖြေး ပြောင်းသွားနိုင်တယ်ဆိုတဲ့ ခြုံယူဆင်ခြင်အမှားကို ချပြလာတဲ့အခါမှာ တက်တက်စင်လွဲသွားရခြင်း ဖြစ်ပါတယ်။

အင်ဒိုနီးရှားနဲ့ မြန်မာနိုင်ငံ မတူတဲ့အချက်တွေ အမြောက်အများ ရှိပါတယ်။ စာရေးသူ ကိုယ်တိုင် အင်ဒိုနီးရှားကို သွားရောက်လေ့လာခဲ့ဘူးတဲ့ အတွေ့အကြုံကနေ ထုတ်နှုတ်တင်ပြပါမယ်။ မတူတာ ဘာတွေလဲဆိုတော့ –

(၁) အင်ဒိုနီးရှားမှာ စစ်ဗိုလ်သမတ ဖြစ်ခဲ့ပေမယ့် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ အညီ ကိုယ်စားလှယ်ဦးရေ ထောင်နဲ့ချီရှိတဲ့ လွှတ်တော်ထဲမှာ စစ်ဗိုလ်အရေအတွက်က ဆယ်ဂဏန်းသာ ပါရှိခဲ့တယ်။ မြန်မာနိုင်ငံမှာတော့ နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုယ်စားလှယ်ဦးရေ ရာဂဏန်းလောက်သာရှိမယ့် လွှတ်တော်ထဲမှာ လေးပုံတပုံက စစ်ဗိုလ်တွေ ဖြစ်နေပါလိမ့်မယ်။

(၂) ဗိုလ်ချုပ်ကြီး ဆူဟာတို အုပ်ချုပ်နေစဉ်ကာလမှာကိုဘဲ အင်ဒိုနီးရှားနိုင်ငံအတွင်းမှာ လူ့အခွင့်အရေး အဖွဲ့အစည်းတွေ၊ အလုပ်သမားသမဂ္ဂတွေ၊ လယ်သမားအဖွဲ့အစည်းတွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့တွေ၊ အမျိုးသမီးရေးရာအဖွဲ့တွေ၊ ဥပဒေရေးရာအဖွဲ့တွေ အားကောင်းကောင်း လှုပ်ရှားခွင့်ရခဲ့တယ်။ အင်ဒိုနီးရှား ဥပဒေရေးရာ ဖေါင်ဒေးရှင်းဆိုတာ တပြည်လုံးကလေးစားရတဲ့ အဖွဲ့အစည်းကြီး ဖြစ်တယ်။ ပြည်နယ် (၁၈) ခုမှာ ရုံး (၁၈)ရုံးဖွင့်ပြီး လူထုကို ဥပဒေရေးရာအရ အကူအညီပေးနိုင်ခဲ့တယ်။

မြန်မာနိုင်ငံမှာတော့ ပေါ်ပေါ်ထင်ထင် လူ့အခွင့်အရေးလှုပ်ရှားတဲ့ အဖွဲ့ဆိုလို့ တဖွဲ့ထဲသာ ရှိတဲ့အနက် ဦးဆောင်တဲ့ ဦးမြင့်အေးတို့ ထောင်ထဲရောက်နေကြပါပြီ။ လူမှုရေးအရ နာဂစ် ဆိုင်ကလုံးခံရတဲ့ လူထုကို အကူအညီပေးတဲ့ လူရွှင်တော် ဇာဂနာပြစ်ဒဏ်ကြီးကြီးမားမား ခံနေရပြီ။ လက်ရှိအခြေ အနေအတိုင်းဆိုရင် ဥပဒေအဖွဲ့အစည်းကြီး တရပ်ပေါ်ပေါက်ဘို့ နေနေ သာသာ တရားခွင်မှာ လိုက်ပါ ဆောင်ရွက်နေတဲ့ ရှေ့နေကြီးတွေကိုတောင် ပြစ်ဒဏ်စီရင် နေပါပြီ။

(၃) အင်ဒိုနီးရှားမှာ နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းတွေ အင်ဒိုနီးရှားနိုင်ငံ အတွင်းကို လွတ်လွတ်လပ်လပ် အချိန်မရွေးဝင်ရောက်ခွင့် ရရှိသာမက၊ ပြည်တွင်းမှာရှိတဲ့ လူ့အခွင့်အရေး အဖွဲ့အစည်းတွေနဲ့ အချိန်မရွေး တွေ့ဆုံဆွေးနွေးခွင့်တွေရကြတယ်။ အစည်း အဝေးတွေ၊ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေး ပွဲတွေ ကျင်းပခွင့်ရကြတယ်။ သက်ဆိုင်ရာဒေသခံ လူထုအဖွဲ့အစည်းတွေကို ငွေရေးကြေးရေး အကူအညီတွေ တိုက်ရိုက်ပေးခွင့်ရကြတယ်။ မြန်မာနိုင်ငံမှာတော့ ဒီအခြေအနေတွေအားလုံး ကင်းမဲ့နေပါတယ်။

(၄) အင်ဒိုနီးရှားမှာ ဗိုလ်ချုပ်ကြီး ဆူဟာတို အုပ်ချုပ်နေစဉ်မှာကိုဘဲ သတင်းစာ လွတ်လပ် ခွင့်၊ သတင်းလွတ်လပ်ခွင့်တွေ ထိုက်သင့်အားလျော်စွာရရှိခဲ့တယ်။ မြန်မာနိုင်ငံမှာတော့ သတင်းစာလွတ်လပ်ခွင့်အတွက် လှုပ်ရှားသူတွေကို နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်နေပါတယ်။

(၅) အင်ဒိုနီးရှားမှာ မွတ်ဆလင်ဘာသာရေး အဖွဲ့အစည်းတွေ အားကောင်းတယ်။ အစိုးရကို လွှမ်းမိုးနိုင်စွမ်းရှိခဲ့တယ်။ အထူးသဖြင့် ဟာဘီဘီ သမတအဖြစ် အုပ်ချုပ်ခဲ့စဉ်မှာ ဘာသာရေးအဖွဲ့ အစည်းတွေရဲ့ ဖိအား အစိုးရအပေါ်ကျရောက်မှုဟာ အတော်အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့တယ်။ မြန်မာနိုင်ငံမှာတော့ ဒီ အနေအထားကို ရိုက်ချိုးဘို့ ၂၀၀၇ ခုနှစ် စက်တဘ်ာလ သံဃာ့လှုပ်ရှားမှုကြီးကို အပြတ် ဖိနှိပ်ခဲ့တာပါဘဲ။

ဒီလို နှိုင်းယှဉ်တင်ပြလိုက်တဲ့အတွက် နအဖ စစ်အစိုးရရဲ့ ဖိနှိပ်အုပ်ချုပ်မှုအောက်မှာ လူထုအသင်းအဖွဲ့ တွေ အားကောင်း၊ ကြီးထွားမလာနိုင်ဘူး၊ လူထုအခြေခံ လူ့အဖွဲ့အစည်း **(Civil Society)** အခြေခံတွေ ပေါ်ပေါက်လာမှာ မဟုတ်ဘူးရယ်လို့ မဆိုလိုပါ။ လွတ်လပ်တဲ့ လူထုအသင်းအဖွဲ့တွေ အားကောင်း၊ လူထုအခြေခံ လူ့အဖွဲ့အစည်းအခြေခံတွေ ပေါ်ပေါက် လာရေးအတွက် အဖိနှိပ်ခံလူထုတွေကိုယ်တိုက်ပွဲဝင်နေကြပါပြီ။ ဒီလိုဖြစ်လာစေရေးမှာ

ထိထိရောက်ရောက် အထောက်အပံ့ဖြစ်စေဘို့ ဘာတွေ လုပ်ရှားလုပ်ဆောင်သင့်ပါသလဲ။ လွတ်လပ်တဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းလှုပ်ရှားမှုကို ကန့်သတ်ဟန့်တားထားတဲ့ တည်ဆဲမတရားတဲ့ ဥပဒေတွေ ဖျက်သိမ်းရေး၊ လွတ်လပ်တဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းလှုပ်ရှားမှုကို အာမခံချက်ပေးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ပေါ်ပေါက်ရေး၊ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် ထူထောင်နိုင်ရေး၊ လွတ်လပ်တဲ့သတင်းဌာနတွေ ပေါ်ပေါက်ရေး၊ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းတွေ ပြည်တွင်းမှာ လွတ်လွတ်လပ်လပ် လှုပ်ရှားလုပ်ဆောင်ခွင့်ရရေး အစရှိတာတွေကို အဓိကထား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဆင်းရဲဒုက္ခရောက်နေတဲ့ လူထုတွေကို လူမှုရေးအကူအညီပေးတာကောင်းမွန်တဲ့ အလုပ်ပါ။ လူထုအတွက်လည်း အကျိုးရှိသင့်သလောက် ရှိပါတယ်။ လုပ်ဆောင်နေတဲ့ နိုင်ငံတကာနဲ့ ပြည်တွင်းက အဖွဲ့အစည်း တွေမှန်သမျှကို လေးစားအသိအမှတ်ပြုရမှာပါဘဲ။ ဒါပေမယ့် လူမှုရေးအ ကူအညီပေးတဲ့ အဆင့် လောက် လှုပ်ရှားလုပ်ဆောင်နိုင်တာကို ကြီးကြီးကျယ်ကျယ်ထောက်ပြပြီး ဒီလိုလုပ်ရုံနဲ့ တင်ဘဲ ရေရှည်မှာ

လူထုအဓိက လူ့ အဖွဲ့အစည်း ပေါ် လာမယ်၊ တဖြေး ဖြေးနဲ့ ဒီမိုကရေစီ ရသွားလိမ့်မယ်ဆိုတဲ့ တင်ပြချက်မျိုးကတော့ စိတ်ကူးယဉ်သက် သက်ဘဲ ဖြစ်ပါလိမ့်မယ်။

အင်ဒိုနီးရှားနဲ့ မြန်မာနိုင်ငံ လုံးဝ မတူကွဲပြားခြားနားတဲ့ အင်မတန်အရေးကြီးတဲ့ အချက်တရပ် ရှိပါတယ်။ အဲဒါကတော့ အင်ဒိုနီးရှားမှာ အာချေးပြည်နယ်လို ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိဘို့ ကြိုးစားတဲ့ ပြည်နယ်တချို့ ရှိပေမယ့် မြန်မာနိုင်ငံမှာလို တိုင်းရင်းသားရေးရာကိစ္စတွေ ရှုတ်ထွေးနက်ရှိုင်းခြင်း မရှိပါဘူး။ မြန်မာနိုင်ငံမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ တိုင်းရင်းသားဒေသတွေအနှံ့ ရပ်တည်လှုပ်ရှားနေတဲ့ အနေအထားမျိုးကို အင်ဒိုနီးရှားနိုင်ငံ စတင်ပြောင်းလဲတဲ့ ၁၉၉၈ ခုနှစ်အထိ မရှိခဲ့ပါဘူး။ ဒါကြောင့် အခုလို အရေးကြီးတဲ့ တိုင်းရင်းသား ပြည်သူတွေ၊ အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကို မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာလှုပ်ရှားမှုတွေကနေ အသိအမှတ်ပြုထည့်သွင်း ဆောင်ရွက်ခြင်း မရှိသမျှကာလပတ်လုံး၊ စစ်မှန်တဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လှုပ်ရှားမှုတွေ မပေါ်ပေါက်သမျှကာလပတ်လုံး မြန်မာနိုင်ငံအခြေအနေ တိုးတက်ကောင်းမွန်မှာ မဟုတ်တဲ့အကြောင်း တင်ပြလိုက်ပါတယ်။

တိုင်းရင်းသား အခွင့်အရေးနှင့် နအဖ၏ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
အပိုင်း(၆၀)

လူထုရဲ့အခြေခံ အခွင့်အရေးတွေကို ပြဋ္ဌာန်းထားပြီး အစိုးရအာဏာပိုင်တွေရဲ့ လုပ်ပိုင်ခွင့်ကို ကန့်သတ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းဟာ တိုင်းပြည်တည်ဆောက်ရာမှာ ဝင်ရိုးသဖွယ် အရေးပါတဲ့အရာဖြစ်ပါတယ်။ ဒါနဲ့ပြောင်းပြန် ပေါ်ပေါက်တည်ရှိမယ့် ဖွဲ့စည်းပုံမျိုးကတော့ တိုင်းပြည်ကို တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး။ ဆိုလိုတာကတော့ လူထုရဲ့အခွင့်အရေးတွေကို အခြေခံအားဖြင့်ငြင်းပယ်ပြီး အုပ်ချုပ်သူ အာဏာပိုင်တွေရဲ့လုပ်ပိုင်ခွင့်တွေကိုသာ အဓိကထားပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံမျိုးဟာ တိုင်းပြည်ကို ဖျက်ဆီးမှာ မုချဖြစ်လို့ပါဘဲ။

နအဖရဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေဟာ တိုင်းပြည်ကို လုံးဝဥဿုံပျက်သုဉ်းခြင်းဆီကို ဦးတည်သွားမယ့် အခြေခံ ဥပဒေအစစ် ဖြစ်ပါတယ်။ ဘာကြောင့် သည်လို ဆိုရတာပါလဲ။ နအဖရဲ့ အခြေခံဥပဒေဟာ လူထုအခွင့်အရေးတွေကို အခြေခံအားဖြင့် ငြင်းပယ်ပြီး အုပ်ချုပ်သူ အာဏာပိုင်တွေရဲ့ လုပ်ပိုင်ခွင့်တွေကိုသာ အဓိကထား ပြဋ္ဌာန်းထားတဲ့ ဥပဒေ အစစ်ဖြစ်ပါတယ်။ ဒါတင်သာ မကပါဘူး။ တိုင်းရင်းသား အင်အားစုတွေအတွင်း ယုံကြည်မှု တည်ဆောက်နိုင်တဲ့ အခြေခံ လုံးလုံးလျားလျား ကင်းမဲ့တဲ့ နောက်ခံအကြောင်းအချက်တွေကနေ နအဖဟာ သူ့ရဲ့ ၂၀၀၈ ခုနှစ်နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအကြပ် အတည်ပြုခဲ့တာကြောင့်ဖြစ်ပါတယ်။

တိုင်းရင်းသား အင်အားစုတွေအတွင်း ယုံကြည်မှု တည်ဆောက်နိုင်တဲ့ အခြေခံ ကင်းမဲ့တဲ့ သမိုင်းကြောင်းအချက်အလက်နဲ့ နောက်ခံအကြောင်းတွေကတော့ များလှပါတယ်။ ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြောလိုရင်း မဟုတ်ပါ။ နအဖ ရဲ့ဖွဲ့ စည်းပုံရေးဆွဲရေး ဖြစ်စဉ် အတွင်းမှာတင် ဖြစ်ပွားခဲ့တဲ့ လတ်တလော အကြောင်းတွေကို ထောက်ပြရုံလောက်သာ ဖြစ်ပါတယ်။

ပထမ အကြောင်းကတော့ နအဖ ရဲ့ဥပဒေဘောင်ထဲ မဝင့်တဝင် အခြေအနေအောက်က ဖြစ်ပွားခဲ့တာပါ။ တိုင်းရင်းသား လက်နက်ကိုင် အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေနဲ့ ပတ်သက်ပါတယ်။ ဥပဒေ ဘောင်ထဲ မဝင့်တဝင်လို့ ပြောရတာက ဒီလိုပါ။ တကယ်တော့ ဥပဒေ အခြေခံသက်သက်အရ ပြောရရင် ဥပဒေနဲ့ ဆန့်ကျင်တဲ့ ကိစ္စဖြစ်ပါတယ်။ ဥပဒေ ဘောင်ထဲကို လုံးဝ မဝင်ပါဘူး။ ဒါပေမယ့် အုပ်ချုပ်ခွင့်ရနေတဲ့ နအဖက အစိုးရနေရာကနေပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေဟာ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြပြီလို့ အတင်းအကြပ် ကြေငြာခဲ့တာ အကြိမ်ပေါင်းများစွာပါဘဲ။ တဖက်မှာကလည်း အဲဒီ အဖွဲ့အစည်းတွေကို တရားဝင် နိုင်ငံရေးပါတီ ထူထောင်ရပ်တည်ခွင့်ကို ဥပဒေနဲ့အညီ ယခုအချိန်အထိ ဆောင်ရွက်ပေးခြင်း လုံးဝမရှိသေးပါဘူး။ ဒီအခြေအနေကို ရည်ညွှန်းတာ ဖြစ်ပါတယ်။

ဖြစ်ခဲ့တဲ့ ဖြစ်ရပ်က ဒီလိုပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဘို့ နအဖရဲ့ အမျိုးသား ညီလာခံကျင်းပနေစဉ် အတွင်းမှာ အပစ်အခတ်ရပ်စဲရေး လုပ်ထားခဲ့တဲ့ တိုင်းရင်းသား

လက်နက်ကိုင် အဖွဲ့ အစည်း (၁၃) ဖွဲ့ ပူးပေါင်းပြီး ၂၀၀၄ ခုနှစ် ဇွန်လ (၉) ရက်နေ့ မှာ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး အခြေခံတွေကို အကြံပေးချက်အဖြစ်တင်သွင်း ခဲ့ကြတယ်။ ဒါပေမယ့် နအဖက ဒီအကြံပေးချက်တွေအပေါ် အမျိုးသားညီလာခံ ပြီးသွားတဲ့ အချိန်အထိ ဘာတခုမှ အရေးယူဆောင်ရွက်ခြင်း မရှိခဲ့ဘူး။ အဲဒီ အချိန်ကစလို့ အပစ်အခတ်ရပ်စဲရေး လုပ်ထားခဲ့တဲ့တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ မျှော်လင့်ချက်တွေ ပျက်စီး၊ ယုံကြည်မှုတွေကင်းမဲ့ သွားခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ဒါကို ပေါ်ပေါ်ထင်ထင် တုန့်ပြန်ခဲ့တဲ့တိုင်းရင်းသား အဖွဲ့အစည်းတွေ ရှိလာပါတယ်။ သာဓကအားဖြင့် ပြောရရင် ၂၀၀၈ ခုနှစ် မေလမှာ နအဖကျင်းပခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုမယ့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ရှမ်းပြည် အရှေ့မြောက်ပိုင်းက ဝပြည် သွေးစည်း ညီညွတ်ရေးပါတီ (ဝသပ) ကြီးစိုးတဲ့ အခြေခံဒေသတွေမှာ ဒေသခံလူထုတွေက နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို တခဲနက် ပယ်ချခဲ့တဲ့ကိစ္စကို အထင်အရှား တွေ့နိုင်ပါတယ်။ ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲ အတွင်းမှာ တိုင်းရင်းသား အခြေခံကနေ ကြည့်ရင် ဒီလိုထူးခြားတဲ့ ဖြစ်ရပ်မျိုး ဒီတခုထဲသာ ရှိတယ်။ မြန်မာနိုင်ငံ တဝှမ်းလုံးမှာရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း တွေ အနက် (ဝသပ)ဟာ အင်အားအကြီးမားဆုံးဖြစ်တယ်။ ဒီလို အဖွဲ့အစည်းကြီးက နအဖ ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို အယုံအကြည် မရှိဘူးလို့ အထင်အရှားပြလိုက်တာဟာ အထူး သတိပြုစရာပါဘဲ။ ဒီလိုပြနိုင်တာဟာလည်း နအဖရဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ လုပ်မယ့် အာဏာပိုင်တွေကို သူ့နယ်ထဲကို မဝင်အောင် တားဆီးနိုင်ခဲ့လို့ ဖြစ်ပါတယ်။ (ဝသပ)က သူ့ဖါသာသူ မဲပုံးထောင်၊ လူထုကို မဲထည့်ခိုင်းပြီး၊ ရလဒ်ကို နအဖဆီ ပေးပို့လိုက်တယ်လို့ သိရပါတယ်။

ဒုတိယအကြောင်းကတော့ နအဖရဲ့ ဥပဒေဘောင် ထဲကနေ တိုင်းရင်းသားအခွင့်အရေး တိုးတက်ရရှိဘို့ ကြိုးပမ်းစွမ်းဆောင်ခဲ့တဲ့ ဦးခွန်ထွန်းဦး အပါအဝင် ရှမ်းတိုင်းရင်းသား ခေါင်း ဆောင် ရှစ်ဦးကို ထောင်ဒဏ် (၇၅) နှစ်ကနေ (၁၀၆)နှစ် အထိ ချမှတ်လိုက်တဲ့ ကိစ္စဖြစ် ပါတယ်။ အဓိကပြစ်မှုကြီး ကတော့ ရှမ်းပြည် ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းပြီး နိုင်ငံရေးအရ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးကိစ္စတွေ ဆောင်ရွက် သွားဘို့ ကြိုးပမ်းခဲ့ကြလို့ပါ။ ဖက်ဒရယ်ပြည်ထောင်စုတည် ဆောက်ရေးလုပ်ရှားမှုတွေကို အမျိုးသားညီလာခံ အတွင်းမှာ လုပ်ဆောင်ဘို့ ကြိုးစားတဲ့ တိုင်းရင်းသား အဖွဲ့အစည်းတွေ ရှိနေတဲ့ တချိန်ထဲမှာ ဦးခွန်ထွန်းဦး ဦးဆောင်တဲ့ ရှမ်းတိုင်းရင်းသား ခေါင်းဆောင်တွေက ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံ ကောင်စီဖွဲ့စည်းပြီး အမျိုးသားညီလာခံအပြင်ကနေ ဆက်လက်တွန်းအား ပေးသွားမယ့် နိုင်ငံရေး ခြေလှမ်းမျိုးဖြစ်ပါတယ်။ တိုင်းရင်း

သားတွေကို တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ပေးမယ့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှာကို နအဖအနေနဲ့ ကျားထက်ပိုပြီးကြောက်ပါတယ်။ ဒီမှာတင် ငြိမ်းချမ်းတဲ့ တိုင်းရင်းသား နိုင်ငံရေးလှုပ်ရှားမှုကိုရာဇဝတ်မှု မြောက်အောင် ဘောင်သွင်းပြီး စီရင်လိုက်ခြင်း ပါဘဲ။ ဒီမတရားမှုကြီးကို ကြည့်ပြီး အခြားရှမ်းတိုင်းရင်းသား ခေါင်းဆောင်တွေနဲ့ လူထုတွေ အတွင်းမှာ ဘယ်လောက်အထိအောင် ယုံကြည်မှုတွေ ပျက်ယွင်းသွားမလဲဆိုတာ သုံးသပ်ကြည့် နိုင်ပါတယ်။

တတိယ အကြောင်းကတော့ နအဖရဲ့ ဥပဒေဘောင် အပြင်ဘက်ကနေ ယနေ့အချိန် အထိ လက်နက်ကိုင် တိုက်ပွဲဆင်နွှဲနေဆဲ ဖြစ်တဲ့ ကရင်အမျိုးသားအစည်းအရုံး(ကေအင်ယူ)ရဲ့ယုံကြည်မှုပျက်ယွင်းတဲ့ ကိစ္စပါ။ ကရင်အမျိုးသားအစည်းအရုံး (ကေအင်ယူ)ရဲ့ အဓိက ခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးစောဘိုမြဟာ နအဖနဲ့ နိုင်ငံရေးအရတွေ့ဆုံ ဆွေးနွေးရေး လုပ်ဘို့ကြိုးစားခဲ့ပါသေးတယ်။ နအဖ ဘက်ကတော့ သူဆင်ထားတဲ့ အမျိုးသားညီလာခံ တက်ဘို့ ကေအင်ယူကို မြူဆွယ်တဲ့ အခြေခံနဲ့ချည်းကပ်ခဲ့တယ်။ မရတဲ့အခါမှာတော့ အခြား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေလို အပစ်အခတ်ရပ်စဲရေးလုပ်ဘို့ နအဖက ကေအင်ယူကို ခွင့်မပြုခဲ့ဘူး။ ဘာကြောင့် အဲ့သည်လို ဖြစ်ခဲ့တယ်ဆိုတာကို ဗိုလ်မှူးဟောင်း အောင်လင်းထွတ်က ဒီမိုကရက်တစ် မြန်မာ့အသံ ရုပ်မြင်သံကြားမှာ မကြာသေးခင်က ရှင်းပြ သွားခဲ့တယ်။ သူက ကေအင်ယူဟာအင်မတန်သနားစရာ ကောင်းတယ်ဆိုတဲ့ စကားနဲ့ စတင် ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကေအင်ယူကိုတော့ အခြား အဖွဲ့တွေလို မဟုတ်ဘဲ လက်နက်ချခိုင်းဘို့ ညွှန်ကြားခဲ့လို့ ပါဘဲတဲ့။ အဓိကကတော့ သူပုန်ကို မွေးထားဘို့ ဆိုတဲ့အချက်ဖြစ်သတဲ့။ ဆိုလိုခြင်တာက ကေအင်ယူအနေနဲ့ လက်နက်မချနိုင်လို့ ဆက်တိုက်နေမှသာ သူပုန်ရှိမယ်။ သူပုန်ရှိနေမှ တပ်မတော်ကြီးထွား စည်ပင်အောင်လုပ်လို့ ရမယ့် သဘောမျိုး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗျူဟာချမှတ်ခဲ့တယ်လို့ ဆိုလိုတာပါ။

ဗိုလ်မှူးဟောင်း အောင်လင်းထွတ် သိမသိ ပြောလို့မရပေမယ့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် မသိချင်ယောင်ဆောင်နေတဲ့ အချက်တခုကို ပြောခြင်ပါတယ်။ အဲဒါကတော့ စစ်အာဏာရှင်စနစ်ကို အကောင်အထည် ဖေါ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီး နေဝင်းကစလို့ အဆက်ဆက် စစ်ခေါင်းဆောင်တွေဟာ ကြီးမားတဲ့ စစ်တပ်ကြီးကို တည်ထောင်ခဲ့ပေမယ့် ပြည်တွင်းစစ် အနှစ် ခြောက်ဆယ်ခန့်အတွင်းမှာ စစ်ရေးသက်သက်နဲ့ ဘယ်တော်လှန်ရေး အဖွဲ့အစည်းကိုမှ နိုင်အောင် မတိုက်နိုင်ခဲ့ဘူး ဆိုတဲ့အချက်ပါ။

ဘယ်လိုဘဲဖြစ်ဖြစ် တိုင်းရင်းသားအရေးနဲ့ပတ်သက်ပြီး ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်တွေဘက်က နအဖအပေါ် တစုံတရာထားရှိဘို့ ကြိုးစားခဲ့တဲ့ မျှော်လင့်ချက် ကလေး တောင် ပျောက်ဆုံးသွားပြီလို့ တွက်ဆလို့ ရနိုင်ပါတယ်။ ကရင်အမျိုးသား အစည်းအရုံးအပေါ် သနားစရာ အနေအထား သဘောထားပြီး နိုင်ငံရေး ကစားဘို့ ကြိုးစားခဲ့တဲ့ နအဖအပေါ် ယုံကြည်မှုတည်ဆောက်ဘို့ ဆိုတာကတော့ မဖြစ်နိုင်လောက်အောင်ကို ခဲယဉ်းသွားပါပြီ။

ဒီလို အခြေအနေမျိုးဖြစ်တာဟာ အခုမှ မဟုတ်ပါဘူး။ ကရင်အမျိုးသား အစည်းအရုံး ဗဟိုဌာနချုပ်နဲ့ တပ်ပေါင်းစုဗဟိုဌာနချုပ်ဖြစ်တဲ့ မာနယ်ပလောကို နအဖက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့စဉ်တုံးက တကြိမ်ကြုံခဲ့ပါသေးတယ်။

ကရင်အမျိုးသား အစည်းအရုံး ဗဟိုဌာနချုပ်နဲ့ တပ်ပေါင်းစုဗဟိုဌာနချုပ်ဖြစ်တဲ့ မာနယ်ပလော ကျဆုံးသွားခဲ့တာဟာလည်း နအဖက စစ်ရေးနဲ့ အနိုင်တိုက်နိုင်ခဲ့လို့ မဟုတ်ပါဘူး။ တိုင်းရင်းသားပေါင်းစုံတော်လှန်ရေးတပ်တွေနဲ့ ကျောင်းသားတပ်မတော်တို့ ပူးပေါင်းခုခံစစ်ဆင်နွှဲခဲ့တဲ့အခါမှာ ခွေးအိပ်တောင်တဝိုက်မှာ နအဖတပ်တွေ အထိနာခဲ့တယ်ဆိုတာ သမိုင်းဖြစ်သွားပါပြီ။ ဒီလို အထိနာတာက တကြောင်း၊ သူတို့ရဲ့အမျိုးသားညီလာခံကို အမွှန်းတင်ခြင်တာက တကြောင်းနဲ့ ၁၉၉၂ ခုနှစ် ဧပြီလ (၂၈) ရက်နေ့မှာ နဝတ က တဖက်သတ် အပစ်အခတ်ရပ်စဲကြောင်း ကြေငြာခဲ့ရတယ်။ အဲဒီတုန်းက ကကကြည်းရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်က စစ်ဆင်ရေးအထူး အဖွဲ့မှူး ဗိုလ်ချုပ်မောင်လှက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုလျက် ကရင်ပြည်နယ်အတွင်း ထိုးစစ်များအားလုံးကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အတိအလင်း ကြေငြာခဲ့တာပါ။

တကယ်တော့ နဝတ စစ်ခေါင်းဆောင်တွေက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုတယ်ဆိုတာဟာ ကျားက သက်သတ်လွတ်စားတယ်ဆိုတာမျိုးသာဖြစ်ပါတယ်။ စစ်ရေးအရ အရေးမသာလို့သာ တဖက်သတ်အပစ်အခတ်ရပ်စဲရေး လုပ်နိုင်ဘို့ အကြောင်းပြလိုက်တာသာ ဖြစ်ခဲ့တယ်။ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် တပ်ဖွဲ့တွေအတွင်း ဗုဒ္ဓဘာသာနဲ့ ခရစ်ယန်အကြား သွေးထိုးဖြိုခွဲနိုင်တဲ့အခါမှာတော့ သူ့ဇာတိရုပ် ပြန်ပေါ်လာပါတော့တယ်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ တဖက်သတ် အပစ်အခတ်ရပ်စဲခဲ့တဲ့ နဝတ ဟာ သူ့ဘက်က အခြေအနေကောင်းတာနဲ့ ဘာအကြောင်းပြချက်မှ မပေးတော့ဘဲ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ (၂၄) ရက်နေ့မှာ ထိုးစစ်ပြန်စခဲ့တယ်။ အခု ဒီကေဘီအေ လို့ပြောင်းလဲ မှည့်ခေါ်လိုက်တဲ့ ဗုဒ္ဓဘာသာ ကရင်စစ်သားတွေကို လမ်းပြခိုင်းပြီး မာနယ်ပလောကို နောက်ဘေးပေါက်ကနေ အလစ်အငိုက် ဝင်တိုက်သိမ်းခဲ့ပါတော့တယ်။ နအဖက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုတယ်ဆိုတဲ့စကားဟာ ရေပေါ်မှာ အရုပ်ရေးသလိုပါဘဲ။ တိုင်းရင်းသားခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေဘက်ကနေ ကြည့်မယ်ဆိုရင် ဘာတခုမှ ယုံကြည် နိုင်စရာ အကြောင်းမရှိပါ။ ဒီလို ယုံကြည်စရာအကြောင်း လုံးဝ ကင်းမဲ့တဲ့ နိုင်ငံရေးနောက်ခံကနေ၊ မြန်မာနိုင်ငံမှာ အဓိကကျတဲ့ တိုင်းရင်းသားအဖွဲ့အစည်းကြီးတွေရဲ့ သဘောဆန္ဒကို ထင်ဟပ်ခြင်းလုံးဝမရှိဘဲ စစ်အာဏာရှင်စနစ် ရေရှည်တည်မြဲဘို့သာ ရေးဆွဲထားတဲ့ နအဖရဲ့ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆုတ်ဖြဲပြီး သမိုင်းအမှိုက်ခြင်းထဲ ထည့်လိုက်တော့ရန်သာ ရှိတဲ့အကြောင်း တင်ပြရင်းနိဂုံးချုပ်ပါရစေ။

တရားစီရင်ရေးဆိုင်ရာ

နိုင်ငံရေးအမှုများကို လိုက်ပါဆောင်ရွက်နေသော ရှေ့နေများကို ဖမ်းဆီးထောင်ချမှုအပေါ် ရှေ့နေတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း

သတင်းနှင့်မှတ်တမ်းဌာန

မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် နှစ်တိုနှစ်ရှည်အကျဉ်းကျခံနေရသူပေါင်း (၂,၀၀၀) ကျော်ရှိသည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)က ထုတ်ပြန်ထားသည်။ မြန်မာစစ်အစိုးရက သူတို့နှင့် ယုံကြည်ချက်မတူညီ၊ သဘောထား ကွဲသူများကို အငြိုးအတေးဖြင့် ဥပဒေနှင့်မညီဘဲ ထောင်ဒဏ်များချမှတ်နေပြီး ရပ်ဝေးထောင် များသို့ ပြောင်းရွှေ့ ပို့ဆောင်ခြင်းများပင် ပြုလုပ်လျက်ရှိကြောင်း ပြည်တွင်းနှင့် နိုင်ငံတကာ အသိုင်းအဝန်းများ က ဝေဖန်ကြသည်။

ရပ်ဝေးထောင်များသို့ ပြောင်းရွှေ့ပို့ဆောင်ခြင်းခံရသူများ၏ မိသားစုများက သူတို့၏ ဆွေမျိုးသားချင်းများထံ ထောင်ဝင်စာသွားတွေ့ရန် ခရီးဝေးခြင်း၊ လမ်းပမ်းဆက်သွယ်ရေး မချော မွေ့ခြင်း၊ ခရီးစရိတ်များမြင့်မားခြင်း၊ အာဏာပိုင်များက နှောင့်ယှက်ခြင်း စသည်တို့ကြောင့် ဒုက္ခရောက်ကြရကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်နှင့်ပတ်သက်ပြီး သိရှိနိုင်ရန် မကြာသေးမီကမှ ထိုင်း– မြန်မာနယ်စပ်သို့ ရောက်ရှိလာသော နိုင်ငံရေးရှေ့နေ စောကျော်ကျော်မင်း ကို မဇ္ဈိမကမေး မြန်းခွင့်ရခဲ့သည်။ ကိုစောကျော်ကျော်မင်း သည် ရှေ့နေတဦးဖြစ်ပြီး နယ်စပ်သို့မထွက်ခွာမီအထိ နိုင်ငံရေးအမှုပေါင်း (၁၄) မှု လိုက်ခဲ့သူဖြစ်သည်။ ထို့အပြင် အင်းစိန်မြို့နယ် အမျိုးသားဒီမိုကရေ စီအဖွဲ့ချုပ် (အန်အယ်ဒီ) လူငယ်တာဝန်ခံဖြစ်ခဲ့သည်။

လှိုင်သာယာမြို့နယ်တရားရုံးမှာ ကိုသန့်ဇင်မျိုး အပါအဝင် ၁၁ ဦးအမှုမှာ အမှုသည် တချို့က တရားစီရင်ရေးကို အယုံအကြည်မရှိဘူးဆိုပြီး ဆန္ဒပြခဲ့တာနဲ့ ပတ်သက်လို့ ကိုစော ကျော်ကျော်မင်း နဲ့အတူ ရှေ့နေ ကိုညီညီထွေး တို့ကို ထောင်ဒဏ် ၆ လစီ စီရင်ချက်ချလိုက် တယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အကျဉ်းချုံးပြောပြပေးပါလားဗျာ။

၂၀၀၇ ခု အောက်တိုဘာ ၂၃ ရက်မှာ ကိုသန့်ဇင်မျိုးအပါအဝင် ၁၁ ဦးကို စစ်တာမှာ ကိုညီညီထွေးရော၊ ကျနော်ရော နှစ်ယောက်စလုံး အဲဒီအမှုမှာ ပါဝါတင်ထားတဲ့အတွက် သွားပြီး စစ်ဆေးခဲ့ပါတယ်။ ကိုရန်နိုင်ထွန်းရဲ့ ရှေ့နေက ကိုညီညီလှိုင် ဖြစ်တယ်ဗျာ။ သူက အဲဒီနေ့မှာ တခြားရုံးချိန်းတခုနဲ့တိုက်နေလို့ မအားတဲ့အတွက် မလာနိုင်ဘူး။ ကိုရန်နိုင်ထွန်းက သူကိုယ်တိုင်ပဲ တရားလိုနဲ့ အပြန်အလှန် မေးခွန်းသုံးလေးခွန်းလောက်မေးပြီးတဲ့အခါမှာ သူက တရားသူကြီးကို တော့ လေးစားပါတယ်တဲ့၊ တရားစီရင်ရေးစနစ်ကိုတော့ အယုံအကြည်မရှိဘူးလို့ ပြောပြီးတော့ သူက တရားသူကြီးကို ကျောပေးထိုင်တာပေါ့။ တရားသူကြီးက ကိုရန်နိုင်ထွန်းကို ဒီဘက်ကို

ပြန်လှည့်ထိုင်ပါဆိုပြီး ပထမဆုံးပြောတယ်။ အဲဒါ သူက မထိုင်တဲ့အပြင်ကို နောက်ထပ် ကိုအောင်မင်းနိုင် ခေါ် မီးသွေး၊ မျိုးကျော်ဇင်ရယ် ၂ ယောက်ကပါ သူ့လိုပဲပြောပြီး နောက်လှည့် ထိုင်လိုက်တယ်။

အဲဒီတော့ တရားသူကြီးကနေ ကဲ ရှေ့နေတွေ ဒီဘက်ကို လှည့်ထိုင်ပေးဖို့ သူတို့ကိုပြောပါဦးတဲ့။ ကျနော်တို့ကနေ ရှေ့နေဆိုတာ အမှုသည်တွေရဲ့ ညွှန်ကြားချက်နဲ့ အညီ လိုက်ပါဆောင်ရွက်ရတာဖြစ်တယ်။ အဲဒီလိုဖြစ်တဲ့အတွက် ဒီအမှုမှာတော့ဖြင့်ရင် အမှုသည်တွေကိုယ်၌ကနေ ပြုမူဆောင်ရွက်တဲ့ ကိစ္စရပ်တွေမှာ ကျနော်တို့ ရှေ့နေတွေအနေနဲ့ ဝင်ရောက်ပါဝင်လိုခြင်းမရှိဘူး။ ဝင်ရောက်ပြောဆိုလိုခြင်း မရှိဘူးလို့ ပြောလိုက်တယ်ပေ့ါ။ တရားသူကြီးက ဒါဆိုရင်တော့ ကောင်းပြီတဲ့ အမှုဆက်စစ်လို့ မရတော့ဘူးပေ့ါနော်။ နောက်တရက်ကို ရုံးချိန်းပေးလိုက်တယ်။ ၂၄ ရက်နေ့ကျတော့ လှိုင်သာယာမြို့နယ်တရားသူကြီးက တရားလိုလုပ်ပြီးတော့ မြောက်ပိုင်းခရိုင်တရားရုံးမှာ ကျနော်တို့ကို တရားစွဲတယ်။ တရားရုံးရဲ့ အမှုစစ်ဆေးနေတာကို နှောင့်နှေးကြံ့ကြာအောင်လုပ်တယ်ဆိုပြီး ပြစ်မှုဥပဒေပုဒ်မ ၂၂၈ နဲ့ စွဲတာ။

အမှုသည်က အခုလို ကျောပေးဆန္ဒပြတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ရှေ့နေတွေကို ထောင်ဒဏ် ၆ လစီ ချလိုက်တယ်ဆိုတာ ဥပဒေရှုထောင့်ကကြည့်ရင် အဆီအငေါ်တည့်ရဲ့လားဗျာ။

ပြစ်မှုဥပဒေပုဒ်မ ၂၂၈ ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုက ပြည်သူ့ဝန်ထမ်းတဦးက ပြည်သူ့ဝန်ထမ်းအဖြစ်နဲ့ တရားစစ်ဆေးစီရင်နေတဲ့အချိန်မှာ ကြိုတင်ကြံရွယ်ချက်နဲ့ပေ့ါ၊ တမင်တကာကိုပဲ နှောင့်နှေးကြံ့ကြာအောင်လုပ်တာကို ဆိုလိုတာပါ။ ဒါပေမဲ့ အဲဒီနေ့က ကျနော်တို့ရှေ့နေတွေက တမင်ကြံရွယ်ချက်နဲ့ နှောင့်နှေးကြံ့ကြာအောင် လုပ်တာမရှိဘူး။

နောက်တခုက ပြစ်မှုဥပဒေပုဒ်မ ၂၂၈ နဲ့ တရားစွဲမယ်ဆိုရင် တရားရုံးတွေကနေပြီးတော့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀၊ ပုဒ်မခွဲ ၁ ကို လိုက်နာကျင့်သုံးရတယ်။ အဲဒီမှာဆိုရင် ပုဒ်မ ၂၂၈ နဲ့ တရားစွဲရင် ထောင်ဒဏ် ၁ လ ဒါမှမဟုတ်ရင် ငွေဒဏ် ၂၀၀ ပဲချမှတ်ရမယ်လို့ ပြဋ္ဌာန်းချက်ရှိတယ်။ အဲဒီလိုပြဋ္ဌာန်းချက်ရှိတဲ့အတွက် ကိုညီညီထွေး အပါအဝင် ကျနော့်ကို ထောင်ဒဏ် ၆ လ ချလိုက်တာကတော့ဖြင့် ဥပဒေနဲ့ လုံးဝ ညီညွတ်မှုမရှိဘူး။ တရားမျှတမှုမရှိဘူးလို့ပဲ မြင်တယ်လေ။ ပြီးတော့ ဒီလိုဆန္ဒပြတာနဲ့ ပတ်သက်ပြီး ရှေ့နေတွေကသွားပြီး တားမြစ်ပေးရမယ်လို့လည်း ကျနော် လေ့လာခဲ့ဖူးသလောက် ဥပဒေပြဋ္ဌာန်းချက် မရှိပါဘူး။

နိုင်ငံရေးအမှုတွေကို မလိုက်ခင်မှာ ကိုစောကျော်ကျော်မင်းက ၂၀၀၇ ခုနှစ် မေလ ၁ ရက်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် အင်းစိန်ကျောက်တော်ကြီးမှာ မစုစုနွေး တို့နဲ့အတူ ဆုတောင်းပွဲလုပ်ခဲ့လို့ အဆွဲခံခဲ့ရတယ်။ စက်တင်ဘာသံဃာတွေကိစ္စတုန်းကလည်း ပါဝင်ခဲ့တယ်။ အဲဒီလို နိုင်ငံရေးလှုပ်ရှားမှုတွေလုပ်လို့ မတရားစီရင်ချက်ချခံရတယ်လို့ရော ယူဆလား။

ကျနော်က ဥပဒေကျောင်း တက်နေတဲ့အချိန်မှာကို အန်အယ်ဒီ အဖွဲ့ဝင်ဖြစ်နေပြီး နိုင်ငံရေးလုပ်ခဲ့တာ တချက်ပေါ့လေ။ တခြား နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ လုပ်ကိုင်တာတွေကို လည်း ကူညီတဲ့အပေါ်မှာ ကျနော့ကို အာဏာပိုင်တွေက ရန်ငြိုးအာဃာတရှိတယ်လို့တော့ ကျနော်မြင်တယ်။

ကျိုက္ကဆံစစ်ဆေးရေး၊ မှော်ဘီရဲတပ်ရင်း ၃ ၊ ရဲတပ်ရင်း ၆ ၊ အောင်သပြေ စစ်ကြောရေးတွေကိုလည်း အပို့ခံရပြီး စစ်ဆေးခံခဲ့ရတယ်လို့ သိရတယ်။ အားလုံးပေါင်း ဘယ်လောက်ကြာသွားလဲ။ ပြီးတော့ အာဏာပိုင်တွေက ဘာတွေ ဘယ်လို စစ်ဆေးမေးမြန်းလဲဗျ။

၁၅ ရက် ၅ လ ၂၀၀၇ ကနေပြီးတော့ ၂၇ ရက် ၇ လပိုင်း ၂၀၀၇ အထိ။ ၂ လကျော်လောက်ကြာမယ်။ စစခေါ်သွားချင်း ကျိုက္ကဆံစစ်ကြောရေးမှာ စစ်ပါတယ်။ မေးတာကတော့ ဒီလိုမျိုးဝတ်ပြုဆုတောင်းပွဲလုပ်တာ ဘယ်သူက ဦးဆောင်တာလဲ။ ဆုတောင်းပွဲမှာ ၂၉ ယောက်လုံးပါအောင် ဘယ်သူက လိုက်ပြီးစည်းရုံးတာလည်း။ ဒီ Free Aung San Suu Kyi အင်္ကျီတွေကို ဘယ်သူက ထုတ်ပေးတာလဲ။ ဒီ Free Aung San Suu Kyi အင်္ကျီတွေရဖို့အတွက် ဘယ်လိုမျိုး ငွေစုလဲပေ့ါ။ တကယ်လို့ အဖမ်းမခံရဘူးဆိုရင် ဘယ်လိုအစီအစဉ်တွေနဲ့ ဆက်လုပ်မလဲ။ အဲဒါတွေ အဓိကထားပြီး မေးတာပေ့ါ။

ကျိုက္ကဆံစစ်ကြောရေးမှာ ၃ ရက်ပေ့ါ။ ကျနော်တို့ အဖမ်းခံရတာ ၂၉ ယောက်။ နောက် အဲဒီမှာပဲ ကိုသန့်ဇင်မျိုးတို့ ၁၁ ယောက်ဆိုတော့ ၄၀ လောက်ရှိတယ်။ စစ်ဆေးတာကတော့ သက်သက်ညှာညှာပါပဲ။ ရဲတပ်ရင်း ၆ ကို ကျနော်တို့ ၅ ယောက် ပြောင်းခံရတယ်။ တိုက်ပိတ်ခံရတယ်။ အဲဒီမှာကျတော့ ဘာလာပြောလဲဆိုတော့ အထက်က လူကြီးတွေက လွှတ်ပေးချင်ပါတယ်တဲ့၊ ဒါပေမဲ့ ကျနော်တို့တွေက ခေါင်းမာတဲ့လူတွေ ဖြစ်နေတယ်တဲ့။ ပြန်ထွက်သွားရင် နိုင်ငံရေးလုပ်မလား မလုပ်ဘူးလား အဲဒါသိချင်တယ်တဲ့။ ကျနော်တို့က လုပ်မယ်လို့ ပြောလိုက်တယ်။ နောက်ဆုံး အက်စ်ဘီက တာဝန်ခံတယောက်ရောက်လာပြီး စစ်ကြောရေးလုပ်တယ်။ တောထဲနဲ့ အဆက်အသွယ် ရှိလားတဲ့၊ အဓိကမေးတယ်။ နောက်နေ့ ပြန်လွှတ်တာပဲ။

ရုံးထုတ်စစ်ဆေးတဲ့အခါမှာ တရားရုံးခန်းထဲမှာ ဘယ်သူတွေရှိလဲဗျ။

တရားခံရှိမယ်၊ ရှေ့နေရှိမယ်၊ ရဲတွေရှိမယ်၊ နောက် ကိုသန့်ဇင်ဦးတို့နှစ်မှုလုံး လှိုင်သာယာရော၊ ကမာရွတ် တရားရုံးရောမှာဆိုရင် လုံထိန်းကား ၂–၃ စီးပါချထားတယ်။ ပြီးတော့ တရားရုံးဝန်းထဲမှာလည်း ကြံ့ခိုင်ရေးတို့ စွမ်းအားရှင်တို့ အယောက် ၁၀၀ ကျော်လောက်ကို စောင့်ကြပ်နေတာပေ့ါ။ စစ်နေရင် တရားရုံးအပေါက်ဝမှာ သူတို့က ပိတ်ထားတယ်။ မိသားစုတွေ ဝင်လို့မရအောင်။ ကိုသန့်ဇင်မျိုးတို့က လှိုင်သာယာရုံးမှာ ပြစ်မှုဥပဒေ ၁၄၃–၁၄၅–၁၅၂–၅၀၅ (ခ) တွေနဲ့ စွဲခံထားခဲ့ရတာပေ့ါ။ ၁၀ နှစ်ကျော်တွေကျမယ်ထင်တယ်။ အတိအကျတော့ မသိရသေးဘူး။ တခြားအမှုတွေမှာ စစ်ဆေးခန်းထဲ အက်စ်ဘီဝင်တာလည်းရှိတယ်။ ကျနော့် အမှုတွေမှာတော့ အပေါက်ဝမှာ ရပ်စောင့်နေတာ တွေ့ရတယ်။

ရှေ့နေနဲ့ အမှုသည်က အမှုသွားအမှုလာကို တွေ့ဆုံဆွေးနွေးတဲ့ ကိစ္စက ဘယ်လောက် အရေးကြီးလဲ။

တော်တော်ကိုပဲ အရေးကြီးပါတယ်။ အမှုအကြောင်းချင်းရာကိုသိထားမှ။ အမှုစစ်ဆေးတော့ ကောင်းကောင်းမွန်မွန် ခုခံချေပနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျနော်ကြုံခဲ့ရတာကတော့ အမှုသည်ဆီက ညွှန်ကြားချက်ရဖို့ နေနေသာသာပေါ့။ လိုက်ပါဆောင်ရွက်ဖို့ကို မနည်းကို ကြိုးစားလုပ်ဆောင်ရပါတယ်။ ကိုရံရွှေတို့ ကိုမြင့်အေးတို့အမှုမှာဆို ဒီရှေ့နေတွေကို ဘာလို့ ငှားတာလဲ၊ ဒီရှေ့နေတွေနဲ့ ဘယ်လိုအဆက်အသွယ်ရှိနေလဲဆိုပြီး အမှုသည်တွေကို ဖိအားပေးတာတွေရှိပါတယ်။ ကျနော်တို့ သူတို့အမှုကို လိုက်မယ်လို့ ပါဝါတင်လိုက်ပြီး ပြန်သွားတဲ့ အချိန် အမှုသည်တွေကို ထောင်ထဲပြန်ထည့်ချိန် အက်စ်ဘီတို့ စရဖ တို့က ထောင်ထဲမှာကိုလာနေပါတယ်။ သူတို့မိသားစုတွေကိုလည်း ဖိအားပေးတယ်လို့ သိရပါတယ်။

စီရင်ချက်ချတဲ့အခါမှာ တရားသူကြီးတွေကရော ဘယ်လောက်အထိ လွတ်လပ်မှုရှိလဲဗျ။

လုံးဝကို လွတ်လပ်မှုမရှိဘူးလို့ပဲ ပြောရမှာပဲ။ ဒီအမှုတွေနဲ့ပတ်သက်ပြီးတော့။ ထင်ထင်ရှားရှား အမှုတခုကိုပြဆိုရင် ကျနော့အမှုပဲလေ။ ဒုတိယတရားသူကြီးကိုယ်၌က မင်းတို့ကိုတဲ့ ဒီနေ့ပဲ ဖမ်းချုပ်ဖို့ အထက်က အမိန့်ပေးတယ်ဆိုတော့ တရားခွင်မှာ တရားသူကြီးက လွတ်လွတ်လပ်လပ် ဆုံးဖြတ်ရမယ့်လူလေ။ အထက်က အမိန့်ပေးတယ်ဆိုတာက သူ့စကားထဲမှာကို ပါနေပြီ။ ဘယ်လောက်အထိတောင် လွှမ်းမိုးမှုရှိနေလဲဆိုတာ။ နောက်တချက်က ကိုဖိုးဖြူ လိုက်ပါဆောင်ရွက်နေတဲ့ ကိုသန့်ဇင်ဦး အမှုကြည့်ရင် ပြည်ထဲရေးဝန်ကြီးဌာနကနေ ကိုသန့်ဇင်ဦးကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ချမှတ်ပေးပါဆိုတဲ့စာ တရားရုံးမှာရောက်နေပြီး အဲဒီစာကြီးကို တရားသူကြီးက ထုတ်ပြတယ်။ အင်းစိန်မြို့နယ် ဒုတိယတရားသူကြီး ဒေါ်ဘေဘီက။ ကိုသန့်ဇင်ဦး ကို ကိုယ်တိုင်ထုတ်ပြတာ။ ရှင့်ကို ဒီမှာစာရောက်နေတယ်ဆိုတဲ့ အနေအထားမျိုးပေါ့။

ဒီနေ့မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးစနစ်အပေါ် ဘယ်လိုမြင်လဲဗျာ။ အတိုချုံးပေါ့။

အတိုချုံးပြောရရင် မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးမှု လုံးဝမရှိဘူးလို့ ပြောချင်တယ်ဗျာ။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ၊ ယုံကြည်ချက်အတွက် လုပ်ဆောင်နေတဲ့သူတွေကို ပြစ်ဒဏ်အရှည်ကြီးတွေ ချမှတ်လိုက်တာတော့ဖြစ်ရင် ရန်ငြိုး အာဃာတနဲ့ဗျာ ဂလဲ့စားချေတဲ့သဘောမျိုးနဲ့ကို ချမှတ်တာဖြစ်တယ်။ ဥပဒေဆိုတာကတော့ဗျာ အုပ်ချုပ်သူရဲ့ အကျိုးစီးပွား ကိုကာကွယ်ပေးပြီး ပြည်သူလူထုကို ဖိနှိပ်တယ်ဆိုရင် တရားဥပဒေစိုးမိုးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။

ရှေ့နေနဲ့ အမှုသည်က အမှုသွားအမှုလာကို တွေ့ဆုံဆွေးနွေးတဲ့ကိစ္စက ဘယ်လောက် အရေးကြီးလဲ။

တော်တော်ကိုပဲ အရေးကြီးပါတယ်။ အမှုအကြောင်းချင်းရာကိုသိထားမှ။ အမှုစစ်ဆေးတော့ ကောင်းကောင်းမွန်မွန် ခုခံချေပနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျနော်ကြုံခဲ့ရတာကတော့

အမှုသည်ဆီက ညွှန်ကြားချက်ရဖို့ နေနေသာသာပေါ့။ လိုက်ပါဆောင်ရွက်ဖို့ကို မနည်းကို ကြိုးစားလုပ်ဆောင်ရပါတယ်။ ကိုရဲရွှေတို့ ကိုမြင့်အေးတို့အမှုမှာဆို ဒီရှေ့နေတွေကို ဘာလို့ ငှားတာလဲ၊ ဒီရှေ့နေတွေနဲ့ ဘယ်လိုအဆက်အသွယ်ရှိနေလဲဆိုပြီး အမှုသည်တွေကို ဖိအား ပေးတာတွေ ရှိပါတယ်။ ကျနော်တို့ သူတို့အမှုကို လိုက်မယ်လို့ ပါဝါတင်လိုက်ပြီး ပြန်သွားတဲ့ အချိန် အမှုသည်တွေကို ထောင်ထဲပြန်ထည့်ချိန် အက်စ်ဘီတို့ စရဖတို့က ထောင်ထဲမှာကို လာနေပါတယ်။ သူတို့မိသားစုတွေကိုလည်း ဖိအားပေးတယ်လို့ သိရပါတယ်။

စီရင်ချက်ချတဲ့အခါမှာ တရားသူကြီးတွေကရော ဘယ်လောက်အထိ လွတ်လပ်မှုရှိလဲဗျ။

လုံးဝကို လွတ်လပ်မှုမရှိဘူးလို့ပဲ ပြောရမှာပဲ။ ဒီအမှုတွေနဲ့ပတ်သက်ပြီးတော့။ ထင်ထင် ရှားရှား အမှုတခုကိုပြဆိုရင် ကျနော့အမှုပဲလေ။ ဒုတိယတရားသူကြီးကိုယ်၌က မင်းတို့ကိုတဲ့ ဒီနေ့ပဲဖမ်းချုပ်ဖို့ အထက်က အမိန့်ပေးတယ်ဆိုတော့ တရားခွင်မှာ တရားသူကြီးက လွတ်လွတ် လပ်လပ် ဆုံးဖြတ်ရမယ့်လူလေ။ အထက်က အမိန့်ပေးတယ်ဆိုတာက သူ့စကားထဲမှာကို ပါနေ ပြီ။ ဘယ်လောက်အထိတောင် လွှမ်းမိုးမှုရှိနေလဲဆိုတာ။ နောက်တချက်က ကိုဖိုးဖြူ လိုက်ပါ ဆောင်ရွက်နေတဲ့ ကိုသန့်ဇင်ဦး အမှုကြည့်ရင် ပြည်ထဲရေးဝန်ကြီးဌာနကနေ ကိုသန့်ဇင်ဦး ကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ချမှတ်ပေးပါဆိုတဲ့စာ တရားရုံးမှာရောက်နေပြီး အဲဒီစာကြီးကို တရားသူကြီးကထုတ်ပြတယ်။ အင်းစိန်မြို့နယ် ဒုတိယတရားသူကြီး ဒေါ်ဘေဘီက။ ကိုသန့်ဇင်ဦး ကို ကိုယ်တိုင်ထုတ်ပြတာ။ ရှင့်ကို ဒီမှာစာရောက်နေတယ်ဆိုတဲ့ အနေအထားမျိုးပေါ့။

ဒီနေ့မြန်မာနိုင်ငံရဲ့ တရားစီရင်ရေး စနစ်အပေါ် ဘယ်လိုမြင်လဲဗျာ။ အတိုချုံးပေါ့။

အတိုချုံးပြောရရင် မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးမှု လုံးဝမရှိဘူးလို့ ပြောချင်တယ်ဗျာ။ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေ၊ ယုံကြည်ချက်အတွက် လုပ်ဆောင်နေတဲ့သူတွေကို ပြစ်ဒဏ် အရှည်ကြီးတွေ ချမှတ်လိုက်တာတော့ဖြစ်ရင် ရန်ငြိုးအာဃာတနဲ့ဗျာ ဂလဲ့စားချေတဲ့ သဘော မျိုးနဲ့ကို ချမှတ်တာဖြစ်တယ်။ ဥပဒေဆိုတာကတော့ဗျာ အုပ်ချုပ်သူရဲ့ အကျိုးစီးပွားကို ကာ ကွယ်ပေးပြီး ပြည်သူလူထုကို ဖိနှိပ်တယ်ဆိုရင် တရားဥပဒေစိုးမိုးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။

(မှတ်ချက်။ ။ အထက်ပါဆောင်းပါးသည် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် မဇ္ဈိမသတင်းဌာနမှ ဖော်ပြထားချက်ကို စာစောင်ပရိတ်သတ်များအား ပြန်လည်တင်ပြ ခြင်းဖြစ်သည်။)

တရားဥပဒေစိုးမိုးရေး

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

အင်းစိန်ထောင်တွင်းတရားရုံးမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်မင်းထွတ်နှင့် ဦးညီပု တို့အား ထောင်ဒဏ် ၂၇ နှစ်စီချမှတ်လိုက်သည့်အပေါ် သုံးသပ်တင်ပြခြင်း

အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ပန်းတနော်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ တင်မင်းထွတ် နှင့် ငွေမြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီပုတို့ ၂ ဦးအား အာဏာပိုင်များက ၂၀၀၈ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ရုံးတင်စစ် ဆေးခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦးသည် တရားရင်ဆိုင်ရာတွင် ရှေ့နေရှေ့ရပ်များဖြင့် ခုခံချေပခွင့်မရရှိဘဲ အင်းစိန်ထောင်တွင်း အထူးတရားရုံးမှ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ထောင်ဒဏ်၂၇ နှစ် စီချမှတ်ခဲ့သည့် အမှုဖြစ်သည်။

ချမှတ်သည့်ဥပဒေပုဒ်မများ၏ မူရင်းအဓိပ္ပါယ်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ) ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ – "ပုဒ်မ – ၅၀၅ – မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလဟာလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင် –

(ခ) နိုင်ငံတော်အစိုးရကို ဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ၊ ထိခိုက်သည့် ပြစ်မှုကို တစ်ဦး တစ်ယောက် သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူတစ်စုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်ခုခုဖြစ်စေရန်အကြံရှိလျှင် (သို့တည်းမဟုတ်)ထိုသို့ ဖြစ်တန်ရာသည့် အကြောင်းရှိလျှင် –

ထိုသူကို နှစ်နှစ်ထိထောင်ဒဏ် တမျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟုဖော်ပြ ထားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်–၂၀၀၄
အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ – အခန်း(၁၂) ပြစ်မှုနှင့်ပြစ်ဒဏ်များ ပုဒ်မ–၃၃ ပြဋ္ဌာန်းချက်မူရင်းအဓိပ္ပာယ်

မည်သူမဆို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသည့်ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ–

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆

ပုဒ်မ – ၃ မည်သူမဆို သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆို အောက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ–

(က) နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တို့ကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ခ) အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးကို ရှေးရှု၍ အမျိုးသားညီလာခံက ဆောက်ရွက်လျက်ရှိသော လုပ်ငန်းများကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊ သေးသိမ်စေရန်ဖြစ်စေ၊ ပြည်သူများ အထင်အမြင်လွှဲမှားစေရန်ဖြစ်စေ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဃ) တရားဝင်ဆောက်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်း သို့မဟုတ် ရေးဆွဲဖြန့်ဝေခြင်း၊

(င) အထက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

ပုဒ်မ – ၄။ မည်သူမဆို ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး (၅) နှစ်မှ အများဆုံး (၂၀) နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အထက်ဖော်ပြပါ ဥပဒေ ပုဒ်မများ၏ မူရင်းအဓိပ္ပါယ်များကို လေ့လာသုံးသပ်ပါက

ပြည်သူလူထု၏ မိမိနိုင်ငံကောင်းရာ ကောင်းကျိုးကို ဆောင်ရွက်ရာတွင် လွန်စွာအရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သော လွတ်လပ်စွာထင်မြင်ယူဆခွင့် လွတ်လပ်စွာဟောပြောစည်းရုံးခွင့်၊ လွတ်လပ်စွာရေးသားဖြန့်ဝေခွင့်စသည့် အခွင့်အရေးများကို တင်းကျပ်စွာပိတ်ပင်ထားလျက်ရှိကြောင်းပေါ်လွင်စေသည့်အပြင် အစိုးရ၏ အာဏာ လွန်ကဲမှုကို ကြီးမားစွာ အကာအကွယ်ပေးထားကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ပြင်၎င်းဥပဒေများ ပုဒ်မများသည် တရားကိုယ်သဘောသဘာဝချင်း ထပ်တူကျတူညီနိုင်သည်ဟူ၍ပင် ကောက်ယူသုံးသပ်ပါက ရနိုင်ပေသည်။

ဥပဒေကြောင်းအရမှားယွင်းလျက်ရှိကြောင်း သုံးသပ်တင်ပြချက်

၁။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးအား ၂၀၀၈ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့တွင် စတင်ဖမ်းဆီးပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင်မှ ရုံးတင်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးအား ဖမ်းဆီးသည့်နေ့မှာ ၂၀၀၈ခုနှစ် ဩဂုတ် ၁၂ ရက်ဖြစ်ပြီး၊ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ တရားစွဲတင်သည့်အတွက် တရားခံများအား ဖမ်းဆီးချုပ်နှောင်ထားသည်မှာ ၆ လနီးပါးခန့်ကြာမြင့်ခဲ့ပါသည်။ **ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၆၁** ပြဋ္ဌာန်းချက်အရ ဖမ်းဆီးထားသူကို နှစ်ဆယ့်လေးနာရီထက်ကျော်လွန်၍ ချုပ်မထားရ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ (၁) အရ** ချုပ်နှောင်ထားခြင်းသည် စုစုပေါင်းရက်သုံးဆယ်ထက် မပိုရဟူသော ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ **ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၁** ပြဋ္ဌာန်းအရ ဖမ်းဆီးခဲ့သူကို နှောင့်နှေး ကြန့်ကြာခြင်းမရှိဘဲ သက်ဆိုင်ရာ တရားရုံးရှေ့သို့ ခေါ်ဆောင်သွားရမည်ဟူသော ပြဋ္ဌာန်းချက်ကိုလည်းကောင်း ဆန့်ကျင်လျက် ဖမ်းဆီးပြီးနောက်ပိုင်း အထက်ဖော်ပြပါ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မများကို ဖမ်းဆီးချုပ်နှောင်သူများကိုယ်တိုင် မလိုက်နာခဲ့ကြောင်းတွေ့ရှိရသည့်အတွက် ယင်းအမှုကို လက်ခံစစ်ဆေးခဲ့သော တရားရုံးကိုယ်၌ သည်ပင်လျှင် တရားဥပဒေ စိုးမိုးရေးကို ငြင်းပယ်သည့် သဘောသို့ သက်ရောက်စေပါသည်။

၂။ စွပ်စွဲခံရသူ မည်သူမဆို တရားရင်ဆိုင်ရာတွင် ရှေ့နေရှေ့ရပ်များဖြင့် ခုခံချေပပိုင်ခွင့်ရှိသည်မှာ ဥပဒေအရ ပေးအပ်ထားသည့် အခွင့်အရေးဖြစ်သည်။ **၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၂ (စ) " ခုခံ ချေပ ခွင့်ပေးခြင်း၊ "** ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ **၃၄၀ (၁)** အရ ရှေ့နေဖြင့် ခုခံချေပနိုင်ခွင့်ပေးခြင်းစသည့် ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံ တရားရုံးများက မလွဲမသွေလိုက်နာကျင့်သုံးရမည့် ပြဋ္ဌာန်းချက်များဖြစ်သည်။ သို့သော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမှ ရှေ့နေကိုယ်စာလှယ်လွှဲစာ လွှဲအပ်ထားသောရှေ့နေများအား ထောင်အာဏာပိုင်များက အကျဉ်းထောင်တွင်း တရားရုံးသို့ ဝင်ရောက်အမှုရင်ဆိုင်ပိုင်ခွင့်မပေးခြင်း၊ ခုခံချေပလျှောက်လဲခွင့်မပေးခဲ့ခြင်းသည် လက်ရှိ မြန်မာနိုင်ငံတရားစီရင်ရေးစနစ်တွင် တရားမျှတမှုမရှိကြောင်း ထင်ဟပ်ပေါ်လွင်စေသည်။

၃။ အမျိုးသားညီလာခံ လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ရေးကို နှောင့်ယှက် ဆန့်ကျင့်ခြင်းမှ ကာကွယ်သည့် ဥပဒေ၊ ဥပဒေအမှတ် ၅/၉၆ အရ ပြစ်ဒဏ်များ ချမှတ်ထား သော်လည်း အမှန်တကယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးအား စတင်ဖမ်းဆီးသည့် နေ့မှာ အမျိုးသားညီလာခံပြီးဆုံးသည့်နေ့ထက် များစွာနောက်ကျနေသည်ကို တွေ့ရပါသည်။ ထို့ပြင် မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့မှ ၂၀၀၈ခုနှစ် ၊ ဧပြီလ (၈) ရက်နေ့တွင် အမျိုးသားညီလာခံ၊ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်ရေးကိုနှောင့်ယှက် ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ အမှတ် (၅/၉၆) သည် နိုင်ငံတကာ ဥပဒေစံချိန် စံ ညွှန်းများနှင့်မကိုက်ညီ၍လည်းကောင်း၊ ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်နိုင်ခွင့်ကို ကန့် သတ်ချုပ်ခြယ်ရာရောက်သည့်အတွက် လည်းကောင်း ၊ အာဏာပိုင်များ စိတ်ကြိုက်တိုင်းပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသို့ ရေးဆွဲနိုင်ရန်အတွက် ကန့်သတ်ပြဌာန်းထားခြင်း ဖြစ်၍ လည်းကောင်း၊ ဖျက်သိမ်းသင့်ပါကြောင်း ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့နည်းတူစွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း ထိုဥပဒေကိုဖျက်သိမ်းသင့်ပါကြောင်း ထုတ်ပြန်ကြေငြာထားပြီးဖြစ် သည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးသည် ပြည်သူ့လွှတ်တော်သို့ တရားဝင်တက် ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း အာဏာပိုင်များအနေဖြင့် နိုင်ငံတော်ပြန်တမ်းများတွင် တရားဝင်ထုတ်ပြန်ထားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဆိုပါ ၅/၉၆ ဥပဒေဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးကို ပြစ်ဒဏ်များချမှတ်ထားခြင်းမှာ အာဏာပိုင်များအနေဖြင့် –

– ပြည်သူလူထု၏ ဆန္ဒကို မျက်ကွယ်ပြုရာရောက်သည့်အပြင် စစ်မှန်သော ဒီမိုကရေစီ စနစ်ကို ငြင်းပယ်ရာရောက်ကြောင်း၊
– တရားဥပဒေ စိုးမိုးရေးကို လျစ်လျူရှုရာရောက်ကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ် ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ
နေ့စွဲ–မတ်လ(၉)ရက်၊ ၂၀၀၉–ခုနှစ်

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

မတရားအသင်းအဖြစ် ကြေငြာခြင်းခံထားရသော အသင်းအဖွဲ့များကို မတရားအသင်းအဖြစ်မှ ပြန်လည်ရုပ်သိမ်းပေးသင့်ကြောင်း ဥပဒေရေးရာထုတ်ပြန်ကြေငြာချက်

၁။ မတရားအသင်းအက်ဥပဒေကို မြန်မာနိုင်ငံလွတ်လပ်ရေး မရမီ နှစ်ပေါင်း (၄၀)၊ ၁၉၀၈ ခုနှစ်တွင် ဗြိတိသျှ ကိုလိုနီအစိုးရက The Unlawful Association Act, ၁၉၀၈ အဖြစ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က ဗြိတိသျှအစိုးရသည် ၎င်းတို့၏ နေမဝင်အင်ပါယာကို ချဲ့ထွင်လျှက်ရှိပြီး အုပ်ချုပ်သော ကိုလိုနီနိုင်ငံများအပေါ် ၎င်းတို့၏ ဩဇာအာဏာအရှည်တည်တံ့ လွှမ်းမိုးနေစေရန် ရေးရှု၍လည်းကောင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက် သူများ၏ စုစည်းညီညွတ်မှုအင်အားကို ဖိနှိပ်ချုပ်ချယ်ဖြိုခွင်းနိုင်ရန် ကြံရွယ်ချက်ဖြင့်လည်းကောင်း၊ ယင်းဥပဒေကို ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေကိုပင် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဆက်လက်ကျင့်သုံးခြင်းဖြင့်လည်းကောင်း၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင်လည်း ဆက်လက်ကျင့်သုံးခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်များတွင်လည်း ဆက်လက်ကျင့်သုံးခြင်းဖြင့် လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် နိုင်ငံရေးအသင်းအဖွဲ့များကို မတရားအသင်းအဖြစ်ကြေငြာခဲ့သည်။

၂။ မတရားအသင်းအဖြစ်အဓိပ္ပါယ်ဖွင့်ဆိုချက်

ယင်းဥပဒေအရ မတရားအသင်းဆိုသည်မှာ –

(က) ရုန့်ရင်းကြမ်းတမ်းမှုများနှင့် ခြိမ်းခြောက်မှုများကို ကျူးလွန်ရန် – အားပေး/ကူညီ/ ပြုကျင့်လေ့ ရှိသောအဖွဲ့အစည်း သို့မဟုတ် အဖွဲ့ဝင်များပါဝင်သော အသင်း –

(ခ) ဤဥပဒေ အပ်နှင်းသော အာဏာများအရ အစိုးရက မတရားအသင်းဟု ကြေငြာခြင်းခံရသော အဖွဲ့အစည်း စသည်တို့ဖြစ်သည်။

၃။ မြန်မာနိုင်ငံအစိုးရအဆက်ဆက်၏ မတရားအသင်း အဖြစ်ကြေငြာခြင်း ခံခဲ့ကြရသော အသင်းအဖွဲ့များသည် ယနေ့မျက်မှောက်ကာလတွင် မတရား အသင်းအဖြစ်

သတ်မှတ်၍ မရနိုင်တော့သည့် ရပ်တည်ချက်များဖြင့် ရပ်တည်လျှက်ရှိကြောင်း အောက်ပါအတိုင်းဥပဒေရေးရာသုံးသပ်တင်ပြပါသည်။

ယနေ့ကာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအား လက်နက်ကိုင်ခြင်းနည်းဖြင့်လည်းကောင်း၊ ငြိမ်းချမ်းသောနည်းဖြင့်လည်းကောင်း၊ တော်လှန်ရေးကို ဆက်လက်လုပ်ဆောင်လျှက်ရှိသော အဖွဲ့အစည်းများသည် ရှန့်ရင်းကြမ်းတမ်းမှုများ၊ ခြိမ်းခြောက်မှုများနှင့် လက်နက်ကိုင် သောင်းကျန်းမှုများကို ပြုလုပ်နေကြသည်မဟုတ်ဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေး ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ဖက်ဒရယ် ပြည်ထောင်စု တရပ် စစ်စစ်မှန်မှန်ပေါ်ထွန်းဖြစ် တည်လာစေရေး ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ စစ်မှန်သော ဒီမိုကရေစီစနစ် ပေါ်ထွန်းဖြစ်တည် အရှည်တည်တံ့ ခိုင်မြဲရေး ရည်ရွယ်ချက်ဖြင့်လည်းကောင်း တော်လှန်တိုက်ပွဲဆင်နွှဲနေကြခြင်းသာ ဖြစ်သည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ရည်ရွယ်ချက် လုပ်ငန်းစဉ်များအတိုင်း လုပ်ကိုင် ဆောင်ရွက်လျှက်ရှိကြသော အသင်းအဖွဲ့များကို မတရားအသင်းအဖြစ် ကြေငြာထားခြင်းမှ ရုပ်သိမ်းပေးသင့်ကြောင်း ၊

မြန်မာနိုင်ငံတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင် ဖွံ့ဖြိုးရေးကောင်စီနှင့် ငြိမ်းချမ်းရေးယူထားသော်လည်း ယနေ့တိုင်အောင် မတရားအသင်းအဖြစ် ကြေငြာထားခြင်းကို ပြန်လည်ရုပ်သိမ်းပေးခြင်းမရှိသော အသင်းအဖွဲ့များလည်း ရပ်တည်လျှက်ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ယင်းအသင်းအဖွဲ့များအပေါ် မတရားအသင်းအဖြစ် ကြေငြာထားခြင်းမှ ရုပ်သိမ်းပေးရမည်ဖြစ်ကြောင်း ၊

ထို့ပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မည်သည့် အသင်းအဖွဲ့ကိုမဆို ငြိမ်းချမ်းရေးအတွက် မဆွေးနွေးမီ မတရားအသင်းအဖြစ် ကြေငြာထားခြင်းမှ ရုပ်သိမ်းပေးမှသာလျှင် ဥပဒေနှင့်အညီလုပ်ဆောင်သည်ဟု မှတ်ယူရမည်သာဖြစ်ကြောင်းနှင့်

ယင်းဥပဒေဖြင့် ဖမ်းဆီးထိမ်းသိမ်းထောင်ချခြင်းခံထားကြရသော မည်သည့် အကျဉ်းသားကိုမဆို ပြန်လွှတ်ပေးသင့်ကြောင်း တို့ကို ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
နေ့စွဲ – မတ်လ(၂၆)ရက်၊ ၂၀၀၉–ခုနှစ်

မြန်မာနိုင်ငံတရားရုံးများနှင့် အာဏာပိုင်များ၏ အဂတိလိုက်စားမှုများအပေါ်သုံးသပ်ချက်

၁။ နိဒါန်း

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုများရှိနေကြောင်း၊ နအဖ အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၈ ခုနှစ် ဇန်နဝါရီ မှ စက်တင်ဘာလထိ (၉) လအတွင်း စစ်အစိုးရ ဝန်ကြီးဌာနပေါင်းစုံမှ အဂတိလိုက်စားသည့် အမှုပေါင်း–၄၄၈ မှုရှိသည်ဟု ဝန်ခံပြောဆို ထားပြီးဖြစ်သည်။ သို့ရာတွင် မည်သည့်ဝန်ကြီးဌာနက မည်မျှ အဂတိလိုက်စားသည်။ မည်သည့် ရာထူးအဆင့်ရှိသူများက မည်သို့ အဂတိလိုက်စားသည်ကိုမူ အတိအလင်းထုတ် ပြန်ကြေငြာထားမှုမရှိကြောင်းတွေ့ရှိသည်။[၁]

ထိုကဲ့သို့ အဂတိလိုက်စားမှုများအနက် ၂၀၀၈ ခုနှစ် စက်တင်ဘာလ (၁၀) ရက်၊ မြင်းခြံမြို့ကောလိပ် ကျောင်းသား မန်ဘူခီး အသတ်ခံရမှုနှင့် စပ်လျဉ်းပြီ တရားရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲများ၊ လောင်းကစားသမားများ၊ ကြံ့ခိုင်ရေးအဖွဲ့ဝင်များ ပါဝင်ပတ်သက်နေသည့် အဂတိလိုက်စားမှုကြီးနှင့် မြန်မာနိုင်ငံတရားစီရင်ရေးစနစ်၏ ယိုယွင်းပျက်စီးနေမှုကို အောက်ပါအတိုင်းသုံးသပ်တင်ပြအပ်ပါသည်။

မြင်းခြံဒီဂရီကောလိပ် သတ္တဗေဒ ဒုတိယနှစ်ကျောင်းသား မန်ဘူခီးကို လူအုပ်စုဖြင့် ဝိုင်းဝန်းသတ်ဖြတ်ခြင်း

၂။ အမှုဖြစ်စဉ်အကျဉ်း

၂၀၀၈ ခု၊ စက်တင်ဘာလ (၁၀) ရက်နေ့ ည (၁၀)နာရီခွဲဝန်းကျင်ခန့်က မြင်းခြံမြို့၊ ကောလိပ်ကျောင်း သတ္တဗေဒ ဒုတိယနှစ်တွင် ပညာဆည်းပူးလျှက်ရှိသော မန်ဘူခီးကို မြင်းခြံမြို့ အမှတ် (၁) ရဲစခန်းနှင့် ကိုက် (၅၀)ခန့်အကွာတွင် လူ (၂၀)ခန့်က ဝိုင်းဝန်သတ်ဖြတ်ခြင်းကို ခံခဲ့ရပြီး ၎င်းနေရာ၌ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

မန်ဘူခီးသည် နတ်မတော်အမျိုးသားဥယျာဉ်တွင် တောကြပ်တာဝန်ထမ်းဆောင်နေသူ စစ်မှုထမ်းဟောင်း ဦးဟုန်မန်း၏ သားရတနာဖြစ်ကာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ပယက) ဥက္ကဌ ဗိုလ်မှူးချုပ်ဟွန်ငိုင်း၏ တူဝမ်းကွဲတော်စပ်သူဖြစ်သည်။[၂]

အုပ်စုဖွဲ့၍ ဝိုင်းဝန်းသတ်ဖြတ်သူများသည် မူးယစ်ဆေးဝါးသုံးစွဲထားသူများဖြစ်ကာ ဒေသဆိုင်ရာ အာဏာပိုင်များ၏ ဆွေမျိုးသားချင်းများလည်းပါဝင်နေခဲ့သည်။[၃]

မန်ဘူခီးအသတ်ခံရမှုနှင့် စပ်လျဉ်း၍ သက်သေ ၅ ဦးကို တရားရုံးတွင်စစ်ဆေးရာ ကျောက်ခဲ (ခ) ကျော်သူရသည် ဓားနှင့် ခုတ်သူဖြစ်ကြောင်း ငွေသဇင်ချဲဒိုင် ကိုမျိုး၏ သားဖြစ်သူက စကေဘာနှင့် ထိုးကြောင်း၊ မြင်းခြံခရိုင် ခယက ဥက္ကဌ ဦးလှမိုး၏ မွေးစားသားသည် အုတ်ခဲဖြင့် ထုသူဖြစ်ကြောင်း အတိအကျထွက်ဆိုအစစ်ခံခဲ့ ပါသည်။ ထို့ပြင် သူဌေးဦးသိန်းဇော် ၏ သားဖြစ်သူနှင့် မြင်းခြံမြို့နယ် ရဲစခန်း ဒုလုံခြုံရေးမှူး၏ သားဖြစ်သူတို့မှ တုတ် ဖြင့်ဝင်ရောက် ရိုက်နှက်ခဲ့ကြကြောင်းလည်းထွက်ဆိုခဲ့ကြသည်။[၄]

၃။ မန်ဘူခီးအသတ်ခံရမှုနှင့် ပတ်သက်၍ ရရှိသော သတင်းအချက်အလက်များ အပေါ် သုံးသပ်ချက်

မန်ဘူခီးအသတ်ခံရမှုနှင့် ပတ်သက်၍ မြင်းခြံမြို့ ရဲစခန်းမှ လူအုပ်စုဖြင့်ဝိုင်းဝန်း ရိုက်နှက်ခံရကြောင်း အတည်ပြုပြောဆိုခဲ့သည်။[၅] ထိုကဲ့သို့ လူအုပ်စုဖြင့်တချိန်တည်း တပြိုင်တည်းသတ်ဖြတ်နိုင်ခဲ့ခြင်းမှာ အာဏာပိုင် အသိုင်းအဝိုင်း၏ ဆွေမျိုးရင်းချာများ ပါဝင်ပတ်သက်နေသောကြောင့်ဖြစ်သည်။[၆]

မန်ဘူခီး အသတ်ခံရမှုသည် လူအုပ်စုဖြင့် ဝိုင်းဝန်းသတ်ဖြတ်မှုသာဖြစ်ပြီး လူသေမှုလုံးဝ မဖြစ်နိုင်ပါ။ ဝိုင်းဝန်း သတ်ဖြတ်သူများကိုလည်း သတ်ဖြတ်ပြီးအချိန်မဆိုင်း ဖမ်းဆီးစစ်ဆေးနိုင်ခဲ့ပြီးဖြစ်ပါလျှက်–လူသေမှုအဆင့် သို့လျှော့ချနိုင်ရန်အတွက်–

၁)ရဲမှူးကြီးထွန်းဆင့်

၂)တရားသူကြီး ဒေါ်သွဲ့သွဲ့အုန်းနှင့် ဒေါ်မေလင်းညို စသူတို့သည် ကျပ်သိန်း(၇၀) ကိုလာဘ်ယူမှု ကျူးလွန် ခဲ့ကြောင်း၊

၃)တိုင်းတရားသူကြီးနှင့် ဆေးရုံတာဝန်ရှိသူများကိုလည်း ငွေကျပ်(၆၃) သိန်းလာဘ် ထိုးထားကြောင်း သိရှိရသည်။[၇]

ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းတာဝန်ရှိသူများ၊ တရားရေးဝန်ထမ်းများ၊ ဆေးရုံဝန်ထမ်းများ၊ ရဲအရာရှိများ စသူတို့ပူးပေါင်း၍ အဂတိလိုက်စားမှုကို ကျူးလွန်ကြခြင်းသာ ဖြစ်သည့်အတွက် အမှုမှန်အတိုင်းမပေါ်ပေါက်ပါက အသက်ဆုံးရှုံးခဲ့ရသူ ကောလိပ်ကျောင်းသား မန်ဘူခီးနှင့် မိသားစုအတွက် လွန်မင်းစွာ ထိခိုက်နစ်နာစေမည်ဖြစ်ပါသောကြောင့်–

မန်ဘူခီး အသတ်ခံရမှုနှင့် စပ်လျဉ်း၍ စစ်ဆေးလျှက်ရှိသော မူလတရားရုံးတော်မှ မှန်ကန်စွာ စစ်ဆေးစီရင်၍ တိကျသောအမိန့်တစုံတရာကို ချမှတ်သင့်ကြောင်းတောင်းဆိုလိုက်သည်နှင့် အညီ ၎င်းအမှု စစ်ဆေးစီရင်နေသည်ကိုလည်း သတိကြီးစွာထား၍ စောင့်ကြည့်သင့်ပါသည်။ အဂတိလိုက်စားမှု ကင်းစင်ပပျောက်ရေးနှင့် မှန်ကန်တိကျသည့် တရားစီရင်ဆုံးဖြတ်ချက်ဖြစ်ရန် လိုအပ်ပါကြောင်း သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ

နေ့စွဲ–ဇန်နဝါရီ (၂၈)ရက်၊ ၂၀၀၉–ခုနှစ်

(Endnotes)

1 The New Era Journal (08. January 2009)

2 အေးနိုင်၊ ဒီဗွီဘီ၊ (၁၁) စက်တင်ဘာ၊ ၂၀၀၈

3 အေးနိုင်၊ ဒီဗွီဘီ၊ (၁၂) စက်တင်ဘာ၊ ၂၀၀၈

4 ၂၅ စက်တင်ဘာ၊ ၂၀၀၈ ခု ခင်မောင်စိုးမင်း၊ ဒီဗွီဘီ သတင်းထောက်၊ အန္ဒိယ

5 ၁၁၊ စက်တင်ဘာ ၂၀၀၈ ခု အေးနိုင် ဒီဗွီဘီ သတင်းထောက်ထိုင်း

6 ၂၅ စက်တင်ဘာ၊ ၂၀၀၈ ခု ခင်မောင်စိုးမင်း၊ ဒီဗွီဘီ သတင်းထောက်၊ အန္ဒိယ

7 ဒီဗွီဘီ၊ ၂၁ ဒီဇင်ဘာ ၂၀၀၈၊ အေးနိုင် ဒီဗွီဘီ သတင်းထောက်၊ထိုင်း

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

P O Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

မြန်မာနိုင်ငံရှေ့နေများကောင်စီအား မတရားအသင်းဖြစ်ကြောင်းကြေငြာချက်နှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်

နအဖ ၏အမိန့်ကြေငြာစာအမှတ် – ၁/၂၀၀၉ အရ၂၀၀၉ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့စွဲဖြင့် မြန်မာနိုင်ငံရှေ့နေများကောင်စီအား မတရားအသင်းအဖြစ်ကြေငြာသည့် ကြေငြာချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်။

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကိုးကား ထုတ်ပြန်သည့် ၁၉၀၈ ဒီဇင်ဘာ (၁၁) ရက်နေ့တွင်အတည်ပြုကျင့်သုံးခဲ့သော မတရားသင်း ဥပဒေအရ တရားဝင်အစိုးရတရပ်ကသာလျှင် အသင်းအဖွဲ့တရပ်ရပ်ကို မတရားအသင်း အဖြစ် ကြေငြာခွင့်ရှိသည်။ အဆိုပါ မတရားသင်းဥပဒေပုဒ်မ–၁၆ အရ ကြေငြာချက် ထုတ်ခွင့် ရှိသူမှာ နိုင်ငံတော်သမ္မတသာဖြစ်သည်။ တရားဝင်အစိုးရလည်းမဟုတ် နိုင်ငံတော်သမ္မတ ကထုတ်ပြန်ခြင်းလည်းမဟုတ်၊တရားမဝင်အာဏာသိမ်း စစ်အစိုးရက ထုတ်ပြန်သော ဤကြေငြာချက်သည်ဥပဒေကြောင်းအရ လုံးဝတရားမဝင်ပါ။

၂။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည်လည်းကောင်း၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ တွင်အဖွဲ့ဝင်အဖြစ် ပါဝင်လုပ်ဆောင်နေကြသော ရှေ့နေကြီးများသည်လည်းကောင်း၊ ရုံးဌာန အသီးသီးတွင် တာဝန်ယူလုပ်ဆောင်လျက်ရှိကြသော ဝန်ထမ်းများသည်လည်းကောင်း၊ မတရား အသင်းဥပဒေနှင့် အကြုံးဝင်သည့် အကြမ်းဖက်သမားများမဟုတ်ကြ ပြစ်မှုကျူးလွန်သူများ မဟုတ်ကြ။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများနှင့်အညီ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့်ကို အသုံးပြုလျက် ငြိမ်းချမ်းသည့်နည်းလမ်းများဖြင့် လူ့အဖွဲ့ အစည်းပြောင်းလဲ အောင် ဥပဒေရှုထောက်မှ ကြိုးပမ်းနေကြသူများဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်နှင့် အကြုံးမဝင်ဘဲ စွပ်စွဲသူများသည်သာ ဥပဒေကို တလွဲအသုံးချသူများ၊ ဥပဒေစိုးမိုးရေးကို ချိုးဖေါက်သူများ ဖြစ်သည်၊

၃။ မတရားသင်းဥပဒေပုဒ်မ–၁၆ အရ တရားဝင်အစိုးရတရပ်၏ နိုင်ငံတော်သမ္မတသည် ယင်းဥပဒေပြဋ္ဌာန်းချက်များနှင့် အကြုံးဝင်လျှင် အသင်းအဖွဲ့တခုကို မတရားသင်းကြေငြာခွင့် ရှိသည်။ သို့ရာတွင် ယင်းဥပဒေအရပင် မတရားအသင်းအဖွဲ့တခုနှင့် ဆက်စပ်လျက်ရှိသော အသင်းအဖွဲ့များကို မတရားသင်းအဖြစ် လုံးဝကြေငြာခွင့် မရှိပါ။

၄။ မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများကိုပါ မတရား အသင်းအဖြစ် ကြေငြာလိုက်ခြင်းသည် မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် လက်တွဲလုပ်ဆောင် လျက်ရှိသော နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ဥပဒေအဖွဲ့အစည်းများ၊ ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ တရားမျှတမှုအတွက် ဦးတည်ကြိုးပမ်းလျက်ရှိသော အစိုးရများနှင့် နိုင်ငံခေါင်းဆောင်များကိုပါ ရာဇဝတ်မှုကျူးလွန်သူများဖြစ်အောင် အကွက်ဆင် ဖန်တီးလိုက်ခြင်းဖြစ်သည်။

၅။ သို့ဖြစ်သောကြောင့် မြန်မာနိုင်ငံရှေ့နေများကောင်စီကိုလည်းကောင်း၊ မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ဆက်စပ်လျှက်ရှိသောအသင်းအဖွဲ့များကိုလည်းကောင်း မတရားအသင်းအဖြစ် ကြေငြာခြင်းမှာ နိုင်ငံတကာဥပဒေအရလည်းကောင်း၊ ပြည်တွင်းဥပဒေအရ လည်းကောင်း လုံးဝ (လုံးဝ) တရားဝင်မှုမရှိကြောင်း ကြေငြာလိုက်သည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
၂၀၀၉ ခုနှစ်၊ မေလ (၁)ရက်။

<u>မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ</u>

ထိုင်းနိုင်ငံသားမဟုတ်သူများ၏ မွေးဖွားကြောင်း အကြောင်းကြားခြင်းနှင့် မွေးစာရင်းထုတ်ပေးခြင်း

ဥပဒေအထောက်အကူပြုဌာန၊
မြန်မာနိုင်ငံရှေ့နေများကောင်စီ

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗဟိုမှတ်ပုံတင်ရုံးမှ ပြည်သူ့မှတ်ပုံတင် အက်ဥပဒေ (BE 2551) အရ ထိုင်းနိုင်ငံသားမဟုတ်သူများ၏ မွေးဖွားကြောင်း အကြောင်းကြားခြင်းနှင့် ကိုယ်ရေးရာဇဝင်မှတ်တမ်းတင်ခြင်းကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ခရိုင်မှတ်ပုံတင်မှူးများနှင့် ဘန်ကောက်မြို့ တော်မှတ်ပုံတင်မှူးများကို ညွှန်ကြားခဲ့ပါသည်။

ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (BE 2551) သည် ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (BE 2534) ကို ပြန်လည်ပြင်ဆင်ဖြည့်စွက် ထားခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှာ စတင်အကျိုးဝင်ခဲ့ပြီး ဖြစ်သည်။ ထိုဥပဒေတွင် ထိုင်းနိုင်ငံ၌ နေထိုင်သူများတွင် ထိုင်းလူမျိုး ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အထောက်အထားမရှိသူများ၏ မွေးဖွားကြောင်း အကြောင်းကြားခြင်း၊ မှတ်ပုံတင်စာရွက်စာတမ်း ပြုလုပ်ခြင်း ပြဿနာကို ဖြေရှင်းရန်နှင့် နိုင်ငံရှိ လူဦးရေကို စီမံခန့်ခွဲနိုင်ရန် လူတဦးချင်းစီအား စိစစ်နိုင်ရန် ဆောင်ရွက်ရမည်လို့ ပါရှိပါသည်။

ထိုင်းနိုင်ငံသည် နိုင်ငံတကာဆိုင်ရာ ဥပဒေရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံ တနိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိသည့်အလျောက် အပြည်ပြည်ဆိုင်ရာ ကလေးအခွင့်အရေးသဘောတူညီချက် (စီအာစီ)၊ လူမှုရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံအချင်းချင်း သဘောတူစာချုပ် စတဲ့ နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိသည့်အလျောက် ထိုင်းအစိုးရသည် ပြည်သူ့မှတ်ပုံတင် အက်ဥပဒေကို နိုင်ငံတကာ ဥပဒေစံချိန်ဖြင့် ပြန်လည်ဖြည့်စွက်ပြင်ဆင်ပြီး လက်တွေ့ အကောင်အထည်ဖော်နေခြင်း ဖြစ်ပါသည်။

ထိုင်းအစိုးရအနေဖြင့် နိုင်ငံရှိလူဦးရေကို စိစစ်သည့် စီမံကိန်းတခုကို အကောင်အထည်ဖော်နေသလို မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက်လည်း အခွင့်အလမ်းတခု ပေါ်ပေါက်သည်ဟု မှတ်ယူသုံးသပ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ မြန်မာအလုပ်သမားများအနေဖြင့် ထိုအခွင့်အလမ်းကို ရယူသင့်ကြောင်းနှင့် မိမိတို့၏ သားသမီးများအတွက် အနာဂါတ်ကို မျှော်မှန်းသင့်ပါကြောင်း တင်ပြရင်း ထိုင်းနိုင်ငံဗဟိုမှတ်ပုံတင်ရုံးမှ ထုတ်ပြန်သောစာကို တင်ပြလိုက်ရပါသည်။ ထုတ်ပြန်စာသည် ထိုင်းနိုင်ငံသား မဟုတ်သူများ၏ မွေးဖွားကြောင်း အကြောင်းကြားခြင်းနှင့် ကိုယ်ရေးရာဇဝင်မှတ်တမ်းတင်ခြင်းကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ခရိုင်မှတ်ပုံတင်မှူးများနှင့် ဘန်ကောက်မြို့တော်မှတ်ပုံတင်မှူးများကို ညွှန်ကြားထားသော စာဖြစ်ပါသည်။ ထိုထုတ်ပြန်စာကို **စောခူး**[1] မှ ဘာသာပြန်၍ ၎င်း၏ ခွင့်ပြုချက်ဖြင့် စာစောင်ပရိတ်

သတ်များအား ပြန်လည်တင်ပြခြင်းဖြစ်သည်။ (တရားဝင် ဘာသာပြန်ထားခြင်းမဟုတ်ဘဲ ဆီလျော်အောင်ဘာသာပြန်ထားခြင်းဖြစ်ကြောင်း စာဖတ်ပရိတ် သတ်များအား ကြိုတင်အသိပေးအပ်ပါသည်)

ဗဟိုမှတ်ပုံတင်ရုံး
လာမ်လုကာလမ်း၊ စာတိုက်အမှတ် ၁၂၁၅၀
၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်

အကြောင်းအရာ။ ။ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (အမှတ်–၂) BE 2551(2008) အရ၊ ထိုင်းနိုင်ငံသားမဟုတ်သူများ၏ မွေးဖွားကြောင်း အကြောင်းကြားခြင်းနှင့် ကိုယ်ရေးရာဇဝင်မှတ်တမ်းတင်ခြင်း။

သို့

ခရိုင်မှတ်ပုံတင်မှူးများနှင့် ဘန်ကောက်မြို့တော် မှတ်ပုံတင်မှူးများ၊

ရည်ညွှန်းချက်။ ။(၁) ပြည်သူ့မှတ်ပုံတင် အက်ဥပဒေ (အမှတ်–၂) BE 2551(2008)။
(၂) ဝန်ကြီးဌာနပြဌာန်းချက်၊ ထိုင်းနိုင်ငံသားမဟုတ်သူများ လိုက်နာရမည့် မှတ်ပုံ တင်စည်းမျဉ်းစည်းကမ်းများနှင့် အခကြေးငွေများ BE 2551 (2008)။
(၃) ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာချက်၊ ထိုင်းနိုင်ငံသား မဟုတ်သူတို့၏ အိမ်ထောင်စုစာရင်းနှင့် ကိုယ်ရေးရာဇဝင် ကောက်ခံခြင်း၊ ပြည်သူ့မှတ်ပုံတင်အက် ဥပဒေ BE 2534 (1991) အပိုဒ်ခွဲ ၃၈ ကို ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (အမှတ် –၂) BE 2551 (2008) ဖြင့် ပြန်လည်ပြင်ဆင်ဖြည့်စွက်ချက်အရ။
(၄) ပြည်သူ့မှတ်ပုံတင်ပြုလုပ်ခြင်း (အမှတ်–၄) BE 2551 (2008) အရ၊ ဗဟို မှတ်ပုံတင်ရုံးမှ ထုတ်ပြန်သော စည်းမျဉ်း။

ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ အမှတ်–၂ BE ၂၅၅၁ (၂၀၀၈) သည် စက်တင်ဘာလ ၂၃ ရက်နေ့ ၂၀၀၈ ခုနှစ်တွင် စတင်အကြုံးဝင် အကျိုးသက်ရောက်ပါသည်။ ဤ ပြည်သူ့မှတ်ပုံတင် အက်ဥပဒေ အမှတ်–၂ သည် ပြည်သူ့မှတ်ပုံတင် အက်ဥပဒေ BE ၂၅၃၄ (၁၉၉၁) ကို ပြန်လည်ပြင်ဆင် ဖြည့်စွက်ခြင်းဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင် နေထိုင်သောသူများ ထိုင်းလူမျိုးဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အထောက်ထားမရှိသူများ၏ မွေးဖွားကြောင်း အကြောင်းကြားခြင်းနှင့် မှတ်ပုံတင်စာရွက်စာတမ်း ပြုလုပ်ခြင်း ပြဿနာများကို ဖြေရှင်းရန်အပါအဝင် နိုင်ငံရှိ လူဦးရေနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရန်နှင့် လူပုဂ္ဂိုလ်တစ်ဦးစီအား စစ်ဆေးစိစစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့အပြင် ထိုင်းနိုင်ငံသည် နိုင်ငံတကာဆိုင်ရာ ဥပဒေရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံ တနိုင်ငံဖြစ်သကဲ့သို့ နိုင်ငံတကာဥပဒေများဖြစ်သော အပြည်ပြည်

ဆိုင်ရာ ကလေးအခွင့်အရေးသဘောတူညီချက် (CRC)၊ လူမှုရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံအချင်းချင်း သဘောတူစာချုပ် စသည်တို့အား လိုက်နာရန် တာဝန်ရှိပေသည်။

သို့ဖြစ်ပါ၍ ဝန်ကြီးဌာန ပြဋ္ဌာန်းချက်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာချက်နှင့် ဗဟိုမှတ်ပုံတင်ရုံးမှ စည်းမျဉ်းများကို ထုတ်ပြန်ပြီး ပြည်သူ့မှတ်ပုံတင်အက်ဥပဒေကို စည်းစနစ်ကျစွာ လိုက်နာဆောင်ရွက်သွားရန်အတွက် မြို့နယ်မှတ်ပုံတင်မှူးများနှင့် ဒေသမှတ်ပုံတင်မှူးများအားလုံး သိစေရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ အမှတ်–၂ BE ၂၅၅၁ (၂၀၀၈) စတင်အကျိုးသက်ရောက်သည့်နေ့မှစ၍ ဗဟိုမှတ်ပုံတင်ရုံးသည် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော (ထိုင်းနိုင်ငံတွင်နေထိုင်လျက်ရှိသော ထိုင်းနိုင်ငံသားမဟုတ်သူများ၏ မွေးဖွားကြောင်းအကြောင်းကြားခြင်း၊ မွေးစာရင်းထုတ်ပေးခြင်းနှင့် ကိုယ်ရေးရာဇဝင် မှတ်တမ်းတင်ခြင်းများအတွက်) လုပ်ဆောင်ရမည့် နည်းလမ်းများနှင့်ပတ်သက်သော မေးခွန်းများ၊ အကြံဉာဏ်တောင်းခံချက်များ ရရှိနေပါ၍ မှတ်ပုံတင်ရုံး တရုံးနှင့်တရုံး နားလည်မှုများ ကွဲပြားနေကြောင်းသိရှိရပါသည်။ လုပ်ငန်း လုပ်ဆောင် အကောင်အထည်ဖော်ရာတွင် ဥပဒေပြဋ္ဌာန်းချက်အတိုင်းမဆောင်ရွက်သဖြင့် ပြဿနာများ တွေ့ရှိရခြင်းဖြစ်ကြောင်း နားလည်ရပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းများ လုပ်ဆောင်အကောင်အထည်ဖော်ရာတွင် မှန်ကန်၍ ရှင်းလင်းပြတ်သားစေရန် ခရိုင်မှတ်ပုံတင်မှူးများနှင့် ဘန်ကောက်မြို့တော် မှတ်ပုံတင်မှူးများအားလုံးနားလည်သဘောပေါက်စေရန်အတွက် ဆက်လက်အသိပေးသွားနိုင်ရန် အကြောင်းကြားအပ်ပါသည်။

(က) မွေးဖွားကြောင်း အကြောင်းကြားခြင်းကို လက်ခံခြင်းနှင့် မွေးစာရင်းထုတ်ပေးခြင်း၊

(၁) သတ်မှတ်ထားသောအချိန်အတွင်း လျှောက်ထားလာခြင်း

အကြောင်းကြားခံရသူမှတ်ပုံတင်အရာရှိသည် အကြောင်းကြားခြင်းကိုလက်ခံ၍ မွေးဖွားလာသည့်ကလေး၏ မိဖများသည် ထိုင်းနိုင်ငံတွင်းသို့ တရားဝင် ဝင်ရောက်လာသည်ဖြစ်စေ၊ တရားမဝင် ဝင်ရောက်လာသည်ဖြစ်စေ ထိုင်းနိုင်ငံတွင် မွေးဖွားသော နိုင်ငံခြားသားပင်ဖြစ်စေ မွေးဖွားလာသည့်ခလေး၏ မိခင်ဖခင် အမည်များနှင့် ကိုယ်ရေးရာဇဝင်အချက်အလက်များသည် ပြည်သူ့မှတ်ပုံတင်မှတ်တမ်းတွင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ၁၃ လုံးဂဏန်း ကိုယ်ပိုင်နံပါတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိုင်းနိုင်ငံတွင် မွေးဖွားသော ကလေးငယ်တိုင်းအား မွေးစာရင်းထုတ်ပေးနိုင်ပါသည်။

(ဥပမာ– ဖခင်မှာ မျိုးနွယ်စုထဲမှဖြစ်ပြီး ၁၃ လုံးဂဏန်း ကိုယ်ပိုင်နံပါတ်၏ ပထမဆုံးသောနံပါတ်သည် '၀' နှင့်စ၍ မိခင်သည် ထိုင်းနိုင်ငံတွင် ပတ်စ်ပို့ဖြင့် ယာယီနေထိုင်နေပါက၊ ၎င်းတို့မှ မွေးဖွားလာသော ကလေးငယ်သည် (ထော်ရော်–၃) မွေးစာရင်းနှင့် ဂဏန်းအမှတ် '၇' ဖြင့်စသော ကိုယ်ပိုင်နံပါတ်ကိုရမည်။ အကယ်၍ ဖခင်သည် မြန်မာနိုင်ငံမှ မှတ်ပုံတင်ခဲ့ဖူးသော ရွှေ့ပြောင်းအလုပ်သမားဖြစ်ပြီး '၀၀' ဖြင့်စသော ကိုယ်ပိုင်နံပါတ်ကို ရရှိဖူးသော်လည်း ရွှေ့

ဆက် သက်တမ်းမတိုးတော့သဖြင့် သက်တမ်းကုန်ဆုံးနေ၍ မိခင်ဖြစ်သူမှာ ကိုယ်ပိုင်အမှတ် '၀' ဖြင့်စသော မည်သည့်အထောက်အထားမှမရှိသော ပုဂ္ဂိုလ်များအတွက် ထုတ်ပေးသောကဒ်ကို ကိုင်ဆောင်ထားပါက ၎င်းတို့မှ မွေးဖွားလာသော ကလေးသည် (ထော်ရော် ၀၃၁) မွေးစာရင်းနှင့် ဂဏန်းအမှတ် '၀' ဖြင့်စသော ကိုယ်ပိုင်နံပါတ်ကို ရရှိမည်။ အကယ်၍ ဖခင်သည် မှတ်ပုံမတင်ဖူးသော ရွှေ့ပြောင်းအလုပ်သမားဖြစ်ပြီး '၁၃' လုံးဂဏန်း ကိုယ်ပိုင်အမှတ်မရှိဖူးသူဖြစ်၍ မိခင်ဖြစ်သူမှာ လူမျိုးနွယ်စုထဲမှဖြစ်ပြီး စာရင်းကောက်ယူ စဉ်ကျန်ရစ်ခဲ့၍ '၁၃' လုံးဂဏန်း ကိုယ်ပိုင်အမှတ်မရှိဖူးသူဖြစ်ပါက ၎င်းတို့မှ မွေးဖွားလာသောကလေးသည် (ထော်ရော်–၀၃၁) မွေးစာရင်းနှင့် ဂဏန်းအမှတ် '၀' ဖြင့်စသော ကိုယ်ပိုင်နံပါတ်ကို ရရှိမည်ဖြစ်သည်။)

(၂) သတ်မှတ်ထားသောအချိန်ထက်ကျော်လွန်ပြီး လျှောက်ထားလာခြင်း

အကြောင်းကြားခံရသူ မှတ်ပုံတင်အရာရှိသည် အကြောင်းကြားခြင်းကို လက်ခံ၍ မွေးဖွားလာသော ကလေးငယ်အား ဗဟိုမှတ်ပုံတင်ရုံးမှ ထုတ်ပြန်သော စည်းမျဉ်း (အမှတ်စဉ်–၅၈၊ ပြည်သူ့မှတ်ပုံတင်ပြုလုပ်ခြင်း BE ၂၅၃၅ (၁၉၉၂) အရ လိုက်နာဆောင်ရွက်၍ မွေးစာရင်းကို ထုတ်ပေးရမည်။ ထို့အတူ စည်းမျဉ်းအမှတ်စဉ် ၅၇ အတိုင်း မှတ်ပုံတင်အရာရှိသည် ကလေးမွေးဖွားချိန်တွင်ရှိသော မိခင်ဖခင်၏ အထောက်အထား အခြေအနေများ၊ ရွှေ့ပြောင်းနေထိုင်သူ မိခင်ဖခင်မှာ မည်သည့်အုပ်စုဝင် အမျိုးအစားထဲမှဖြစ်ကြောင်း စိစစ်စစ်ဆေး၍ မွေးစာရင်းကို သတ်မှတ်ထားသောအချိန်အတွင်း လျှောက်ထားလာသည့်နည်းတူ ကလေးမွေးဖွားစဉ်ရှိသည့် မိခင် ဖခင်၏ အထောက်အထားအတိုင်း ထုတ်ပေးရမည်။

(ဥပမာ– ဖခင်ဖြစ်သူမှာ ယခုလက်ရှိတွင် '၈' ဖြင့်စသော '၁၃' လုံးဂဏန်း ကိုယ်ပိုင်အမှတ်ကိုင်ဆောင်ထား၍ မိခင်ဖြစ်သူမှာ ကိုယ်ပိုင်အမှတ် '၀' ဖြင့်စသော မည်သည့်အထောက်အထားမှမရှိသောသူဖြစ်သော်လည်း ကလေးမွေးဖွားချိန်တွင် ဖခင်ဖြစ်သူမှာ ကိုယ်ပိုင်အမှတ် '၀' ဖြင့်စသော မည်သည့်အထောက်အထားမှ မရှိသောသူဖြစ်ပါက မှတ်ပုံတင်အရာရှိသည် ကိုယ်ပိုင်အမှတ် '၀' ဖြင့်စသော (ထော်ရော်–၀၃၁) မွေးစာရင်းကို ထုတ်ပေးရမည်။

သို့ဖြစ်၍ ဤအချက်အလက်ပါ မွေးဖွားကြောင်း အကြောင်းကြားခြင်းနှင့်ပတ်သက်၍ ပြည်သူ့မှတ်ပုံ တင်အက်ဥပဒေ (အတွဲ–၂) BE ၂၅၅၁ (၂၀၀၈) စတင်အကြုံးမဝင်မီ ထိုင်းနိုင်ငံတွင် မွေးဖွားသူများအတွက်ပါ ပါဝင်ပါသည်။ သတ်မှတ်ထားသော အချိန်ထက်ကျော်လွန်ပြီး လျှောက်ထားလာသော ပုဂ္ဂိုလ်များသည် မှတ်ပုံမတင်ရသေးသောသူနှင့် '၁၃' လုံးဂဏန်း ကိုယ်ပိုင်အမှတ်မရှိသေးသူများဟု သတ်မှတ်ထားခြင်းခံရသော အခြေအနေတွင်ရှိသူများဖြစ်သည်။

(ခ) ကိုယ်ရေးရာဇဝင်မှတ်တမ်းတင်ခြင်းနှင့် အိမ်ထောင်စုစာရင်းတွင် အမည်ထည့်သွင်းခြင်း

(၁) အိမ်ထောင်စုစာရင်းတွင် အမည်ထည့်သွင်းခြင်း

မွေးဖွားကြောင်း အကြောင်းကြားပြီးကလေးသည် မွေးစာရင်း (ထော်ရော်–၀၃၁)နှင့် '၀' ဖြင့်စသော '၁၃' လုံးဂဏန်း ကိုယ်ပိုင်အမှတ်ရရှိပါက အိမ်ထောင်စုစာရင်းတွင် အမည်ထည့်သွင်းရခြင်း အကြောင်းအရင်း (၃) မျိုးရှိသည်။

(၁-၁) မွေးဖွားကြောင်းအကြောင်းကြားရာတွင် အကယ်၍ ကလေးသည် မိခင် သို့မဟုတ် ဖခင်တို့၏ အမည်နှင့် ကိုယ်ရေးမှတ်တမ်းစာရင်း (ထော်ရော်-၃၈ ကော်) ရှိရာ ဒေသတွင်း မွေးဖွားပါက ပရိုဂရမ်မှ မှတ်ပုံတင်အရာရှိအား ကလေးငယ်၏အမည်ကို မိခင် သို့မဟုတ် ဖခင် ကိုယ်ရေးမှတ်တမ်းစာရင်း (ထော်ရော် ၃၈ ကော်) တွင် ထည့်သွင်းရန် ညွှန်ကြားလိမ့်မည်။

(၁-၂) မွေးဖွားကြောင်း အကြောင်းကြားရာတွင် အကယ်၍ ကလေးသည် မိခင် သို့မဟုတ် ဖခင်တို့၏ အမည်နှင့် ကိုယ်ရေးမှတ်တမ်းစာရင်း (ထော်ရော် ၃၈ ကော်)ရှိရာ မဟုတ်သည့် ဒေသတွင် မွေးဖွားပါက ပရိုဂရမ် မှမွေးဖွားစာရင်း (ထော်ရော် ၀၃၁)နှင့် မိတ္တူတစ်စောင်ကို မွေးဖွားကြောင်း အကြောင်းကြားသူအား ထုတ်ပေးမည်။ ၎င်းမိတ္တူကို မိခင် သို့မဟုတ် ဖခင်တို့၏ အမည်နှင့် ကိုယ်ရေးမှတ်တမ်းစာရင်း (ထော်ရော် ၃၈ ကော်) တွင် ကလေး၏အမည်ကို ထည့်သွင်းရန်အတွက် ၎င်းဒေသရှိရာ မှတ်ပုံတင်ရုံးသို့ အကြောင်းကြားပေးပို့ရန်နှင့် အိမ်ထောင်စုစာရင်း မပြောင်းလဲစေရန်ဖြစ်သည်။

(၁-၃) မွေးဖွားကြောင်း အကြောင်းကြားရာတွင် အကယ်၍ ကလေး၏ မိခင် ဖခင် တို့သည် '၁၃' လုံးဂဏန်း ကိုယ်ပိုင်အမှတ်မရှိပါက ၎င်းတို့အား မှတ်ပုံတင်မှုးမှ လိပ်စာအမှတ် (၀/၈၉) မှတ်ပုံတင်ရုံး၏ လိပ်စာအတိုင်းပါ ဗဟိုကိုယ်ရေးမှတ်တမ်းစာရင်း (ထော်ရော် ၃၈ ကော်) တစ်စောင်ကို ထုတ်ပေးရမည်။ ဆက်လက်၍ ကလေး၏အမည်အား မွေးစာရင်းပါ အချက်အလက်အတိုင်း ၎င်းကိုယ်ရေးမှတ်တမ်းတွင် ဖြည့်သွင်းရမည်။ အနာဂတ်တွင် မိခင် သို့မဟုတ် ဖခင်ဖြစ်သူသည် အိမ်ထောင်စုစာရင်းနှင့် '၁၃' လုံးဂဏန်း ကိုယ်ပိုင်အမှတ်ရရှိပါက ကလေး၏ အမည်ကို အဆိုပါ အိမ်ထောင်စုစာရင်းဝင် မိခင် သို့မဟုတ် ဖခင်ဖြစ်သူ၏ ကိုယ်ရေးမှတ်တမ်းစာရင်းတွင် ပြောင်းလဲထည့်သွင်းရမည်။

(၂) အကယ်၍ မြို့နယ်အုပ်ချုပ်ရေးမှုး၊ နယ်မြေအုပ်ချုပ်ရေးမှုး၊ မြို့နယ်မှတ်ပုံတင်မှုး သို့မဟုတ် နယ်မြေမှတ်ပုံတင်မှုးသည် အကြောင်းကြားလာသော ကလေးမွေးဖွားခြင်းနှင့် နိုင်ငံသားအခြေအနေကို စိစစ်ခြင်းများ မပြုလုပ်နိုင်ပါက ဗဟိုမှတ်ပုံတင်ရုံးမှ ထုတ်ပြန်သော စည်းမျဉ်းအမှတ် (၅၇ နှင့် ၅၈) မှ သတ်မှတ်ထားသည့်အတိုင်း စွန့်ပစ်ခံရသည့် မွေးကင်းစကလေး သို့မဟုတ် မည်သည့်အရာမှ မသိသေးသောကလေးနှင့် အိုးမဲ့အိမ်မဲ့ကလေး (သို့) မိဖ အမည်မဖော်ပြနိုင်သော ကလေး (သို့) မိဘမှ စွန့်ပစ်သွားသောကလေးများအတွက် မွေးဖွားကြောင်းအကြောင်းကြားခြင်းကို ဗဟိုမှတ်ပုံတင်ရုံးမှ ထုတ်ပြန်သော စည်းမျဉ်းအမှတ် (၅၉ နှင့် ၅၉/၁) အတိုင်း မှတ်ပုံတင်မှုးမှ ကိုယ်ရေးမှတ်တမ်းစာရင်း (ထော်ရော် ၃၈ ကော်) ကို မိခင် ဖခင် သို့မဟုတ် အုပ်ထိန်းသူ၏ အိမ်ထောင်စုစာရင်းထဲသို့ ထည့်သွင်းရမည်။ ကိုယ်ပိုင်အမှတ်ကိုမူ မှတ်ပုံတင်အထောက်အထား မရှိသူများအား ပေးသော '၀' ဖြင့်စသော '၁၃' လုံးဂဏန်းကို ပေးရမည်။ (ပုံစံ ၈၉ ကို ဖြည့်စွက်၍ အထောက်အထားအဖြစ်ထားရှိရမည်။)

(၃) အကယ်၍ လူပုဂ္ဂိုလ်တဦးတယောက်သည် မိမိကိုယ်မိမိ ထိုင်းနိုင်ငံသားဖြစ်သည်ဟု ဆို၍ ဗဟိုမှတ်ပုံတင်ရုံးမှ ထုတ်ပြန်သော စည်းမျဉ်းအမှတ် (၉၃ နှင့် ၉၇) အရ အိမ်ထောင်စုစာရင်း (ထော်ရော်-၁၄) တွင် အမည်ဖြည့်သွင်း ရန်လျှောက်ထားလာပါက မွေးဖွားခြင်း အထောက်အထားနှင့် နိုင်ငံသားနှင့်ဆိုင်သော ခိုင်လုံသောအထောက်အထားမရှိ၍၊ မှတ်ပုံတင်မှုးမှ ကိုယ်ရေးမှတ်တမ်း (ထော်ရော် ၃၈ ကော်)ကို အမည်ဖြည့်သွင်းမည့် အိမ်ထောင် စုစာရင်း၏ လိပ်စာ

အတိုင်းဖြည့်စွက်ရမည်။ ကိုယ်ပိုင်အမှတ်ကိုမူ မှတ်ပုံတင်အထောက်အထားမရှိသူများအား ပေးသော '၀' ဖြင့်စသော '၁၃' လုံးဂဏန်းကို ပေးရမည်။ (ပုံစံ ၈၉ ကိုဖြည့်စွက်၍ အထောက်အထား ထားရှိရမည်။)

(၄) အကယ်၍ လူပုဂ္ဂိုလ်တဦးတယောက် သို့မဟုတ် ပုဂ္ဂလိကပရဟိတဂေဟာမှ ခိုကိုးရာမဲ့ကလေးအား ကြည့်ရှုစောင့်ရှောက်ထားလိုသော သဘောထားဖြင့် ဗဟိုမှတ်ပုံတင်ရုံးမှ ထုတ်ပြန်သော စည်းမျဉ်းအမှတ် (၉၈) အရ အိမ်ထောင်စုစာရင်းတွင် အမည်ဖြည့်သွင်းလိုပါက မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် နယ်မြေအုပ်ချုပ်ရေးမှူး၊ သတ်မှတ်ထားသော အချိန်အတွင်းမဟုတ်သော မွေးဖွားကြောင်း အကြောင်းကြားခြင်းအဖြစ် သတ်မှတ်၍ ကလေး၏ မွေးဖွားခြင်းနှင့် နိုင်ငံသားအခြေအနေကို စိစစ်ခြင်းများပြုလုပ်ရမည်။ အကယ်၍ အမည်ဖြည့်သွင်းလိုသည့် ကလေး၏ မွေးဖွားခြင်းနှင့် နိုင်ငံသားအခြေအနေကို မစိစစ်နိုင်ပါက မှတ်ပုံတင်မှူးသည် အမည်ဖြည့်သွင်းမည့် အိမ်ထောင်စုစာရင်း (သို့မဟုတ်) ပရဟိတဂေဟာ၏ လိပ်စာအတိုင်း ကိုယ်ရေးမှတ်တမ်း (ထော်ရော် ၃၈ ကော်) ကို ဖြည့်စွက်ရမည်။ ကိုယ်ပိုင်အမှတ်ကိုမူ မှတ်ပုံတင်အထောက်အထားမရှိသူများအား ပေးသော '၀' ဖြင့်စသော '၁၃' လုံးဂဏန်းကို ပေးရမည်။ (ပုံစံ ၈၉ ကိုဖြည့်စွက်၍ အထောက်အထားအဖြစ်ထားရှိရမည်)

(၅) အကယ်၍ ထိုင်းနိုင်ငံသားမဟုတ်သူအား မှတ်ပုံတင်မှူးမှ အိမ်ထောင်စုစာရင်း (ထော်ရော်–၁၃) ပြုလုပ်မပေးလိုပါက ဗဟိုမှတ်ပုံတင်ရုံးမှ ထုတ်ပြန်သော စည်းမျဉ်းအမှတ် (၁၀၅) အတိုင်း မှတ်ပုံတင်မှူးသည် အမည်ဖြည့်သွင်းမည့် အိမ်ထောင်စုစာရင်း၏ လိပ်စာအတိုင်း ကိုယ်ရေးမှတ်တမ်း (ထော်ရော် ၃၈ ကော်) ကို ဖြည့်သွင်း၍ ကိုယ်ပိုင်အမှတ်ကိုမူ မှတ်ပုံတင်အထောက်အထားမရှိသူများအား ပေးသော '၀' ဖြင့်စသော '၁၃' လုံး ဂဏန်းကို ပေးရမည်။ (ပုံစံ ၈၉ ကို ဖြည့်စွက်၍ အထောက်အထားအဖြစ် ထားရှိရမည်)

(ဂ) ကိုယ်ပိုင်အမှတ်များကွဲပြားခြင်း

အထက်ပါ အမှတ်စဉ် (က) အတိုင်း မွေးဖွားကြောင်း အကြောင်းကြားသူများအား ကိုယ်ပိုင်အမှတ်များကို ပေးရာတွင်လည်းကောင်း၊ အမှတ်စဉ် (ခ) အတိုင်း ကိုယ်ရေးမှတ်တမ်းပြုလုပ်ရာတွင်လည်းကောင်း '၀' ဖြင့်စသော '၁၃' လုံးဂဏန်းကို ပေးရမည်ဖြစ်သည်။ ဆက်လက်၍ ထို '၁၃' လုံးဂဏန်းတွင် ၆ ခုမြောက်နှင့် ၇ ခုမြောက်ဂဏန်းများသည် '၀၀' ဖြင့် အစပြုရမည်ဖြစ်သည် (၀ ×××× ၀၀ ××× ×× ×)။ ၎င်းမှာ မည်သည့်အထောက်အထားမှ မရှိသူများအတွက်ပေးသည့် ဂဏန်းနှင့်ကွဲပြားသည်။ ဆိုလိုသည်မှာ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ပြုလုပ်သော ဝန်ကြီးများအဖွဲ့၏ အစည်းအဝေးသဘောတူညီချက်အရ '၀' ဖြင့် စသော မည်သည့်အထောက်အထားမှ မရှိသူများအတွက် ပေးသည့် '၁၃' လုံးဂဏန်း ကိုယ်ပိုင်နံပါတ်တွင် ၆ ခု မြောက်နှင့် ၇ ခုမြောက်ဂဏန်းများသည် '၈၉' ဖြင့် အစပြုရမည်ဟု သတ်မှတ်ခဲ့သည့်အတွက် ကွဲပြားမှုရှိသည်ကို တွေ့ရပါသည်။

ထို့ကြောင့် မြို့နယ်မှတ်ပုံတင်ရုံးများနှင့် ဒေသဆိုင်ရာမှတ်ပုံတင်ရုံးများအားလုံး အထက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လေးစားစွာဖြင့်

နာယ်ဝုန်စပ်က် စဝတ်စ်ဖါနိခ်ျ
ညွှန်ကြားရေးမှူး၊ ဗဟိုမှတ်ပုံတင်ရုံး၊
မှတ်ပုံတင်စီမံခန့်ခွဲရေးရုံး၊ ပြည်သူ့မှတ်ပုံတင်ရုံး၊
ဖုန်း– ၀–၂၇၉၁–၇၃(၁၃)–၆

(Endnotes)

1. Saw Khu from Migrant Workers Promotion Working Group of IRC

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

ထိုင်း–မြန်မာ နှစ်နိုင်ငံသဘောတူညီချက်အရ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအပေါ် သဘောထားထုတ်ပြန်ကြေငြာချက်

၁။ မြန်မာစစ်အစိုးရနှင့် ထိုင်းအစိုးရတို့ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ပူးပေါင်းဆောင်ရွက်သော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် တရားဝင်နိုင်ငံကူး လက်မှတ်ထုတ်ပေး ရေးအစီအစဉ်ကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလမှစ၍ ၂၀၀၉ ခု နှစ်၊ ဖေဖော် ဝါရီလအထိ ပြုလုပ်သွားမည်ဟု ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့ထုတ် ထိုင်းသတင်းစာတွင် ဖော်ပြသွားပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် နိုင်ငံသားစိစစ်နိုင်ရန်အတွက် ထိုင်းနိုင်ငံ ခရိုင်အသီးသီးရှိ လုပ်ငန်းစီမံခန့်ခွဲရေးရုံးမှတဆင့် ထိုင်းအလုပ်ရှင်များသည် ၎င်းတို့၏ မြန်မာအလုပ်သမားများစာရင်းကို ထိုင်းအလုပ်သမား ဝန်ကြီးဌာနသို့တင်ပြရမည်ဖြစ်ကြောင်း၊ ထိုစာရင်းကို ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ မြန်မာ သံရုံးကိုပေးပို့ပြီး ထိုမှတဆင့် မြန်မာစစ်အစိုးရမှ လက်ခံကာ၊ နိုင်ငံသားဟုတ်မဟုတ် စိစစ်သွား မည်ဖြစ်ကြောင်း သိရသည်။

၂။ တရားဝင်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအစီအစဉ်တွင် ပထမအဆင့်ဖြစ်သော နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်သည် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အလွန်အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော မြန်မာရွှေ့ပြောင်း အလုပ်သမားများ အများစုနှင့်၊ ထိုင်းနိုင်ငံရောက် မြန်မာတိုင်းရင်းသားအများစုတို့မှာနိုင်ငံသားစိစစ်ရေးကတ်ပြား မရှိကြဘဲ ရွှေ့ပြောင်းလာရောက်အလုပ်လုပ်နေကြပေသည်။ ထို့ပြင် ထိုင်းအလုပ်သမားရှာဖွေရေးရုံးမှ ထုတ်ပေးသော မြန်မာအလုပ်သမားများ ဖြည့်စွက်ရမည့်ပုံစံ၌လည်း အဓိကသတိပြုရမည့်အချက်မှာ နိုင်ငံသားစိစစ်ရေးကဒ်နံပါတ်ဖြစ်သည်။ ထို့ကြောင့် မြန်မာစစ်အစိုးရအနေဖြင့် ထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် မြန်မာတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကဒ်ထုတ်ပေးရေးအစီအစဉ်ကို ဦးစွာလုပ်ဆောင်ရန် လိုအပ်ပေသည်။

၃။ နိုင်ငံသားဖြစ်ခြင်းကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေ (ဥပဒေအမှတ်–၄/၈၂) အရ ဆုံးဖြတ်ရပါသည်။ ယင်းဥပဒေနှင့်အညီ သတ်မှတ်ခြင်းခံရသည့် နိုင်ငံသားများ၊ နိုင်ငံသားဖြစ်သွားကြမည့် ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကို နိုင်ငံသားစိစစ်ရေးကဒ် ထုတ်ပေးရမည်မှာ မြန်မာစစ်အစိုးရ၏ တာဝန်ဖြစ်သည်။

၄။ ထို့ကြောင့် မြန်မာစစ်အစိုးရအား အောက်ပါအချက်အလက်များကို အမြန်ဆုံးအကောင်အထည်ဖေါ်ပေးပါရန် တောင်းဆိုလိုက်ပါသည်။

(၁) ထိုင်းနိုင်ငံ ရောက်ရှိနေသောမြန်မာရွှေ့ပြောင်းအလုပ်သမားများအပါအဝင် မြန်မာတိုင်းရင်းသားများကို ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်မဖြစ်စိစစ်ပြီး တရားဝင်နိုင်ငံသား စိစစ်ရေးကတ်ပြားများ အမြန်ဆုံးထုတ်ပေးရန်၊

(၂) ထိုသို့လုပ်ဆောင်ရာတွင် လာဘ်စားမှု၊ ချစားမှုမရှိအောင် တိကျစွာအကောင်အထည်ဖေါ်ရန်နှင့် လုပ်ငန်းစဉ်ကို တပြည်လုံးသိအောင်ကြေငြာရန်၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြားများအပေါ် အခြေခံပြီး ရွှေ့ပြောင်းအလုပ်သမားများအတွင်း တရားဝင်နိုင်ငံကူးလက်မှတ်များ ထုတ်ပေးရန်၊

နေ့စွဲ။ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်

မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ လှုပ်ရှားမှတ်တမ်း

ပြည်ထောင်စုဥပဒေအကယ်ဒမီကျောင်း အမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနား မှတ်တမ်း
(၂၀၀၉ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၂ ရက်)

ဦးသန်းနိုင်ထွေး

၁။ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကြီးမှူးဖွင့်လှစ်သော ပြည်ထောင်စုဥပဒေအကယ်ဒမီကျောင်း အမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားကို မဲဆောက်၊ မယ်ကုကျေးရွာရှိ မြန်မာနိုင်ငံရှေ့နေများကောင်စီဥပဒေသင်တန်းကျောင်းခန်းမတွင် ပြုလုပ်ခဲ့သည်။ ၂၀၀၉ ခုနှစ် ဖေဖေါ်ဝါရီလ ၁၂ ရက်နေ့နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ကျင့်ပပြုလုပ်သော ပြည်ထောင်စုဥပဒေ အကယ်ဒမီအမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားကို မဲဆောက်ရှိ မြန်မာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ထိုင်းထောက်လှမ်းရေးညှိသည်များ၊ သတင်းထောက်များ၊ အမှတ်စဉ် (၂)ကို တက်ရောက်မည့် ကျောင်းသူကျောင်းသား များနှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ တာဝန်ရှိသူများ စုစုပေါင်း လူဦးရေ (၉၀)ဦး ခန့် တက်ရောက်ကြပါသည်။

၂။ အခမ်းအနားတွင် သဘာပတိအဖွဲ့အဖြစ် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဥက္ကဋ္ဌ ဦးသိန်းဦး၊ အထွေထွေအတွင်း ရေးမှူး ဦးအောင်ထူး၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးကြီး ခွန်ဥက္ကာ၊ ရခိုင်အမျိုးသားခေါင်းဆောင်ကြီး ဦးခိုင်စိုးနိုင်အောင်၊ ပြည်ထောင်စု အမျိုးသား ကောင်စီ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်၊ တွဲဖက်အတွင်းရေးမှူး ဦးခွန်မြင့်ထွန်း

တို့ဖြစ်ကြပြီး၊ အခမ်းအနားမှူးများအဖြစ် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဒေါ်မိုးမိုးအောင်နှင့် နမ့်ဆန်ရှာဖောင်တို့မှ ပူးတွဲဆောင်ရွက်ပါသည်။

၃။ အခမ်းအနားကို နံနက် ၁၀ နာရီတွင် စတင်ပြီး အခမ်းအနားမှူးများမှ အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြကာ အခမ်းအနားကို ဖွင့်လှစ်ကြောင်းကြေငြာသည်။ ထိုအခမ်းအနားအစီအစဉ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆောင်ရွက်ခဲ့သည်။

၄။ အစီအစဉ်အရ မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဦးမှ အဖွင့်အမှာ စကားပြောကြားရာတွင် တက်ရောက်လာသော သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ၁၉၄၇ ပင်လုံညီလာခံတွင် တိုင်းရင်းသားအား တန်တူညီမှုရှိ ရေး၊ ပြည်ထောင်စုစိတ်ဓါတ်ဖြင့် တခုတည်းသော ပြည်ထောင်စုတည်ဆောက်ရန် ရည်ရွယ်ခဲ့သော် လည်း ၁၉၄၈ နောက်ပိုင်း လွတ်လပ်ရေးရပြီးခေတ် ပြန်ကြည့်လျှင် အကြောက်တရားအောက်တွင် တိုင်းရင်းသားများ နေထိုင်နေရသည်ကို ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့ကြောင်း၊ ဒုတိယလွတ်လပ်ရေးအတွက် အာဏာရှင်အား တိုက်ပွဲဝင်နေရကြောင်း၊ သမိုင်းပေးတာဝန်အရ သစ်လွင်သောအတွေး အခေါ်များနှင့် ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့တဲ့ ပြည်ထောင်စုကြီးပေါ်ပေါက်ရေးအား ယနေ့ လို နေ့ထူးနေ့မြတ်မှာ သံဒိဋ္ဌာန်ချ ဆောင်ရွက်အကောင်အထည်ဖော်တာဖြစ်ကြောင်း၊ လူသား အရင်းအမြစ်များလိုအပ်သလို အသိပညာ အတတ်ပညာများလည်း လိုအပ်ကြောင်း၊ အခြေခံ စနစ်ကောင်းမှ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး တည်ဆောက် နိုင်မှာဖြစ်ကြောင်း၊ မျိုးဆက်သစ် များအနေဖြင့် ပခုံးပြောင်းတာဝန်ထမ်းဆောင်ဖို့ တာဝန်ရှိသည့်အတွက် ခေါင်းဆောင် ကောင်း များ၊ အရည်အချင်းရှိတဲ့ လူငယ်များကို မွေးထုတ်ပေးဖို့လိုအပ်ကြောင်း၊ ပြည်တွင်းမှာလုပ်ဖို့ အခြေအနေမပေးတာကြောင့် အခုလိုနေရာမှ သင်တန်းဖွင့်ပေးတာဖြစ်လို့ သင်တန်းသားများ အနေဖြင့် သမိုင်းပေးတာဝန်တရပ်လို့ ခံယူပြီး ကြိုးစားသင့်ပါကြောင်း၊ စွမ်းဆောင်မှုပြည့်ဝစွာရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို စစ်တပ်ဗိုလ်ချုပ်များ မယှဉ်နိုင်ဘဲ ကြောက်ရွံ့နေကြကြောင်း၊ အိုင်ယာလန်မှာတုန်းက နိုဘယ်ဆုရှင် အမျိုးသမီးတစ်ယောက်က သူ့ရဲ့ Role Model ဟာ ဒေါ်စုဖြစ်တဲ့အကြောင်း ပြောပြတာ ကြားခဲ့ရကြောင်း၊ သင်တန်းသားတွေ အလေးပေးပြောလို တာက မဖြစ်နိုင်တာ မရနိုင်တာ မရှိကြောင်း၊ အရည်အချင်းပြည့်ဝရင် ပြည်တွင်းအတွက် အကျိုးရှိကြောင်း၊ စည်းကမ်းတင်းကြပ်ထားပေမဲ့ သင်တန်းမှာ ညီအကို မောင်နှမစိတ်ဓါတ်နဲ့ တာဝန်တရပ်လိုခံယူပြီး သင်ယူပါလို့ အလေးအနက်မှာကြားလိုကြောင်း ပြောကြားသွားပါ သည်။

၅။ ဆက်လက်ပြီး အစီအစဉ်အရ ရှေ့နေတဦးဖြစ်သော အမေရိကန်လူမျိုး Mr. Stew မှ ပြည်ထောင်စုဥပဒေ အကယ်ဒမီကျောင်း အမှတ်စဉ်(၁) ၂၀၀၆–၂၀၀၇ နှင့်ပတ်သက်၍ လုပ် ရှားဆောင်ရွက်ခဲ့မှုများ၊ ပညာသင်ကြားပေးခဲ့သူများ၊ စသည်များကို ဓါတ်ပုံထိုးပြ၍ ရှင်းလင်း ပြောကြားခဲ့ပါသည်။ ဒါ့အပြင် အမှတ်စဉ် (၂)တွင် ဆောင်ရွက်မည့်အစီအစဉ်များကို လည်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၆။ အစီအစဉ်အရ ပြည်ထောင်စုအမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မှ နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ယခုလိုတော်လှန်ရေးကာလမှာ ဒီသင်တန်းမျိုးပေါ်ပေါက်လာအောင် ပံ့ပိုးပေးတဲ့ မြန်မာနိုင်ငံရှေ့နေများကောင်စီ အကြီးအကဲများကို လေးစားကြောင်း၊ အကြီးအကဲတွေရဲ့ ဦးတည်မျှော်မှန်းချက်တွေကို အသက်အရွယ်ကွာ ခြားမှုအရ သင်တန်းသား၊ သူများ အပြည့်အဝနားလည်းချင်မှ နားလည်ဦးမှာဖြစ်ကြောင်း၊ ဒီမိုကရက်တစ်လူ့အသိုင်းအဝိုင်းနှင့် ဖက်ဒရယ်စနစ်အတွက် ကြိုးစားဆောင်ရွက်နေတဲ့နေရာမှာ တရားဥပဒေစိုးမိုးရေးပေါ်ထွန်းလာရန်နှင့် ထိမ်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ လူငယ်

တွေမှာ ပုခုံးပြောင်းတာဝန်ယူပြီး အသိဉာဏ်ပြည့်စုံလာလျှင် အနာဂါတ်အတွက် အသုံးဝင်ကြောင်း၊ ဒါကြောင့် ယခုလို သင်တန်းမျိုးပေးတာဖြစ်ကြောင်း၊ သင်တန်းဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ခေါင်းဆောင်များ အခက်အခဲအများကြီး ရင်ဆိုင်ရတာကို သူတို့မထုတ်ဖော်ပေမယ့်လည်း သိရှိကြောင်း၊ ဒါကြောင့် သင်တန်းသားတွေအနေနဲ့လည်း လေးနက်တဲ့ရည်ရွယ်ချက်တွေကိုသိရှိပြီး အနာဂါတ်မှာ ထမ်းဆောင်ရမည့်တာဝန်တွေကို မျှော်မှန်းပြီး ကြိုးကြိုးစားစားသင်ယူသင့်ကြောင်း မှာကြားခဲ့ပါသည်။

၇။ ဆက်လက်ပြီး ရခိုင်အမျိုးသားခေါင်းဆောင်ကြီး ဦးခိုင်စိုးနိုင်အောင်မှ အမှာစကားပြောကြားရာတွင် ၈၈ အရေး အခင်းကြီးဖြစ်ပြီး စစ်တပ်မှအာဏာသိမ်းခဲ့ပြီး ယခုလို ပြည်ထောင်စုဥပဒေအကယ်ဒမီကျောင်းပေါ်ပေါက်လာတာဟာ ၈၈ ရဲ့ရလာဒ်တခုသာ ဖြစ်ကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်တဲ့အခါမှာ အကျိုးရှိစွာ အသုံးချနိုင်မှာဖြစ်ကြောင်း၊ **NDF** ကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ ဥပဒေစိုးမိုးရေးဟာ အရေးကြီးကြောင်း၊ အစိုးရမှာ တာဝန်ရှိပေမယ့် အစိုးရဟာ ပြည်သူ့ဆန္ဒအရ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရတော့ ဖြစ်ဖို့လိုကြောင်း၊ ယခုမှာ စစ်တပ်မှ အာဏာသိမ်း ထားကြောင်း၊ ယခုသင်တန်း သားများမှာ ဥပဒေစိုးမိုးရေးကို ယုံကြည်လက်ခံပြီး၊ ပြည်တွင်းမှာ ပြန်ပြီးအသုံးချနိုင်အောင် ကြိုးစား စေချင်ကြောင်း တော်လှန်ရေး နယ်မြေမှာ

ဥပဒေသင်တန်းတက်ရတာဟာ အခွင့်အရေးတခုဖြစ်ကြောင်း၊ အဖွဲ့အစည်း လက်နက်ကိုင် ဘယ်ကဘဲလာလာ ဘယ်ကဘဲ လာတက်တက် အသိစိတ်နဲ့ တာဝန်ရှိစိတ်ကို နှလုံးပိုက်ပြီး တက်ရောက်သင်ကြားဖို့ လိုအပ်ကြောင်း၊ ဒါမှသာ အကျိုးရှိမှာဖြစ်ကြောင်း၊ စုပေါင်းနေထိုင်မှုတွင် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရာတွင် သာတူညီမျှ တန်းတူညီတူ အပြန်အလှန်အသိအမှတ်ပြုမှု သိပ်အရေး ကြီးကြောင်း၊ ခွဲထွက်တာ ဖက်ဒရယ်မစစ်လို့ ဖြစ်တယ်၊ ဖက်ဒရယ်စစ်ရင် ခွဲမထွက်ဘူးလို့ ပညာရှင်တွေပြောကြားကြောင်း၊ ယခု ဒီကျောင်းဟာ တော်လှန်ရေးက လုပ်ဆောင်ပေးလိုက် တာလို့ ပြောလို့ရနိုင်ကြောင်း၊ စစ်မှတ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာအောင် မိမိရဲ့အသိပညာ အတတ်ပညာနဲ့ ဝိုင်းဝန်းလုပ်ဆောင်မယ်ဆိုတဲ့ စိတ်ဓါတ်နဲ့ သင်တန်းတက် ရောက်ကြပါလို့ ပြောကြားလိုကြောင်း မှာကြားခဲ့ပါသည်။

၈။ အစီစဉ်အရ မြန်မာနိုင်ငံရှေ့နေများကောင်စီ အလုပ်အမှုဆောင် ဦးမြင့်သိဏ်းမှ နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၀၆-၂၀၀၇ သင်တန်းအတွေ့အကြုံအရ မိမိအနေဖြင့် ယခုသင်တန်းကို ကြီးကြပ်အုပ်ချုပ်သွားမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှေ့နေများကောင်စီဟာ ၁၉၉၄ ခု မာနပလောမှာ ရှေ့နေ ၁၁ ဦးနဲ့ စဖွဲ့ခဲ့တာဖြစ်ကြောင်း၊ ယခု ဒီအကျိုးဆက်ကြောင့် ယခုလို သင်တန်းမျိုး ဖွင့်နိုင်ခဲ့ကြောင်း၊ လွတ်မြောက်နယ်မြေဘဲဖြစ်ဖြစ်၊ ပြည်တွင်းမှာဘဲဖြစ်ဖြစ် ဥပဒေပိုင်းအရ မှားယွင်းမှုတွေရှိရင် ပြုပြင်ပေးရန်လိုကြောင်း၊ ယခု ဥပဒေအသိပညာကို လူပေါင်း ၃၀၀၀ ကျော်လောက် ဖြန့်ဝေပြီးဖြစ်ကြောင်း၊ သုံးပုံမှာ တစ်ပုံက ပြည်တွင်း၊ တစ်ပုံက အဖွဲ့ အစည်း၊ တစ်ပုံက ကင်းကွာနေပေမဲ့ အသိပညာတော့ရသွားသည့်အတွက် အောင်မြင်တယ်ဟု ဆိုနိုင်ကြောင်း၊ ဖြစ်ခဲ့ဘူးတဲ့အတွေ့အကြုံအရ ယခုသင်တန်းမှာ စည်းမျဉ်းစည်းကမ်းတွေ ချမှတ် မှာဖြစ်ကြောင်း သင်တန်းသားတွေရဲ့ စားဝတ်နေရေး၊ ပညာသင်ကြားရေးကို ၂ နှစ်တာ ကာ လမှာ အပြည့်အဝ တာဝန်ယူထားလို့ ပြဿနာ မဖြစ်အောင်လည်း ကာကွယ်ရမှာဖြစ်ကြောင်း၊ ပထမအပတ်စဉ်မှာ ကျောင်းသားတွေဟာ လက်မခံဘဲ ငိုတဲ့အထိကြုံခဲ့ရပေမယ့် နောက်ပိုင်းတွင် နားလည်လက်ခံသွားကြောင်း၊ ရည်မှန်းချက် ထိခိုက်ရတဲ့ အဖြစ်မျိုးတွေလည်း စိတ်မကောင်း စွာကြုံတွေ့ရကြောင်း ဥပမာများနှင့် ရှင်းလင်းသွားပါသည်။ ယခု ဒုတိယအသုတ် အင်တာဗျူး ဖြေသူ ၆၀ ကျော်ထဲက ၂၅ ယောက် ရွေးရာ မိန်းကလေး ၁၃ ယောက် ယောကျ်ားလေး ၁၂ ယောက်ပါကြောင်း၊ ပထမအပတ်စဉ်လောက် ငွေကြေးမပြည့်စုံသော်လည်း သင်တန်းသားများ ဘာမှမပူပင်ရန်နှင့် အဆင်ပြေအောင် စီစဉ်ပေးမှာဖြစ်ကြောင်း၊ ယခုသင်တန်းဖွင့်ပွဲတွင် ဝမ်းပမ်း တသာရှိသလို နောက် ၂ နှစ် သင်တန်းဆင်းပွဲတွင်လည်း ပြုံးပြုံးရွှင်ရွှင်ဖြင့် တွေ့မြင်လိုကြောင်း ပြောကြားသွားခဲ့သည်။

၉။ ဆက်လက်ပြီး ဗိုလ်မှူးကြီးခွန်ဥက္ကာမှ နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှာစကား ပြောကြားရာတွင် ပြည်တွင်းမှာ ဒီနေ့ကို ပြည်ထောင်စုနေ့လို့ သတ်မှတ်သော်လည်း ပြည်ပမှာ ပင်လုံစာချုပ်နေ့ဆိုပြီး ပြောကြလို့ NCUB ကဝင်ပြီး ပြည်ထောင်စုနေ့လို့ဘဲ သတ်မှတ်ပြီးကျင်းပ ပါလို့ ဖြေရှင်းပေးခဲ့ရကြောင်း၊ ယခုကျောင်းကိုလည်း ထိုင်းနိုင်ငံရဲ့ Migrant School အဖြစ်သတ် မှတ်ခဲ့တာကို ထိုင်းတွေနားမလည်မှာစိုး၍ ပြည်ထောင်စုကို Peace လို့ပြောင်းပေးပြီး သတ်မှတ် ခဲ့ရ တာဖြစ်ကြောင်း၊ ဒီကျောင်းဟာ တော်လှန်ရေးက ပေါက်ဖွားလာတယ်လို့ ပြောတာမများ

ပေမဲ့ မမှန်ဘူးလို့ပြောလိုကြောင်း၊ မြန်မာနိုင်ငံရှေ့နေများကောင်စီက ပေါက်ဖွားလာတယ်ဆိုရင် ပိုမိုမှန်ကန်ပါကြောင်း၊ ၁၉၉၄ မာနပလောမှာ ရှေ့နေ ၁၁ ယောက်နဲ့ စခဲ့တဲ့အကျိုးဆက်ရလဒ် ဖြစ်ကြောင်း၊ ယခုမှာ ပြည်သူ့ဝန်ထမ်းဖြစ်ရမည့် စစ်တပ်က လက်နက်အားကိုးနဲ့ ဝန်ထမ်းမလုပ်ဘဲ သခင်နေရာဝင်လုပ်နေကြောင်း၊ ၎င်းတို့ကို လက်နက်နှင့် ခုခံကာကွယ်ရမှာဖြစ်သလို စစ်အစိုးရ ချိုးဖောက်တဲ့ ဥပဒေတွေကို ထောက်ပြပြောဆိုနိုင်ဖို့ ဥပဒေပညာတတ်များရှိဖို့လိုအပ်ကြောင်း၊ စစ်အစိုးရဟာ မညံ့တာကို တွေ့ရကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေမှာ စစ်တပ်နေရာအခိုင်အမာ လုပ်လာတာတွေ့ရကြောင်း၊ ၂၀၁၀ မှာ အပြီးအပိုင်ပျက်အောင် ဖျက်ရမှာဖြစ်ကြောင်း၊ တော်လှန်ရေးနယ်မြေက ခေါင်းဆောင်များကို မေတ္တာရပ်ခံချင်တာက မြန်မာနိုင်ငံရှေ့နေများ ကောင်စီရဲ့ အလုပ်တာဝန်သက်သက်သာမဟုတ်ဘဲ အားလုံးရဲ့တာဝန်လို့ သဘောထားကြပြီး ပံ့ပိုးကူညီကြဖို့ မေတ္တာရပ်ခံကြောင်း ပြောကြားသွားပါသည်။

၁၀။ အစီအစဉ်အရ ပြည်ထောင်စုဥပဒေအကယ်ဒမီကျောင်း အမှတ်စဉ်(၁)၊ ၂၀၀၆–၂၀၀၇ ကျောင်းသားဟောင်းများ ဖြစ်ကြသော နိုင်လဝီအောင်နှင့် မမြတ်မြတ်အောင်တို့မှ တက်ရောက်ခဲ့ရသည့် ကျောင်းအတွေ့အကြုံများကို ပြောကြားပြီး၊ ကျောင်းသားသစ်များကို အားပေးစကားပြောကြားခဲ့သည်။

၁၁။ ဆက်လက်၍ တက်ရောက်လာသော ဧည့်သည်တော်များထဲမှ ဦးခွန်မြင့်ထွန်း၊ နော်စီဖိုးရာစိန်၊ ဦးမြင့်စိုး၊ နိုင်သောင်းရှိန်စသည့် ခေါင်းဆောင်များမှ ကျောင်းသူကျောင်းသား များအား အားပေးစကားပြောကြားခဲ့ပါသည်။

၁၂။ အစီအစဉ်အရ မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးမှ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တက်ရောက်လာသော ခေါင်းဆောင်များအား ကျေးဇူးတင်ကြောင်း၊ အထူးသဖြင့် တော်လှန်ရေးလိုအပ်ချက်အရ ဒီကျောင်းပေါ်ပေါက်လာတာကို အသိအမှတ်ပြုလို့ ဝမ်းသာကြောင်း၊ နော်စီဖိုးရာစိန် ပြောခဲ့သလို မိန်းကလေးများကို ပိုမိုရွေးချယ်သည့်မူကို ချမှတ် ခဲ့ခြင်းကြောင်း ယခုတိုင်းရင်းသား ပေါင်းစုံမှ မိန်းကလေး ၁၃ ဦးနှင့် ယောက်ျားလေး ၁၂ ဦးကို ရွေးချယ်ခဲ့ ကြောင်း၊ လူမျိုး ၁၀ မျိုးပါဝင် ကြောင်း၊ ဥပဒေ အကယ်ဒမီ ကျောင်းကို အမေရိကန်ပါ မောက္ခ ၂ ဦး၊ အင်္ဂလန်မှ ၁ ဦး၊ ဆွီဒင်မှ ၁ ဦး၊ ဂျပန်မှ ၁ ဦး လာ ရောက်ပို့ချရန် စီစဉ်ထားကြောင်း၊ ဟောင်ကောင်နှင့် ထိုင်းမှလည်း လာရောက်ပို့ချရန် စီစဉ် ကြိုးပမ်းနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ ၂၀၀၇ ခုနှစ် သံဃအရေး အခင်းအပြီး အာဆီယံဥက္ကဋ္ဌပြောတဲ့ ဗမာပြည်မှာ စစ်တပ်ရှိလို့ တည်ငြိမ်နေတာ ဆိုတာကို စိတ်မကောင်းစွာ ကြားခဲ့ရကြောင်း၊ ၎င်းတို့ကို ဖယ်ရှားနိုင်ဖို့ ၎င်းတို့ထက်ကြီးတဲ့စစ်တပ်ကို ဖွဲ့စည်းရန် မဖြစ်နိုင်ကြောင်း၊ ဒါကြောင့် နအဖ ချိုးဖောက်နေတဲ့ ကိစ္စတွေကို ဥပဒေကြောင်းအရ ရင်ဆိုဖို့ ဥပဒေပညာပြန့်ပွားအောင် လုပ်နေတာဖြစ်ကြောင်း၊ Stew ပြောခဲ့သလို ကမ္ဘာမှာ အသင့်ပြင်ပြီးသားထမင်းကို လက်ဆေးစားရုံ၊ လုံခြုံရေးကိုလည်း တာဝန်ယူပေးထားသော ကျောင်းမရှိသေးကြောင်း၊ ယခု ပြည်ထောင်စုဥပဒေကျောင်းမှာ အားလုံးအသင့် လုပ်ပေးထား ကြောင်း၊ ဥပဒေဆိုင်ရာ လူမှုအဖွဲ့အစည်းတည်ဆောက်နိုင်ရန် ရည်မှန်းချက်ကြီးမား၍ စိတ်ဓါတ် စည်းကမ်းကောင်းကောင်းနှင့် တက်ရောက်ကြရန် မှာကြားလိုကြောင်း၊ တော်လှန်ရေးနယ်မြေမှ ခေါင်းဆောင်များကလည်း မိမိတို့ရဲ့အတွေ့အကြုံများကို လာရောက်ပို့ချပေးစေလိုကြောင်း၊ ဒါမှသာနိုင်ငံရေးအတွေးအခေါ် မြင့်တက်လာမှာဖြစ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြား ခဲ့ပါသည်။

၁၃။ နောက်ဆုံးအစီအစဉ်အရ အခမ်းအနားမှူးမှ ၂၀၀၉–၂၀၁၀ ပြည်ထောင်စုဥပဒေ အကယ်ဒမီကျောင်း အမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင့်ပပြီးစီးကြောင်း ကြေငြာ၍ အခမ်းအနားကို နေ့လည် ၁၂း၄၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။ ကြွရောက်လာသော ခေါင်းဆောင်များနှင့် ဧည့်သည်တော်များကို နေ့လည်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးခဲ့ပါသည်။

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်

မဲလအူးဒုက္ခသည်စခန်းတွင် ဥပဒေဆိုင်ရာ ရက်တိုသင်တန်းပြုလုပ်ခြင်း

ဦးသန်းနိုင်ထွေး
သင်တန်းဌာန၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်နေ့တွင် မဲလအူးဒုက္ခသည်စခန်း ကော်မတီဥက္ကဌမှ စခန်းအတွင်း တရားဥပဒေစိုးမိုးရေးနှင့် စခန်းတည်ငြိမ်လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်နေသော စခန်းလုံခြုံရေးအဖွဲ့ဝင်များအား လုံခြုံရေးဆိုင်ရာလုပ်ထုံး လုပ်နည်းများကို သိရှိနားလည်းစေရန်နှင့် စနစ်တကျ စီမံဆောင်ရွက်တတ်စေရန်အတွက် မြန်မာနိုင်ငံရှေ့နေများကောင်စီသို့ သင်တန်းတောင်းခံလာခဲ့ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ထိုသင်တန်းကိုလက်ခံ၍ သင်တန်းဆရာများဖြစ်သော ဦးအောင်မြင့်၊ ဦးအောင်အောင်နှင့် ဦးသန်းနိုင်ထွေးတို့မှ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် မဲလအူးဒုက္ခသည် စခန်းသို့ သွားရောက်ခဲ့ပါသည်။ စခန်းသို့ရောက်ပြီးနောက် ၁၆၊ ၁၊ ၀၉ နေ့တွင် စခန်းအုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူ များနှင့် သင်တန်းကိစ္စအပြင် ရှေ့လုပ်ငန်းစဉ်များအတွက် အကြိုဆွေးနွေးပွဲ တခုကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် သင်တန်းဖွင့်ပွဲကိုပြုလုပ်ခဲ့ပါသည်၊ ဖွင့်ပွဲတွင် စခန်းကော်မတီ ဒုဥက္ကဌ၊ တရားရေးဥက္ကဌ၊

ကျန်းမာရေးတာဝန်ခံ၊ စခန်းဒုလုံခြုံရေးမှူးနှင့် မြန်မာနိုင်ငံရှေ့နေများ ကောင်စီမှ သင်တန်းဆရာများ တက်ရောက်ခဲ့ပါသည်။ ဥပဒေဆိုင်ရာ သင်တန်းကို ၁၇၊ ၁၊ ၀၉ နေ့ညနေပိုင်း ဆက်လက်ပြုလုပ်ခဲ့ပါသည်။ ၁၈၊ ၁၊ ၀၉ ရက်နေ့မှ ၂၂၊ ၁၊ ၀၉ ရက်နေ့ နံနက်ပိုင်းထိ ပြုလုပ်ခဲ့ပြီး ပြစ်မှုဆိုင်ရာ ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် လုံခြုံရေးအဖွဲ့ဝင်များ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် တရားမျှတသော တရားခွင် နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

၂၂၊ ၁၊ ၀၉ ရက်နေ့ ညနေပိုင်းတွင် သင်တန်းအခမ်းအနားပိတ်သိမ်းခြင်းကို ကျင်းပခဲ့သည်။ ထိုပိတ်ပွဲတွင် စခန်းကော်မတီ ဥက္ကဌ၊ စခန်းလူမှုရေး တာဝန်ခံ၊ စခန်းတရားရေးဥက္ကဌ၊ စခန်းလုံ

ခြုံရေးမှူး၊ စခန်းကျန်းမာရေးတာဝန်ခံ၊ မြန်မာနိုင်ငံရှေ့နေများကောင်စီကိုယ်စား ဦးအောင်အောင်၊ သင်တန်းသား များကိုယ်စား လုံခြုံရေးဌာနမှ ဖမ်းဆီးရေး တာဝန်ခံ၊ အမျိုးသမီးများကိုယ်စား KWO အဖွဲ့ဝင် စသည် များက သင်တန်းပိတ်အမှာစကားများကို ပြောကြားပြီး သင်တန်းပိတ်ပွဲကို ပြုလုပ်ခဲ့ပါသည်။ သင်တန်းပိတ်ပွဲအပြီးတွင် စခန်းကော်မတီ ဥက္ကဌ၊ ဒုဥက္ကဌ၊ အတွင်းရေးမှူး(၂)၊ စခန်းလူမှုရေးတာဝန်ခံ၊ စခန်းတရားရေးဥက္ကဌ၊ စခန်းလုံခြုံရေးမှူး၊ ဒုလုံခြုံရေးမှူး၊ စခန်းကျန်းမာရေးတာဝန်ခံ၊ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကိုယ်စားလှယ်တို့သည် စခန်းကော်မတီနှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီတို့၏ ရှေ့လုပ်ငန်းစဉ်ကို ဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲတွင် စခန်းအတွင်း တရားရေးနှင့် ဥပဒေများကို ပြန်လည်မွမ်းမံရေးတို့အပြင် စခန်းတိုင်းရှိ တသမတ်တည်းသော ဥပဒေတရပ်ပေါ်ပေါက်လာရေး လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

စာစောင်မှာယူခြင်း

သို့
တာဝန်ခံ
ရုံးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်
လက်မှတ် _ _ _ _ _ _ _ _ _ _ _ _ _ _ _ _
အမည် _ _ _ _ _ _ _ _ _ _ _ _ _ _ _ _
ရက်စွဲ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)

_ _

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊

_ _

မှာယူလိုသည့်စာအုပ်အရေအတွက် (_ _ _)အုပ်။
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက -
အမှတ်စဉ် (_ _ _)၊ အုပ်ရေ (_ _ _) အုပ်။
စာအုပ်ပေးပို့ရမည့်လိပ်စာ

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

_ _

ဤနေရာမှ ဖြတ်ပါ။

ဤအမှာစာကို
Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက်
အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။